မောင်းထောင်သာသနာပိုင်ဟောင်း

မဟာဓမ္မသင်္ကြံ့

# သာမဏေကျော်လေးပါး

## ဝတ္ထု

ဟံသာဝတီ

၁၅၈၆၁

အမရပူရ မြို့တည် နန်းတည် ဘဝရှင်မင်းတရားကြီး
လျှောက်ထား တောင်ပန်အပ်သည်ဖြစ်၍
ဉာဏာဘိဝံသ ဓမ္မသေနာပတိ
မောင်းထောင် သာသနာပိုင်ဆရာတော်
ရေးသား ဆက်သွင်းအပ်သော

# သာမဏေကျော်လေးပါး
# ဝတ္ထု

ရန်ကုန်မြို့
ဟံသာဝတီပုံနှိပ်တိုက်
၁၃၂၄-ခု (သာသနာ-၂၅၀၆) ၁၉၆၂-ခု

ပဌမအကြိမ် ပုံနှိပ်ခြင်း ၁၉၁၆

ထပ်မံပုံနှိပ်ခြင်း ၁၉၆၂

၂၉၄.၃၅၄
ဗဟာဓ
၁၅ ရဲ၁
ခင်-၃
ကို-၆၅

Made and Printed in the Union of Burma
by the Hanthawaddy Press, Rangoon.

☆

ရန်ကုန်မြို့၊ အမှတ် ၅၃၊ နတ်မောက်လမ်းသွယ်ရှိ
ဟံသာဝတီပုံနှိပ်တိုက်အတွက်(မှတ်ပုံတင်အမှတ် ၀၈၄၅၊
၀၈၄၇)ဦးဇော်ဝင်းက ပုံနှိပ်ထုတ်ဝေသည်။

# မာတိကာ


| ဦးရေ | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| နိဒါန်း | | .... | ၁ |
| | ၁-တိဿသာမဏေဝတ္ထု | | |
| အတိတ်အကြောင်း | | .... | ၂၇ |
| ပစ္စုပ္ပန်အကြောင်း | | .... | ၃၀ |
| အရှင်အာနန္ဒာအကြောင်း | | .... | ၅၄ |
| အနုသန္ဓေစပ် တရားတော် | | .... | ၅၇ |
| | ၂-ပဏ္ဍိတသာမဏေဝတ္ထု | | |
| အတိတ်အကြောင်း | | .... | ၆၃ |
| ပစ္စုပ္ပန်အကြောင်း | | .... | ၇၂ |
| အနုသန္ဓေစပ် တရားတော် | | .... | ၉၆ |
| | ၃-သံကိစ္စသာမဏေဝတ္ထု | | |
| သံကိစ္စသာမဏေအကြောင်း | | .... | ၉၉ |
| အနုသန္ဓေစပ် တရားတော် | | .... | ၁၁၇ |
| အဓိမုတ္တက သာမဏေအကြောင်း | | .... | ၁၂၀ |
| | ၄-သုမနသာမဏေဝတ္ထု | | |
| အတိတ်အကြောင်း | | .... | ၁၂၃ |
| အရှင်အနုရုဒ္ဓါ၏ ပစ္စုပ္ပန်အကြောင်း | | .... | ၁၃၁ |
| သုမနသာမဏေ၏ ပစ္စုပ္ပန်အကြောင်း | | .... | ၁၃၇ |
| အနုသန္ဓေစပ် တရားတော် | | .... | ၁၅၅ |
| နိဂုံး | | .... | ၁၅၇ |



# နိဒါန်း

## ပဋိညာဉ်

အတုမရှိ သိမ်မွေ့နက်နဲ ခွဲခြမ်းထိုးထွင်းနိုင်သောပညာတော်ဖြင့် ဘုရား, ပစ္စေကဗုဒ္ဓါ, အရိယာသူတော် ကောင်းတို့၏ ဂုဏ်ကျေးဇူးအထူးကို ဆင်ခြင် ဆွေးနွေးလေ့ရှိတော်မူသော လက်နက် စကြာသခင် ဆင်ဖြူများရှင် အရှင်ဘဝရှင် မဟာဓမ္မရာဇ်တရားမင်းကြီး၏ အမိန့် တော်ကို တိုင်တည်၍သာမဏေကျော် လေးပါးတို့ ဂုဏ်ကျေးဇူးဝတ္ထုအဒ္ဒုပ္ပတ္တိများကို ဓမ္မပဒစသော ကျမ်းဂန်လာအတိုင်း ပဋိညာဉ်, ဥပမာ,ဟိတ်,ဥဒါဟရုဏ်,နိဂုံး-ဟူသော စကားအစိတ်အဖြာ အင်္ဂါငါးပါးဖြင့် တန်ဆာဆင်၍ ဆိုပေအံ့။

## ဝေနေယျအလိုဟောချတ်တော်မူခြင်း

ဝေနေယျတို့ကို အဇ္ဈာသယနှင့် လျော်စွာ ဓမ္မဒေသနာပြုတော်မူ၍ ချေချွတ်တော်မူသော သဗ္ဗညုဘုရားကား ဝေနေယျတို့၏ အဇ္ဈာသယ များပြားသည်ဖြစ်၍ အထူးထူးအပြားပြား ဆန်းဆန်း ကြွယ်ကြွယ် ဓမ္မဒေသနာ ပြုတော်မူ၏၊ ဝတ္ထုသုတ်, ပါရိဆတ္တကောပမသုတ်, အဂ္ဂိက္ခန္ဓောပမသုတ်များ၌ ဥပမေယျ အနက်ဖြင့် ဥပမာကို ခြံရံ၍ ဓမ္မဒေသနာပြုတော်မူ၏၊ ဝေလာမသုတ်, သုဝဏ္ဏကာရသုတ်,သူရိယောပမသုတ် များ၌ ဥပမာဖြင့် ဥပမေယျ အနက်ကို ခြံရံ၍ ဓမ္မဒေသနာပြုတော်မူ၏၊ ဤသို့ဓမ္မဒေသနာ ပြုတော်မူခြင်းဖြင့် တရားကို သိလွယ်စိမ့်သောငှါ ဝေနေယျတို့၏ အဇ္ဈာသယနှင့် လျော်စေသတည်း။

သဗ္ဗညု ဘုရားသခင်တို့၏ သဘောတော်သည် "ဗုဒ္ဓေါ ဗောဓေယျံ"စသည်ဖြင့် ဘုရားဆုကို တောင်းရင်းကပင် ဝေနေယျတို့၏ အကျိုးစီးပွါးကိုသာ မြော်ရှုခြင်းရှိရကား ဝေနေယျတရားကို သိအံ့သော အကြောင်း ထင်လျှင် ကိုယ်တော်တွင် လက္ခဏာ ကြီး,ငယ်ကိုသော်လည်းပြ၍ ချေချွတ်တော်မူသည်၊ ဗာလဇနတို့ပင် လျှို့ဝှက် အပ်သော မဟာပုရိသနိမိတ်ကိုသော်လည်းပြ၍ ချေချွတ်တော်မူသည်၊ နှလုံးသားကိုသော်လည်း ထုတ်ပြ၍ ချေချွတ်တော်မူသည်၊ ဤသို့လျှင် ဝေနေယျတို့၏ အကျွတ်တရားကို တောင့်တ တော်မူသည်ဟူ၍ ထိုထိုကျမ်းဂန်များ၌ ဆိုသတည်း။

## ဥပမာဆောင်၍ဟောချတ်တော်မူခြင်း

ဤသို့ အထူးထူး အပြားပြား ဆန်းဆန်း ကြယ်ကြယ် ပမာ,ပမည်းဆောင်၍ ဓမ္မဒေသနာ ပြုတော်မူရာ၌ ကေသရရာဇာ ခြင်္သေ့မင်းသည် သားတကာတို့ကို နှိပ်နင်းတုန်လှုပ်စေသကဲ့သို့ သာသနာပ တိတ္ထိတို့ကို နှိပ်နင်းတော်မူတတ်သော အဖြစ်, မဟာကပ် အထောင် အသောင်းမက အသက်ရှည်သော ဗြဟ္မာကြီးတို့ကိုပင်လည်း အနိစ္စအစရှိသော တရားစကားဖြင့် တုန်လှုပ်စေနိုင်သော အဖြစ်ကိုပြခြင်းငှါ သီဟနာဒသုတ်,သီဟောပမသုတ်များ၌ ကိုယ်တော်ကို ကေသရရာဇာ ခြင်္သေ့မင်း ဥပမာဖြင့် ဆောင်တော်မူ၏။

ဆင်ဆရာ,မြင်းဆရာတို့သည် ဆုံးမကောင်းသော ဆင်, မြင်းတို့ကိုဆုံးမဘိသကဲ့သို့ ဆုံးမထိုက်သောအဖြစ်,ယဉ်ကျေးစေနိုင်သော အဖြစ်ကို ပြခြင်းငှါ ကေသီအဿဒမ္မကာ သုတ်

များ၌ ကိုယ်တော်ကို ဆင့်မြင်းဆရာကြီး ဥပမာဖြင့် ဆောင်တော်မူ၏။

ဆေးသမားတို့သည် ဆူးငြောင့် စသောအနာရောဂါတို့ကို နုတ်ပယ်သကဲ့သို့ ကိလေသာတို့ကို နုတ်ပယ် တတ်သော အဖြစ်, ကိလေသာမှ ငြိမ်းစေတတ်သော အဖြစ်ကို ပြခြင်းငှါ ကေနိယသုတ်, အဂ္ဂိတ္တရ အင်္ဂုတ္တရ ကနိပါတ်များ၌ကိုယ်တော်ကို ဆေးသမားကြီး ဥပမာဆောင်တော်မူ၏။

လူသုံးပါးထက် မြတ်တော်မူသောအဖြစ်,သမာပတ်ချမ်းသာခံစားတော်မူတတ်သော အဖြစ်ကိုပြခြင်းငှါ သေလသုတ်, ဇာတကသုတ်များ၌ ကိုယ်တော်ကိုဗြဟ္မာကြီး ဥပမာဆောင်တော်မူ၏။

ဓမ္မစက်ကို လည်စေတော်မူတတ်သော အဖြစ်, တရားရတနာနှင့်ပြည့်စုံတော်မူသောအဖြစ်ကိုပြခြင်းငှါ ဗောဇ္ဈင်္ဂသံယုတ်, သေလသုတ်များ၌ကိုယ်တော်ကိုစကြာဝတေးမင်းဥပမာဖြင့် ဆောင်တော်မူ၏။

**စကြာမင်း၏ရတနာနှင့်ဘုရား၏ရတနာ**

စကြဝတေးမင်းနှင့် သဗ္ဗညုဘုရားတူတော်မူဟန်ကား—

စကြဝတေးမင်းသည် ရတနာခုနစ်ပါးနှင့် ပြည့်စုံသကဲ့သို့ သဗ္ဗညုဘုရားလည်း ရတနာ ခုနစ်ပါးနှင့် ပြည့်စုံတော်မူ၏။

စကြဝတေးမင်း၏ စကြာရတနာသည်ကြွင်းသော ရတနာခပ်သိမ်းတို့၏ လက်ဦးရှေ့သွားဖြစ်သကဲ့သို့ သတိသမ္ဗောဇ္ဈင်သည် ကြွင်းသောစတုဘုမ္မက တရားခပ်သိမ်းတို့၏ လက်ဦးရှေ့သွား ဖြစ်သောကြောင့် စကြာရတနာနှင့် တူသတည်း။

စကြာဝတေးမင်း၏ ဆင်ရတနာသည်ကြီးကျယ်သော လုံးရပ်သဏ္ဌာန်ရှိသကဲ့သို့ဓမ္မဝိစယသမ္ဗောဇ္ဈင်သည် ကြီးကျယ်ပြန့်ပြော စွာ ဖြစ်သောကြောင့် ဆင်ရတနာနှင့် တူသတည်း။

စကြာဝတေးမင်း၏ မြင်းရတနာသည် ပေါ့ပါး လျင်မြန်သကဲ့သို့ ဝီရိယသမ္ဗောဇ္ဈင်သည် ပေါ့ပါး လျင်မြန်စွာ ဖြစ်သောကြောင့် မြင်းရတနာနှင့်တူသတည်း။

စကြာဝတေးမင်း၏ ပတ္တမြား ရတနာသည် ထက်ဝန်းကျင်တယူဇနာ အမိုက်ကိုဖျောက်၍ အလင်းကို ပြသကဲ့သို့ ပီတိသမ္ဗောဇ္ဈင်သည် ကိလေသာ ဟူသော အမိုက်ကိုဖျောက်၍ ပညာဟူသော အလင်းကို ပြတတ်သောကြောင့် ပတ္တမြား ရတနာနှင့် တူသတည်း။

စကြာဝတေးမင်း၏ မိဖုရားရတနာသည် ကိုယ်စိတ် ပူပန်ခြင်း, နွမ်းနယ်ခြင်းကို ဖျောက်သကဲ့သို့ ပဿဒ္ဓိ သမ္ဗောဇ္ဈင်သည် ကိုယ်စိတ်ပူပန်ခြင်း, နွမ်းနယ်ခြင်းကိုဖျောက်တတ်သောကြောင့် မိဖုရားရတနာနှင့် တူသတည်း။

စကြာဝတေးမင်း၏ သူဌေးရတနာသည် အလိုရှိတိုင်းသောအခါ၌ ဥစ္စာဘဏ္ဍာကိုပေး၍ တည်ကြည်ခြင်းကို ပြုသကဲ့သို့ သမာဓိ သမ္ဗောဇ္ဈင်သည် အလိုရှိတိုင်း, အလိုရှိတိုင်းသော အပ္ပနာစျာန်ကိုပေး၍ တည်ကြည်ခြင်းကို ပြုတတ်သောကြောင့် သူဌေးရတနာနှင့် တူသတည်း။

စကြာဝတေးမင်း၏ သားကြီးရတနာသည် အမှုကိစ္စရှိသမျှကိုပြီးစေသဖြင့် ကြောင့်ကြမဲ့ကိုပြုသကဲ့သို့ ဥပေက္ခာသမ္ဗောဇ္ဈင်သည် စိတ်၏တွန့်တိုခြင်း,ပျံ့လွင့်ခြင်းမှကင်းစေသဖြင့် ကြောင့်ကြမဲ့ကို ပြုတတ်သောကြောင့် သားကြီးရတနာနှင့်တူသတည်း။

## ရတနာမည်ကြောင်း ၅-ပါး

ရတနာမည်ရသောအကြောင်းအနက်ကားငါးပါးတည်း၊ ငါးပါးဟူသော်ကား–

(၁) အရိုအသေပြုရသော အဖြစ်လည်းတပါး။
(၂) အဘိုးများစွာထိုက်သော အဖြစ်လည်းတပါး။
(၃) အတုမရှိသောအဖြစ်လည်းတပါး။
(၄) တွေ့ရမြင်ရခဲသောအဖြစ်လည်းတပါး။
(၅) မြတ်သောသူတို့သာ သုံးဆောင်အပ်သော အဖြစ်လည်း တပါး။

ဤငါးပါးသော ရတနာမည်ရသော အကြောင်းအားဖြင့် ထောက်ချင့် သော်လည်း စကြာမင်း၏ ရတနာခုနစ်ပါးထက် ဗောဇ္ဈင်တရား ခုနစ်ပါးသာ ကဲလွန်သောရတနာ အစစ်ဖြစ် သတည်း။

## နှိမ့်ချခြင်းနှင့် ချီးမြှင့်ခြင်း

ဤသို့ ရတနာအစစ်ဖြစ်သော ဗောဇ္ဈင်တရား ခုနစ်ပါးနှင့် ပြည့်စုံတော်မူသော ဘုရား တည်းဟူသော စကြာမင်းသည် တရားကို အစိုးရသဖြင့် တရားနှင့်အညီ ရဟန်းယောကျ်ား, ရဟန်းမိန်းမ,ဥပါသကာယောကျ်ား,ဥပါသိကာမိန်းမတို့အား နှိမ့်ချခြင်း,ချီးမြှင့်ခြင်းကိုပြုတော်မူ၏၊ လောက၌စကြာမင်းသည် ရတနာ၏ အာနုဘော်ဖြင့် သမုဒ္ဒရာလေးစင်း အဆုံးရှိသော လောကဓာတ် စကြဝဠာတိုက်၌ စကြာမင်းအဖြစ်သို့ရောက်၍ "ငါ့အား ပြုဘွယ်ကိစ္စမရှိပြီ၊ ဤလူများကို ကြည့်ရှုစောင်မ သဖြင့် အဘယ်မှုစအံ့နည်း"ဟု ကြောင့်ကြမဲ့ စည်းစိမ်ခံစား ကာသာ မနေဦးဘဲ ရံခါရံခါတရားဆုံးဖြတ်ရာ၌နေ၍ နှိမ့်ချ

အပ်သသူကိုနှိမ့်ချ၏၊ ချီးမြှင့်အပ်သသူကိုချီးမြှင့်၏၊ ဌာနန္တရ ထားထိုက်သသူကို ဌာနန္တရထား၏။

ထို့အတူရှင်း သဗ္ဗညုဘုရားတည်းဟူသော စကြာမင်းသည်လည်း သတိသမ္ဗောဇ္ဈင်နှင့်ယှဉ်သော သဗ္ဗညုတဉာဏ်၏ အာနုဘော်ဖြင့် ကုဋေတသိန်းသော လောကဓာတ် စကြဝဠာတိုက်၌ တရားမင်းအဖြစ်သို့ ရောက်၍"ငါ့အားပြဘွယ်ကိစ္စမရှိပြီ၊ ဤလောကကို ကြည့်ရှုစောင်မသဖြင့် အဘယ်မှုစအံ့နည်း"ဟုကြောင့်ကြမဲ့ သမာပတ်ဝင်စားကာသာ မနေဦးဘဲ ရံခါရံခါ ပရိသတ်လေးပါးအလယ်၌နေ၍ နှိမ့်ချအပ်သော ပါပပုဂ္ဂိုလ်တို့ကိုမြင်းမိုရ်တောင်ခြေရင်းအောက် ချဘိသကဲ့သို့ အပါယ်ဘေးဖြင့် ထိတ်လန့်စေလျက် နှိမ့်ချတော်မူ၏၊ ချီးမြှင့်အပ်သော ကလျာဏပုဂ္ဂိုလ်တို့ကို အထက်ဘဝဂ်တိုင်အောင် ချီးမြှင့်ဘိသကဲ့သို့ သုဂတိ ချမ်းသာဖြင့် နှစ်သိမ့်စေလျက် ချီးမြှင့်တော်မူ၏၊ ဇေတဝန် အရာစသော ဌာနန္တရ ထားထိုက်သော ရဟန်းယောကျ်ား, ရဟန်းမိန်းမ, ဥပါသကာယောကျ်ား, ဥပါသိကာမိန်းမတို့ကို အကြောင်းလေးပါးနှင့်လျော်စွာ ဌာနန္တရ ထားတော်မူ၏။

**ဇေတဝန်ရရာသော အကြောင်း ၄-ပါး**

ဇေတဝန်ရရာသော အကြောင်းလေးပါး ဟူသော်ကား—

(၁) ထိုဇေတဝန်အရာ၌ ပွဲလမ်းရခြင်းအကြောင်း အထူးရှိသည်တပါး။

(၂) ရှေးဆုတောင်းပတ္ထနာ ပါရမီကံ အထူးပါသည်လည်း တပါး။

(၃) ဝသီဘော် အလေ့အလာ ရှိသည်လည်း တပါး။

(၄) ရထိုက်သော တေဒဂ်အရာ ဌာနန္တရဂုဏ်ဖြင့် ကဲလွန်သည်လည်းတပါး။

ဤတေဒဂ် ရရာသော အကြောင်း လေးပါးတို့တွင် အချို့ ကား အကြောင်းတပါးဖြင့် တေဒဂ် ရကုန်သည်၊ အချို့ကား အကြောင်း နှစ်ပါးဖြင့် တေဒဂ်ရကုန်သည်၊ အချို့ကား အကြောင်းသုံးပါးဖြင့် တေဒဂ် ရကုန်သည်၊ အချို့ကား အကြောင်းလေးပါးဖြင့် တေဒဂ်ရကုန်သည်၊ အရှင်သာရိ ပုတ္တရာကား လေးပါးစုံသောအကြောင်းဖြင့် တေဒဂ် ရသ တည်း။

တေဒဂ် ရသော ရဟန်းယောကျ်ား လေးဆဲ့တပါး၊ ဧတဒဂ်ရသောရဟန်း မိန်းမ တဆဲ့သုံးပါး၊ တေဒဂ်ရသော ဥပါသကာ ယောကျ်ားတဆယ်၊ တေဒဂ်ရသော ဥပါသိကာ မိန်းမ တဆယ်။

**တေဒဂ်ရ ရဟန်းယောကျ်ား ၄၁-ပါး**

တေဒဂ်ရသော ရဟန်းယောကျ်ား လေးဆဲ့တပါး ဟူသော်ကား—

(၁) အရှင်ကောဏ္ဍညသည် သာသနာတော်၌ လက်ဦး စွာရဟန်းပြုသည်ဖြစ်၍ ရှည်မြင့်သောညဥ့်အပိုင်း အခြားကိုသိတတ်သောအရာ၌ တေဒဂ်ရ၏။

(၂) အရှင်သာရိပုတ္တရာသည် ပညာကြီးသော အရာ၌ တေဒဂ် ရ၏။

(၃) အရှင်မောဂ္ဂလာန်သည် တန်းခိုးကြီးသော အရာ၌ တေဒဂ်ရ၏။

(၄) အရှင် မဟာကဿပသည် ဓုတင်ဆောင်တတ် သောအရာ၌ တေဒဂ် ရ၏။

(၅) အရှင် အနုရုဒ္ဓါသည် ဒိဗ္ဗစက္ခုအရာ၌ ဧတဒဂ် ရ၏။

(၆) အရှင် သာကီဝင်ဘဒ္ဒိယသည် အမျိုးမြတ်သော အရာ၌ ဧတဒဂ် ရ၏။

(၇) အရှင် လကုဏ္ဍကဘဒ္ဒိယသည် အသံသာယာသော အရာ၌ ဧတဒဂ်ရ၏။

(၈) အရှင် ပိဏ္ဍောလဘာရဒွါဇသည် မဂ်ဖိုလ်နှင့် စပ်သော ပြဿနာကို ဖြေခြင်း၌ ရဲရင့်ကြုံးဝါး တတ်သောအရာ၌ ဧတဒဂ်ရ၏။

(၉) မန္တာနီပုဏ္ဏားသား အရှင် ပုဏ္ဏသည် တရားဟောတတ်သောအရာ၌ ဧတဒဂ်ရ၏။

(၁၀) အရှင် မဟာကစ္စည်းသည် အကျဉ်းဟောသော အရာကို အကျယ် ဝေဘန်တတ်သော အရာ၌ ဧတဒဂ် ရ၏။

(၁၁) အရှင်မဟာပန်သည် အရူပါဝစရဈာန်ဝိပဿနာအရာ၌ ဧတဒဂ်ရ၏။

(၁၂) အရှင် စူဠပန်သည် စိတ်ဖြင့်ပြီးသော ကိုယ်ကို ဖန်ဆင်း တတ်သော အရာ, ရူပါဝစရဈာန် သမာပတ် အရာ နှစ်ဌာန၌ ဧတဒဂ်ရ၏။

(၁၃) အရှင် သုဘူတိသည် ချီးမွမ်းခြင်း, ကဲ့ရဲ့ခြင်းကို မပြုဘဲ တရားဟောလေ့ရှိသဖြင့် ကိလေသာကင်း၍ နေတတ်သော အရာ, မေတ္တာဈာန်ကို ဝင်စား၍ အကျိုးကြီးမြတ်အောင်ပြုသဖြင့်မြတ်သောအလှူကို ခံထိုက်သောအရာ နှစ်ဌာန၌ ဧတဒဂ်ရ၏။

(၁၄) ရှားတော အရှင်ရေဝတသည် တောကျောင်း နေလေ့ ရှိသောအရာ၌ဧတဒဂ်ရ၏။

(၁၅) အရှင်ကင်္ခါရေဝတသည် ဈာန်ဝင်စားတတ်သော အရာ၌ ဧတဒဂ်ရ၏။

(၁၆) အရှင်ကောလိဝိသ သောဏသည်လုံ့လကြီးသော အရာ၌ဧတဒဂ်ရ၏။

(၁၇) အရှင် ကောဋိကဏ္ဏ သောဏသည် သာယာ နာပျော်ဘွယ်ရွတ်ဘတ်တတ်သောအရာ၌ ဧတဒဂ် ရ၏။

(၁၈) အရှင် ရာဟုလာသည် သိက္ခာသုံးပါးကို ကျင့် ဆောင်လိုသော သိက္ခာ ကာမ အရာ၌ ဧတဒဂ် ရ၏။

(၁၉) အရှင် ဝက္ကလိသည် သဒ္ဓါခြင်းကြီးသော အရာ၌ ဧတဒဂ်ရ၏။

(၂၀) အရှင် သီဝလိသည် လာဘ်လာဘ များသော အရာ၌ ဧတဒဂ်ရ၏။

(၂၁) အရှင်ရဋ္ဌပါလသည် သဒ္ဓါသဖြင့် ရဟန်းပြုသော သဒ္ဓါပဗ္ဗဇိတ အရာ၌ ဧတဒဂ်ရ၏။

(၂၂) အရှင်ကောဏ္ဍဓာနသည် ဘုရားသခင် ဒေသစာရီ ကြွလိုသောအခါ ပုထုဇဉ်တို့မလိုက်ရ၊ အရိယာ တို့သာ လိုက်ရမည် စာရေးတန် ဝေဘန်သည်ကို လက်ဦးစွာယူတတ်သောအရာ၌ ဧတဒဂ်ရ၏။

(၂၃) အရှင်ဝင်္ဂီသသည် ဂါထာဗန္ဓ အဖွဲ့အစီ လျှင် လျှားသောအရာ၌ ဧတဒဂ်ရ၏။

(၂၄) အရှင်ဥပသေနသည် အခြံအရံနှင့်တကွကြည်ညို ဘွယ်ရှိသောအရာ၌ ဧတဒဂ်ရ၏။

(၂၅) အရှင် ဒဗ္ဗသည် အာဂန္တုက ရဟန်းတို့အား အထိုက်အလိုက် အိပ်ရာနေရာ ခင်းတတ်သော အရာ၌ ဧတဒဂ်ရ၏။

(၂၆) အရှင် ပိလိန္ဒဝစ္ဆသည် နတ်တို့ချစ်သော အရာ၌ ဧတဒဂ်ရ၏။

(၂၇) အရှင်ကုမာရကဿပသည် ဆန်းကြယ်စွာစကား ဆိုတတ်သော အရာ၌ ဧတဒဂ်ရ၏။

(၂၈) အရှင် ဒါရုစိရိယသည် အကျွတ်တရားရလွယ် သော အရာ၌ ဧတဒဂ်ရ၏။

(၂၉) အရှင်အာနန္ဒာသည် အကြား အမြင်များသော ဗဟုဿုတအရာ,ပညာလျင်သောအရာ, သတိမြဲ သောအရာ, လုံ့လကြီးသော အရာ, အလုပ် အကျွေးအရာ ငါးဌာန၌ ဧတဒဂ်ရ၏။

(၃၀) အရှင်ကောဋ္ဌိကသည် ပဋိသမ္ဘိဒါအရာ၌ ဧတဒဂ်ရ၏။

(၃၁) အရှင်ဥရုဝေလကဿပသည် အခြံအရံများသော အရာ၌ ဧတဒဂ်ရ၏။

(၃၂) အရှင် ကာလုဒါယီသည် အမျိုးကို ကြည်ညို စေတတ်သော အရာ၌ ဧတဒဂ်ရ၏။

(၃၃) အရှင် ဗာကုလသည် အနာနည်းသော အရာ၌ ဧတဒဂ်ရ၏။

(၃၄) အရှင်သောဘိတသည် ပုဗ္ဗေနိဝါသဉာဏ်အရာ၌ ဧတဒဂ်ရ၏။

(၃၅) အရှင်ဥပါလိသည် ဝိနည်းကိုဆောင်သောအရာ၌ ဧတဒဂ်ရ၏။
(၃၆) အရှင် ညီတော်မင်းနန္ဒသည် ဣန္ဒြေစောင့်စည်းသောအရာ၌ ဧတဒဂ်ရ၏။
(၃၇) အရှင်နန္ဒကသည် ရဟန်းမိန်းမတို့ကို ဆုံးမတတ်သောအရာ၌ဧတဒဂ်ရ၏။
(၃၈) အရှင် ကပ္ပိနသည် ရဟန်း ယောကျ်ားတို့ကို ဆုံးမတတ်သောအရာ၌ ဧတဒဂ်ရ၏။
(၃၉) အရှင်ရာဓသည် ဘုရားသခင် တရားဟောတော်မူသောအခါ အဆစ်အဖုကို မေးမြန်း လျှောက်ထား၍ အသစ်သစ် အဆင့်ဆင့် ဓမ္မဒေသနာကို ပွါးစေတတ်သောအရာ၌ဧတဒဂ်ရ၏။
(၄၀) အရှင်သာဂတသည် တေဇောဓာတ် ဝင်စားသောအရာ၌ ဧတဒဂ်ရ၏။
(၄၁) အရှင်မောဃရာဇာသည် ယက်ကန်းသား,ချည်,ဆိုးရည် သုံးပါးကြမ်းထမ်းညစ်နွမ်းသောသင်္ကန်းကိုဆောင်တတ်သော အရာ၌ ဧတဒဂ်ရ၏။

**ဧတဒဂ်ရ ရဟန်းမိန်းမ ၁၃-ပါး**

ဧတဒဂ်ရသော ရဟန်းမိန်းမတဆဲ့သုံးပါးဟူသော်ကား—

(၁) မိထွေးတော်မဟာပဇာပတိဂေါတမီသည် ရဟန်းမိန်းမတို့တွင် လက်ဦးစွာ ရဟန်းပြုသည်ဖြစ်၍ ရှည်မြင့်သော ညဥ့်အပိုင်းအခြားကို သိတတ်သောအရာ၌ ဧတဒဂ်ရ၏။
(၂) အရှင်ခေမာသည် ပညာကြီးသောအရာ၌ ဧတဒဂ်ရ၏။

(၃) အရှင်ဥပ္ပလဝဏ်သည် ကန်းခိုးကြီးသော အရာ၌ တောဒဂ်ရ၏။

(၄) အရှင် ပဋာ စာရီသည် ဝိနည်းကို ဆောင်သော အရာ၌ ဧတဒဂ်ရ၏။

(၅) အရှင် ဓမ္မဒိန္နာသည် တရားဟော တတ်သော ဓမ္မကထိကအရာ၌ ဧတဒဂ်ရ၏။

(၆) အရှင်နန္ဒာသည် ဈာန်ဝင်စားတတ်သော အရာ၌ ဧတဒဂ်ရ၏။

(၇) အရှင်သောဏာသည် လုံ့လကြီးသော အရာ၌ ဧတဒဂ်ရ၏။

(၈) အရှင် ဗကုလာသည် ဒိဗ္ဗစက္ခုအရာ၌ ဧတဒဂ် ရ၏။

(၉) အရှင်ကုဏ္ဍလကေသီဘဒ္ဒါသည် အကျွတ်တရား ရလွယ်သော အရာ၌ ဧတဒဂ်ရ၏။

(၁၀) အရှင် ကာပိလာနီဘဒ္ဒါသည် ပုဗ္ဗေနိဝါသဉာဏ် အရာ၌ဧတဒဂ်ရ၏။

(၁၁) * အရှင် ရာဟုလမယ်တော် အရှင်ဘဒ္ဒကစ္စာနာ သည် ကြီးမြတ်သော အဘိညာဉ်သို့ ရောက်သော အရာ၌ ဧတဒဂ်ရ၏။

(၁၂) အရှင် ကိသာဂေါတမီသည် ယက်ကန်း သား, ချည်, ဆိုးရည် သုံးပါးဖြင့် ကြမ်းထမ်း ညစ်နွမ်း သော သင်္ကန်းကို ဆောင်တတ်သော အရာ၌ ဧတဒဂ်ရ၏။

(၁၃) အရှင် ပိင်္ဂလမာတာသည် သဒ္ဓါခြင်း ကြီးသော အရာ၌ ဧတဒဂ်ရ၏။

* ရာဟုလမယ်တော် ဘဒ္ဒကစ္စာနာသည် ကြီးမြတ်သော အဘိညာဉ်သို့ ရောက်သောအရာ၌ တေဒဂ်ရသည် ဟူသော စကား၌—တဆူတဆူသော ဘုရားတို့လက်ထက် လေးပါး လေးပါးစီမျှသာ ကြီးမြတ်သော အဘိညာဉ်သို့ ရောက်ကုန် မြတည်း၊ ငါတို့ဘုရားရှင် လက်ထက်ကား အရှင် သာရိ ပုတ္တရာ, အရှင်မောဂ္ဂလာန်, အရှင်ဗာကုလ, ရာဟုလမယ် တော် အရှင်ဘဒ္ဒကစ္စာနာ၊ ဤလေးပါးတို့သာ ကြီးမြတ်သော အဘိညာဉ်သို့ ရောက်၍ မဟာအဘိညာဉ် မည်ကုန်၏၊ တပါးသော သာဝကတို့သည် လွန်စွာအဆုံး ကမ္ဘာတသိန်း တွင် ရှေ့သာ အောက်မေ့နိုင်ကုန်သည်၊ ထို့ထက်အလွန် မအောက်မေ့နိုင်ကုန်၊ ဤလေးပါးတို့မူကား တသင်္ချေနှင့် ကမ္ဘာတသိန်း တိုင်အောင် အောက်မေ့နိုင်ကုန်သတည်း။

**တေဒဂ်ရ ဥပါသကာ ယောကျ်ား ၁၀-ယောက်**

တေဒဂ်ရသော ဥပါသကာ ယောကျ်ား တဆယ်ဟူ သော်ကား—

(၁) ဥက္ကလာပဇနပုဒ် အသိတဥ္စနမြို့ တပုဿ,ဘလ္လိက ညီနောင်တို့သည် သရဏဂုံဦး တည်သောအရာ၌ ဧတဒဂ်ရကုန်၏။

တပုဿကားအစ်ကိုယ်,ဘလ္လိကကားညီတည်း၊ ထိုသူတို့ သည် လှည်းငါးရာနှင့် ဥက္ကလာပတိုင်းမှ မဇ္ဈိမတိုက်သို့ ကုန် သွယ်ခြင်းငှါ လာကုန်လတ်သော် ဘုရားဖြစ်ဦးမဆွ လေးဆဲ့ ကိုးရက် အလွန် အဋ္ဌမသတ္တာဟတွင် ရာဇာယတန လင်း လွန်းပင်ရင်း၌ နေတော်မူစဉ် ဗောဓိမဏ္ဍိုင် အနီးအရပ်သို့ ရောက်လေကုန်သတည်း၊ ထိုအခါ ငါးဘဝ မြောက်က ထို သူတို့၏ အမိဖြစ်ခဲ့ဘူးသော နတ်သည် လှည်း၌ကသောနွားတို့

၏အသွားကိုချုပ်၍လှည်းသားတယောက်ကိုယ်၌ဝင်ပြီးသော် ထိုအရပ်၌ ဘုရားရှိတော်မူကြောင်းကို ဆိုပြီးမှ ဆွမ်းဦးလှူ စိမ့်သောငှါ တိုက်တွန်း၏၊ ကုန်သည်တို့သည် ကြွက်ကျစ်မုံ့, ပျားဆုပ်မုံ့ လှူကုန်၍ သရဏဂုံ ဆောက်တည် ကုန်၏၊ သံဃာမရှိသေးရကား ဘုရား, တရား နှစ်ပါးကိုသာ ရည်၍ ဒွေဝါစိက သရဏဂုံ မဆောက်တည်သတည်း၊ကိုးကွယ်ပူဇော် ရန်တောင်း၍ဆံတော်ရှစ်ချောင်းရသည်ကိုလည်းအသိတဉ္ဇန မြို့တံခါးဝ၌ ဇိဝကေသ ဓာတုစေတီ တည်လေကုန်၏၊ ထို စေတီမှ ဥပုသ်နေ့တိုင်း ညိုသော ရောင်ခြည်တော်တို့ ထွက် ကုန်မြဲတည်း။

(၂) သုဒတ္တသူဌေးသည် အလှူပေးတတ်သော အရာ၌ တေဒဂ်ရ၏။

သုဒတ္တဟူသည်ကား ငယ်မည်တည်း၊ ကိုးကွယ်ရာမဲ့သူ တို့အား ထမင်းရိက္ခာ ပေးတတ်သောကြောင့် ကြီးမှအနာ ထပိဏ်တွင်သတည်း။

(၃) စိတ္တသူကြွယ်သည် တရားအရာ စကားပြောဟော တတ်သောအရာ၌ တေဒဂ်ရ၏။

(၄) ဟတ္ထာဠဝကမည်သော အာဠဝီ မင်း၏သားသည် သိတင်းသည် ပရိသတ်တို့ကို ဒါန, ပိယဝါစာ, အတ္ထစရိယာ,သမာနတ္တတာ သင်္ဂဟတရား လေး ပါးဖြင့် သင်္ဂြိုဟ်တတ်သော အရာ၌ တေဒဂ်ရ၏။

သင်္ဂဟတရားလေးပါးတွင် ဒါနဟူသည်ကား ပေးကမ်း ခြင်းတည်း၊ ပိယဝါစာ ဟူသည်ကား ချစ်နှစ်သက်ဘွယ် အ သာအယာခေါ်ပေါ်ပြောဆိုခြင်းတည်း၊အတ္ထစရိယာဟူသည်

ကား တစုံတခု အမှုကိစ္စရှိလတ်သော် ကြဉ်းဆောင် ကယ်ဆယ်ခြင်းတည်း၊ သမာနတ္တတာ ဟူသည်ကား ကိုယ်နှင့်အကျိုးစီးပွါး ထပ်တူထပ်မျှ ကိုယ်တူရင်ရှည့် ပြုခြင်းတည်း။

(၅) မဟာနာမ သာကီဝင်သည် မွန်မြတ်သော အရသာကို ပေးတတ်သော အရာ၌ တေဒဂ်ရ၏။

(၆) ဥဂ္ဂသူကြွယ်သည် နှစ်သက်ဘွယ် လိုချင်ဘွယ်သော အလှူဝတ္ထုကို ပေးတတ်သောအရာ၌ ဧတဒဂ်ရ၏။

(၇) ဥဂ္ဂတသူကြွယ်သည် သံဃာကို လုပ်ကျွေးတတ်သော အရာ၌ တေဒဂ်ရ၏။

(၈) သူရဗန္ဓ ဥပါသကာသည် ရတနာ သုံးပါးကို မတုန် မလှုပ် သက်ဝင် ကြည်ညိုတတ်သော အရာ၌ တေဒဂ်ရ၏။

အခါတပါး ထိုသူရဗန္ဓ ဥပါသကာသည် မိမိအိမ်၌ဘုရားရှင်ကို ဆွမ်းလုပ်ကျွေး၍ တရားနာ၏၊တရားဟောပြီး၍ ဘုရားရှင်ကြွလေလျှင် ဘုရားရှင်အသွင်ဖြင့်မာရ်မင်းလာ၍"ငါ့နိုင်ငံကိုသူရဗန္ဓလွန်သလော,မလွန်လော"ဟုစုံစမ်းလိုသဖြင့် အိမ်တံခါး၌ရပ်၏၊ သူရဗန္ဓဥပါသကာလည်း "ဘုရားရှင်တဘန်ကြွလာပြန်သည်တကား"ဟုရှောင်တခင် အိမ်ကထွက်ပြီးမှ ရှိသေစွာရှိခိုး၍"အဘယ့်ကြောင့် ကြွတော်မူလာပြန်သနည်း" ဟု လျှောက်၏၊"သူရဗန္ဓ····ငါသည်မဆင်ခြင်မိဘဲ ခန္ဓာငါးပါးကို အနိစ္စ, ဒုက္ခ, အနတ္တဟု ယခင်ကဟောခဲ့မိသည်၊ ဤသို့မမှတ်လင့်၊ အချို့သောခန္ဓာကို နိစ္စ, သုခ, အတ္တဟူ၍ မှတ်၊ဤကား-ဟုတ်မှန်သောတရားတည်း"ဟုဘုရားရှင်အသွင်ဆောင်လျက် မာရ်မင်းဆို၏၊ ထိုစကားကို သူရဗန္ဓဥပါသကာကြား၍"ဘုရားတို့မည်သည် စကားနှစ်ခွန်းမရှိ၊ သင်ကား

မာရ်မင်း မဟုတ်လော”ဟု ဆိုလျှင် သောတာပန် ဖြစ်သော အရိယသာဝကမေးသော စကားသည် မာရ်မင်းအား ပုဆိန်ဖြင့် ခုတ်သကဲ့သို့ဖြစ်လေ၍“ဟုတ်ပေ၏”ဟု ဝန်ခံ၏၊“သင်ကဲ့သို့သော မာရ်မင်းသည် အရာအထောင်ပင်လာသော်လည်း ငါ၏သဒ္ဓါခြင်းကို တုန်လှုပ်စေခြင်းငှါ မတတ်နိုင်ရာ၊ သွားလေ၊ ငါ့အိမ်တံခါးတွင်မနေလင့်”ဟုလက်ဖျစ်တီးလိုက်သော် မာရ်မင်းမငံ့၍ ကွယ်လေ၏၊ ဤသို့ သူရမ္ဗဉပါသကာသည် ရတနာသုံးပါးကို မတုန်မလှုပ် သက်ဝင်၍ ကြည်ညိုခြင်းရှိသတည်း။

(၉) အဘယမင်းသား ကောက်၍ မွေးသော ဇီဝကဆေးသမားသည် တဦး တဦးသော ပုဂ္ဂိုလ်၌ ဖြစ်သော ကြည်ညိုခြင်းနှင့် ပြည့်စုံသော အရာ၌ ဧတဒဂ်ရ၏။

(၁၀) နကုလပိတာသူကြွယ်သည် ဘုရားရှင်နှင့် အကျွမ်းဝင်သော အရာ၌ ဧတဒဂ်ရ၏။

ထိုသူကြွယ်ကား ရှေးကအစဉ်မပြတ် ၅၀၀ ငါးရာတိုင်တိုင် ဘုရားရှင်အဘဖြစ်ဘူး၏၊ ဘထွေး,ဘကြီး,ဦးရီးလည်း ၅၀၀ ငါးရာနှင်နှင်ရင်း အစဉ်မပြတ်ဖြစ်ဘူး၏၊ ထိုသို့ဖြစ်ခြင်းကား ပဒုမုတ္တရ ဘုရားရှင်လက်ထက်“ဘုရားရှင်နှင့် အကျွမ်းဝင်သော အရာ၌ ဧတဒဂ်ရလိုသော”ဟုဆုတောင်းသောကြောင့် ဖြစ်လေသည်။

**ဧတဒဂ်ရ ဉပါသိကာ မိန်းမ ၁၀-ယောက်**

ဧတဒဂ်ရ သော ဉပါသိကာ မိန်းမတဆယ်ဟူသော်ကား—

(၁) သုဇာတာ သူဌေးသမီးသည် သရဏဂုံဦး တည်သော အရာ၌ ဧတဒဂ်ရ၏။

ထိုသုဇာတာကား ပဿောင်ပင် ရင်း၌ သားဆု ပန်သည့် အတိုင်း သားရပြီး၍ ကဆုန်လပြည့် ဘုရားဖြစ်သည့်နေ့ ပဿောင်စောင့်နတ် အမှတ်ဖြင့် ဘုရားရှင်အားအဘိုးတသိန်း ထိုက်သော ရွှေခွက်တခု၌ ဃနာဆွမ်းထည့်ပြီးမှ အဘိုး တသိန်းထိုက်သော ရွှေခွက်တခုအုပ်၍ လှူသောအရှင်ဃသ မယ်တော်တည်း၊ဘုရားဖြစ်တော်မူသည့် နှစ်ပင် အရှင်ယသ လည်း ရဟန်းပြု၍ ရဟန္တာဖြစ်သည်၊ ထို့ကြောင့်သား ဆုပန်၍ ရပြီးမှ ဗာလီနတ်စာ နှစ်စဉ် ပူဇော်မြဲ အတိုင်း ပူဇော်သည်၊ ထိုအခါတွင် သားဆုပန်သည်မဟုတ် မှတ်လေ။

(၂) ဝိသာခါ ဒါယိကာမသည် အလှူဒါနဖြင့် မွေ့ လျော်သော အရာ၌တေဒဂ်ရ၏။

(၃) * ခုဇ္ဇုတ္တရာ ဥပါသိကာမသည် အကြားအမြင် များသော ဗဟုဿုတအရာ၌ တေဒဂ်ရ၏။

(၄) ဥတေနမင်း၏ မိဖုရား သာမာဝတီသည် မေတ္တာ ဖြင့် နေလေ့ရှိသော အရာ၌ တေဒဂ်ရ၏။

* ခုဇ္ဇုတ္တရာကား-ပဒုမဘုရားရှင်လက်ထက်"ဗဟုဿုတ အရာ၌ တေဒဂ်ရလိုသော"ဟု ဆုတောင်း၍ သေက္ခပဋိသမ္ဘိ ဒါဉာဏ်ဖြင့် ပိဋကတ်နှင့် စပ်သော အကြားအမြင် ဗဟု ဿုတရှိ၏၊ ကောသမ္ဗီပြည်၌ သာမာဝတီ အမှူးရှိသော ဥတေနမင်း၏ မိဖုရား ငါးရာတို့ကိုလည်း တရားဟော၍ သောတာပန် အဖြစ်၌တည်စေ၏၊ဘုရားသခင် အထံတော်က တရားတော်ကိုနာ၍ သာမာဝတီမိဖုရားတို့အား "ခုဇ္ဇုတ္တရာ ဟောသော ဣတိဝုတ်ကျမ်း"ဟူ၍ယခုထက်တိုင် ထင်ရှားရှိ၏၊ ထိုသို့သော ဂုဏ်အထူးနှင့်ပြည့်စုံ သည်ဖြစ်လျက် အစမထင်

သံသရာ၌ ကျင်လည်ကြသော သတ္တဝါတို့သည် မှားတုံ့မှန်တုံဖြစ်တတ်ခဲ့၍ ရှေးဘဝက ပစ္စေကဗုဒ္ဓါအရှင်တပါး ခါးတော်ကျောက်တော် ခပ်ကုန်းကုန်းရှိသည်ကို ပြက်ရယ်မှုပြုဘူးသော မကောင်းမှုကြောင့် ခါးခပ်ကုန်းကုန်းရှိရကား ခုဇ္ဇုတ္တရာဟူသော ငယ်မည်တွင် ခုဇ္ဇာသဒ္ဒါလောင်း၍ ခုဇ္ဇုတ္တရာဟု တွင်သတည်း၊ ကဿပဘုရားရှင်သာသနာတော်၌ သာမဏေတဦးကို မိမိအမှုမှာ စေခိုင်းဘူးသော မကောင်းမှုကြောင့် ဘဝငါးရာတိုင်အောင် သူ့ကျွန်အစေအပါးဖြစ်ရ၏၊ ယခုဘဝလည်း သာမာဝတီမိဖုရားကျွန် အစေအပါး ဖြစ်ရသတည်း။

(၅) နန္ဒမာတာ ဥတ္တရာသည် ဈာန်ဖြင့် မွေ့လျော်တတ်သောအရာ၌ ဧတဒဂ်ရ၏။

**နန္ဒမာတာ**ကား ရာဇဂြိုဟ်ပြည်၌ ပုဏ္ဏသူဌေး၏သမီးတည်း၊ အရွယ်ရောက်သောအခါ ရာဇဂြိုဟ်ပြည်ကျေးတောင်မျက်နှာ ကြခတ်ဝါးရုံအတိ မြို့ပြင်ဝန်းကျင်၌ စိုက်သောကြောင့် ဝေဠုကဏ္ဍကမည်သော ကြခတ်မြို့၌ သူဌေးသားနှင့် အိမ်ထောင်ပြု၍ ငွေကတ်သုံးပုံကို အလှူအကျက် ဆောင်ရွက်နိုင်၏၊ တရံရောအခါ ညဉ့်မိုးသောက်ယံတွင် ဘုံခုနစ်ဆင့် မြင့်သော ပြာသာဒ်ဖျား၌ ပါရာယန သုတ္တန်ကို နန္ဒမာတာ ရွတ်သရဇ္ဈာယ်စဉ် ဝေဿဝဏ် နတ်မင်းကြီး လာကြိုက်ကြွမ်၍ နာပြီးသော် ကောင်းချီး ပေး၏၊ တရားဟောဆရာ အဘို့ဟူ၍ ပူဇော်သော အမှတ်ဖြင့် သလေးစပါးနီ အတိ ပြည့်သော တလောင့် နှစ်ရာ့ငါးဆယ်သော ကျီကြီးတို့ကို "နန္ဒမာတာ တသန္တာန်လျှင် ယူရာမထင်ပြည့်မြဲပင်ပြည့်လေစေ"ဟုမိဋ္ဌာန်ပြု၍ ဆောက်နှင်းခဲ့၏၊ သည်ကိုရည်၍ "နန္ဒမာတာ ကျီကဲ့သို့

ယူရာ မထင် အပြည့်နှင်နှင်ဖြစ်ပါမူကား" ဟု လူတကာတို့ ဥဒါန်းဆိုမြဲဖြစ်သတည်း။

(၆) ကောလိယ မင်းသွီး သုပ္ပဝါသာသည် မွန်မြတ်သော ဘောဇဉ် အရသာကို ပေးတတ် သောအရာ၌ဧတဒဂ်ရ၏။

(၇) သုပ္ပိယ ဥပါသိကာမသည် သူနာ ရဟန်းတို့ကို လုပ်ကျွေးတတ်သော အရာ၌ ဧတဒဂ်ရ၏။

ထိုဥပါသိကာမသည် သူနာ ရဟန်းဘို့ ဟင်းမျိုးသားလိုသောအကြောင်းကိုသိ၍ ရှာစေသော် မရှိလေရကား မိမိကိုယ်သားကိုစင် လှီးဖြတ်၍ ပေးလေသတည်း။

(၈) ကာတိယာနီ ဥပါသိကာမသည် မတုန်မလှုပ် သက်ဝင်ကြည်ညို တတ်သောအရာ၌ ဧတဒဂ်ရ၏။

ထိုဥပါသိကာမသည် အိမ်ကိုခိုးသူတို့ ဝန်းရံလုယူလျက်ပင် တရားနာခြင်းကိုမဖျက်၊မတုန်မလှုပ် သက်ဝင်ကြည်ညိုစွာ နာလေသတည်း။

(၉) နကုလမာတာ သူကြွယ်မသည် ဘုရားရှင်နှင့် အကျွမ်းဝင်သော အရာ၌ ဧတဒဂ်ရ၏။

ထိုသူကြွယ်မသည် ရှေးဘဝက အစဉ်မပြတ် ဘဝငါးရာ တိုင်အောင် ဘုရားရှင် အမိဖြစ်ဘူး၏၊ ထို့အတူ ရင်း မိထွေး, မိကြီး, အရီးလည်း ဘဝငါးရာ နှင်နှင်စီ ဖြစ်ဘူး သတည်း။

(၁၀) ကာလီ ဥပါသိကာမသည် အသံ ကြားကာမျှဖြင့် ကြည်ညိုတတ်သော အရာ၌ ဧတဒဂ်ရ၏။

ထိုဥပါသိကာမသည် ရာဇဂြိုဟ်ပြည် မိမိ ပြာသာဒ်အထက်ကောင်းကင်ပြင်၌ သာတာဂိရိ နတ်မင်း,ဟေမဝတ နတ်

မင်းတို့ ပြောဆိုကြသော ချတနာသုံးပါး၏ ဂုဏ်ကျေးဇူးကို ကြားကာမျှဖြင့် ကြည်ညိုစွာဖြစ်၏၊ ထိုသို့ ကြည်ညိုသည်နှင့် တပြိုင်နက်လျှင် ဘုရားဖြစ်တော်မူသည့်နှစ် ဝါဆိုလပြည့်နေ့ ညဉ့်၌သောတာပန်တည်၏၊ ထို့ကြောင့် "အကျွတ်တရားဦး ရသူကားယောကျ်ားတွင် အရှင်ကောဏ္ဍည,မိန်းမတွင်အရှင် ကောဋိကဏ္ဏ မယ်တော်ကာလီ"ဟူ၍ ဆိုစမှတ် ဖြစ်သတည်း။

ဤသို့ဆိုခဲ့ပြီးသောနည်းဖြင့် တိုင်းနိုင်ငံသူများကို ပကတိ စကြာမင်းချီးမြှင့်သကဲ့သို့ တေဒဂ်ရထိုက်သော ပရိသတ်လေး ပါးတို့ကို တေဒဂ်အရာဖြင့် ဘုရားတည်းဟူသော စကြာမင်းချီး မြှင့်တော်မူ၏၊ ဘုရားတည်းဟူသော စကြာမင်း ချီးမြှင့်တော် မူတိုင်းသော ဂုဏ်ကျေးဇူးဖြင့်လည်း လောက၌ကျော်စော ထင်ရှားစွာဖြစ်၏။

**တေဒဂ်မရသော်လည်းအချီးမြှင့်ခံရသူများ**

တေဒဂ်ရထိုက်သောသူတို့ကိုသာ တေဒဂ်အရာဖြင့် ချီးမြှင့် တော်မူသည်မဟုတ်၊ တေဒဂ်ရထိုက်သော သူတို့သာလည်း ချီးမြှင့်တော်မူတိုင်းသောဂုဏ်ကျေးဇူးဖြင့်လောက၌ကျော်စော ထင်ရှားစွာဖြစ်သည်မဟုတ်၊ တေဒဂ်မရထိုက်သော ဂုဏ် ကျေးဇူးအထူးရှိသော သူတို့ကိုလည်း ထိုက်တန်သော ဂုဏ် ကျေးဇူးဖြင့် ချီးမြှင့်တော်မူ၏၊ ချီးမြှင့်တော်မူတိုင်းသော ဂုဏ် ကျေးဇူးဖြင့်လည်း လောက၌ ကျော်စောထင်ရှားစွာဖြစ်၏၊ တေဒဂ်မရဘဲလျက် ထိုက်တန်သောဂုဏ်ကျေးဇူးဖြင့် အချီးအ မြှင့်တော်ကို ခံရသော ရဟန်း,သာမဏေတို့ကား အရာ အထောင်မကလျှင် များသတည်း။

ခြောက်နှစ်ပတ်လုံး ဒုက္ကရစရိယာကျင့်တော်မူစဉ် အလုပ် အကျွေးပြု၍ ဘုရားဖြစ်တော်မူသည့်နှစ် ဝါဆိုလပြည့်ကျော်

၅-ရက်နေ့ ရဟန္တာချည်းဖြစ်သော ထိုကာလ လောကတွင် ဘုရားရှင်နှင့်တကွ ရဟန္တာခြောက်ပါးသော အရေအတွက် ဝင်သော ဂုဏ်ကျေးဇူးအထူးနှင့် ပြည့်စုံသော—

အရှင်ဝပ္ပ။
အရှင်ဘဒ္ဒိယ။
အရှင်မဟာနာမ။
အရှင်အဿဇိ။

ဘုရားတဆူတဆူတွင် ရဟန်းတပါးတပါးသာ ကျင့်နိုင်သော မောနေယျအကျင့်ကိုကျင့်ဆောင်သော အရှင်နာဠက။

ဘုရားသခင်လက်ဦးစွာ စိတ်ဖြင့်သာပြဿနာမေး၍ နောင်မှ နှုတ်ဖြင့် ပြဿနာမေးသောအချေအတင်၌ ကျွမ်းကျင်စွာသော အရှင်အဇိတ။

အရှင်တိဿမေတ္တေယျ။
အရှင်ပုဏ္ဏက။
အရှင်မေတ္တဂူ။
အရှင်ဓောတက။
အရှင်ဥပသီဝ။
အရှင်နန္ဒ။
အရှင်ဟေမက။
အရှင်တောဒေယျ။
အရှင်ကပ္ပ။
အရှင်ဇတုကဏ္ဏီ။
အရှင်ဘဒြာဝုဓ။
အရှင်ဥဒယ။

အရှင်ပေါသာလ။
အရှင်သိဝလိ။

ဤသို့အစရှိသော အရာ,အထောင်မကသော ရဟန်းတို့ ကိုလည်း ထိုက်တန်သော ဂုဏ်ကျေးဇူးဖြင့် ချီးမြှင့်တော်မူ၍၊ ချီးမြှင့်တော်မူတိုင်းသော ဂုဏ်ကျေးဇူးဖြင့်လည်း လောက၌ ကျော်စောထင်ရှားစွာဖြစ်၏။

သာသနာပတိဗ္ဗိတက္ကတွန်းတို့အပယ့ဝါဒကိုပျက်စေခြင်းငှါ သာသနာတော်ကို ချီးမြှောက်သဖြင့် သဗ္ဗညုဘုရားအချီးမွမ်း တော်ကိုခံရသော စုန္ဒသာမဏေ။

တရားနာအံ့သည်နေ့၌ တရားဟောလေ့ရှိသည်ဖြစ်၍ နတ် တို့နာခံသဖြင့် နတ်ပြည်တိုင်အောင် ကျော်စောသော သာနု သာမဏေ။

ဘုရားသခင်မေးတော်သော အသုဘဆယ်ပါးနှင့်စပ်သော ပြဿနာကို ဖြေဆိုနိုင်သောကြောင့် ဥတ်ကမ္မဝါစာမသင်ဘဲ ပြဿနာဖြေကာမျှဖြင့် ရဟန်းပဉ္စင်းအဖြစ်ကိုရသော သော ပါကသာမဏေ။

ခုနစ်နှစ်ရွယ်ကပင် ရဟန္တာဖြစ်၍ ဆရာပစ်လိုက်သော ယပ်တောင်ခိုက်မိသဖြင့် မျက်စိကွဲပေါက်သည်ကိုလုက် သည်း ခံချိသော တိဿသာမဏေ။

သိကြား,စတုလောက ပါလာတို့တိုင်အောင် ထင်ရှားစွာ ရဟန္တာဖြစ်၍ မဟာလာဘသက္ကာရရှိသော သုခသာမဏေ။

ခုနစ်နှစ်ရွယ်ကပင် ရဟန္တာဖြစ်၍ တရက်,နှစ်ရက်မျှ၌ ဆွမ်းပုဆိုးအထောင်မက ရသဖြင့် လာဘသက္ကာရ ထူးမြတ် လှသော ဝနဝါသိက တိဿသာမဏေ။

သိကြား,စတုဇလောကပါလာတို့လည်းစောင်မသဖြင့် ခုနစ်နှစ်ရွယ်ကပင် ရဟန္တာဖြစ်၍ ပညာကြီးကျယ်လှစွာသော ပဏ္ဍိတသာမဏေ။

ထားလက်နက်ဖြင့် မခုတ်မဖြတ်နိုင်၊ ခိုးသူငါးရာတို့ကို ရဟန်းဖြစ်အောင် ချေချွတ်နိုင်သော သံကိစ္စသာမဏေ။

အနုဝတတ်အိုင်၌ နဂါးမင်းကိုနှိပ်နင်း၍ အနုဝတတ်ရေကို ဆောင်စွမ်းနိုင်သော သုမနသာမဏေ။

ဤသို့အစရှိသော အရိယာအထောင်မကသော သာမဏေတို့ကိုလည်း ထိုက်တန်သော ဂုဏ်ကျေးဇူးဖြင့် ချီးမြှင့်တော်မူ၍၊ ချီးမြှင့်တော်မူတိုင်းသော ဂုဏ်ကျေးဇူးဖြင့်လည်း လောက၌ထင်ရှားကျော်စောစွာဖြစ်၏။

ထိုသို့ အရာအထောင်မကသော ကျော်စော ထင်ရှားစွာသော သာမဏေတို့တွင်ကား—

(၁) ဝနဝါသိက တိဿသာမဏေ။
(၂) ပဏ္ဍိတ သာမဏေ။
(၃) သံကိစ္စ သာမဏေ။
(၄) သုမန သာမဏေ။

ဤလေးပါးတို့သည် ဓမ္မပဒစသော ကျမ်းတို့၌ အစဉ်အတိုင်း ခုနစ်နှစ်ရွယ်ကပင် ရဟန္တာဖြစ်၍ ပွဲလမ်းအကြောင်းအထူးရှိသောကြောင့် အထူးသဖြင့်ထင်ရှားကျော်စောကုန်၏၊ ဤသာမဏေလေးပါးတို့ကို "သာမဏေကျော်လေးပါး" ဟူ၍ လောက၌အစဉ်ဥဒါန်း ချီးမွမ်းပြောဆိုစမှတ်ပြုကြကုန်သတည်း။

(၁) ဝနဝါသိကတိဿ သာမဏေကား သဗ္ဗညုဘုရား အထူးသဖြင့် ချီးမြှင့်စောင်မတော်မူ၍ ခုနစ်နှစ်ရွယ်ကပင် ရဟန္တာဖြစ်သဖြင့် အတိုင်းမသိသော လာဘသက္ကာရများစွာ ရသော ပွဲလမ်းအကြောင်းအထူးရှိ၏။

(၂) ပဏ္ဍိတသာမဏေကား ရေမြောင်းဥပမာ, မြှားသမား, တစည်းသမားဥပမာတို့ကို မိမိအလို အလျောက်သာ ပညာဖြင့်ရှု၍ အရဟတ္တဖိုလ်တိုင်အောင် ကျင့်ဆောင်နိုင်သော ပွဲလမ်းအကြောင်းအထူးရှိ၏။

(၃) သံကိစ္စသာမဏေကား ခိုးသူငါးရာတို့ကို ဆုံးမနိုင်သော ပွဲလမ်းအကြောင်းအထူးရှိ၏။

(၄) သုမန သာမဏေကား နဂါးမင်းနှင့် စစ်ပြိုင်၍ နိုင်ပြီးမှ အနောတတ်အိုင်ရေကို အလိုရှိတိုင်း ဆောင်စွမ်းနိုင်သော ပွဲလမ်းအကြောင်းအထူးရှိ၏။

[အထက်မှာ အကျယ်ဆိုလတ္တံ့။]

ဤသို့ဆိုခဲ့ပြီးသော စကားအစဉ်ကား သဗ္ဗညုဘုရားသည် စကြာမင်းကဲ့သို့ပရိသတ်လေးပါးတို့အား ဂုဏ်ကျေးဇူးအထူးဖြင့် ချီးမြှင့်တော်မူသည်ဖြစ်၍ စကြာမင်းမြောက်တော်မူသော အဖြစ်ကိုပြခြင်းငှါ ပမာ, ပမည်းဟောနည်းအထူးထူးဖြင့်သွယ်၍ သာမဏေလေးပါးတို့၏ ကျော်စောထင်ရှားသောအဖြစ်နှင့် စကားအလျဉ်းသင့်အောင် ဝေဒဂ်အရာကို ဆောင်သဖြင့်ဆိုသောနိဒါန်းစကားတည်း။

**ဝေဒဂ်အရာကိုဆိုရကျိုး**

ဤနိဒါန်းစကား၌ ဝေဒဂ်အရာကို အမြွက်မျှထုတ်ဆိုခြင်းကား ကြည်ညိုဘွယ်သောအရာ၌ ကြည်ညိုခြင်းရှိသသူတို့အား

အကျိုး များစွာ ဖြစ်ရာသောကြောင့် ဆိုသတည်း၊ မဟာသဟာယိဖြစ်သော စကြဝဠာကုဋေတသိန်းတိုင်အောင်ပင် အသံတော်ဖြင့် နှံ့စေနိုင်ကြောင်းကို ဟောတော်မူ၍ အရှင်အာနန္ဒာ ကြည်ညိုစွာ ဖြစ်သည်ကို လျှောက်ရာတွင် "ဤကဲ့သို့သော တကြိမ်မျှကြည်ညိုသော ကောင်းမှုဖြင့် သိကြားမင်းစည်းစိမ် ခုနစ်ကြိမ်, စကြာမင်းစည်းစိမ် ခုနစ်ကြိမ်တိုင်အောင် အကျိုးရရာ၏" ဟူ၍ အင်္ဂုတ္တရ တိကနိပါတ်၌ ဟောတော်မူသည်။

တနည်းကား—ရှေးရှေးသောဘုရားတို့ လက်ထက် ဝေဒင်္ဂအရာစသော ဂုဏ်ကျေးဇူးအထူးကို ဆုတောင်း ပတ္ထနာပြုခဲ့၍ငါတို့ဘုရားရှင်လက်ထက် ပြည့်စုံကြသကဲ့သို့ ဝေဒင်္ဂအရာ စသောစကားကို ကြားနာရသဖြင့် အလိုရှိရာ ဆုတောင်း ပတ္ထနာ ပြုစေလိုသောကြောင့် ဆိုသတည်း၊ သဗ္ဗညုဘုရားလည်း—

"ချစ်သားတို့···· သဒ္ဓါသော ရဟန်းယောက်ျားသည် သာရိပုတ္တရာ,မောဂ္ဂလာန်ကဲ့သို့ဖြစ်ပါချင်သောဟုတောင့်တရာ၏၊ သဒ္ဓါသော ရဟန်း မိန်းမသည် ခေမာ,ဥပ္ပလဝဏ်ကဲ့သို့ ဖြစ်ပါချင်သောဟု တောင့်တရာ၏၊သဒ္ဓါသော ဥပါသကာယောက်ျားသည် စိတ္တ, ဟတ္ထာဠဝက သိတင်းသည်ကဲ့သို့ ဖြစ်ပါချင်သောဟု တောင့်တရာ၏၊ သဒ္ဓါသော ဥပါသိကာ မိန်းမသည် ခုဇ္ဇုတ္တရာ,နန္ဒမာတာ သိတင်းသည်မကဲ့သို့ ဖြစ်ပါချင်သောဟု တောင့်တ ရာ၏"—

ဟူ၍ အင်္ဂုတ္တရဒုကနိပါတ်၌ဟောတော်မူသည်။

ဤတွင်ရွှေကား နိဒါန်းစကားပြီး၏။





# သာမဏေကျော်လေးပါး ဝတ္ထု

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ။

ယခုအခါ သာမဏေကျော် လေးပါးတို့ ဂုဏ်ကျေးဇူး ဝတ္ထုအဌုပ္ပတ္တိကို ကျမ်းဂန်လာသည့် အတိုင်းဆိုပေအံ့။

## ၁-တိဿသာမဏေဝတ္ထု

### အတိတ်အကြောင်း

ဝနဝါသိက တိဿသာမဏေ၏ ဂုဏ်ကျေးဇူး ဝတ္ထု အဌုပ္ပတ္တိကား ဤသို့တည်း၊ အရှင်သာရိပုတ္တရာ၏ ခမည်းတော် ဝင်္ဂန္တ ပုဏ္ဏားနှင့် အဆွေခင်ပွန်း ကလျာဏ မိတ္တ ဖြစ်သော မဟာသေန ပုဏ္ဏားသည် ရာဇဂြိုဟ်ပြည်၌ နေသတတ်၊ တနေ့သ၌ အရှင်သာရိပုတ္တရာ ဆွမ်းခံ ကြွတော်မူသော်

သနားတော်မူသဖြင့် မဟာသေန ပုဏ္ဏား၏ အိမ်တံခါးဝ သို့ဝင်တော်မူ၏၊ မဟာသေန ပုဏ္ဏားသည်ကား ပြုန်းတီးသော စည်းစိမ်ဥစ္စာရှိ၍ဆင်းရဲသတည်း၊ အရှင်သာရိပုတ္တရာဝင်တော် မူလာသည်ကိုမြင်၍“ငါ့သားကား အိမ်တံခါးဝသို့ ဆွမ်းခံဝင် လာသည်ဖြစ်လတ္တံ့၊ ငါ၏ဆင်းရဲ ပြုန်းတီးသောအဖြစ်ကို ငါ့ သားမသိလေဒယောင် တကား၊ ငါ့အား တစုံတခု ပေးဘွယ်မ ရှိခဲ့”ဟု အရှင်သာရိပုတ္တရာ မျက်မှောက်ရှေ့ရှု မဖြစ်ဝံ့၍ ပုန်းအောင်းလေ၏။

ရှင်သာရိပုတ္တရာလည်း ထို့နောက် တရက်တကြိမ်ဝင် တော်မူပြန်၏၊ ပုဏ္ဏားလည်း“တစုံတခုရပါမူ လှူအံ့”ဟု ကြံ စည်လျက်ပင် မရခဲ့၍ ယခင်ဂရှုးအတူ ပုန်းအောင်းပြန်လေ ၏၊ ထိုမှ နောက်တရက်၌ တခုသောပုဏ္ဏားတို့ ရွတ်ဘတ်ကျွေး မွေးရာက ရုန့်စွာသော ပုဆိုးတထည်နှင့် ယနာထမင်းတ ခွက်ကိုရ၍ အိမ်သို့ယူခဲ့ပြီးသော် “ဤဆွမ်းကို ငါ့သား သာရိ ပုတ္တရာအား လှူခြင်းငှါသင့်၏”ဟု ကြံစည်သဖြင့် အရှင်သာ ရိပုတ္တရာကို အောက်မေ့၏၊ အရှင် သာရိပုတ္တရာလည်း ထိုခဏ၌ ဈာန်သမာပတ်မှ ထပြီးသော် မဟာသေန ပုဏ္ဏား ကိုဒိဗ္ဗစက္ခုဖြင့်မြင်၍ “မဟာသေနပုဏ္ဏားကား လှူဘွယ်ရ၍ ငါကြွလာခြင်းကို တောင်းတ၏၊ ငါသွားခြင်းငှါ သင့်၏” ဟု နှလုံးမူပြီးလျှင် သင်္ကန်းရုံ၍ သပိတ်စွဲလျက် မဟာသေန ပုဏ္ဏား၏အိမ်တံခါးဝ၌ ရပ်ခါမှသာ ကိုယ်တော်ကို ပြတော် မူ၏။

မဟာသေနပုဏ္ဏားလည်း အရှင်သာရိပုတ္တရာကို မြင် တည့်လျှင်ပင် စိတ်ကြည်ညိုစွာ ဖြစ်၍ကား ကပ်လှာ၍ ရှိခိုး လျက် ပဋိသန္ထာရပြုပြီးမှအိမ်တွင်းသို့ သွင်း၍နေစေ၏၊ ယနာ

ခွက်ကို ယူ၍လည်း အရှင်သာရိပုတ္တရာ သပိတ်၌လောင်း၏၊ အရှင်သာရိပုတ္တရာလည်း တဝက်ကိုသာခံ၍ သပိတ်ကိုပိတ်တော်မူ၏၊ မဟာသေန ပုဏ္ဏားလည်း—

"အရှင်ဘုရား....ဤဃနာဆွမ်းကား တယောက်ဝလောက်ရှိအတိုမျှသာတည်း၊ အကျွန်ုပ်အား တဝမလွန်၌ သင်္ဂြိုဟ်ခြင်းကို ပြုတော်မူပါ၊ပစ္စုပ္ပန်၌ သင်္ဂြိုဟ်ခြင်းကို ပြုတော်မမူပါလင့်၊အကြွင်းမဲ့ ကိုပင်ပေးတော်မူလိုပါသည်"—

ဟုလျှောက်၍ ဃနာဆွမ်း အလုံးစုံကို ဆောင်၏၊အရှင်သာရိပုတ္တရာလည်း ထိုအိမ်၌ ဘုဉ်းပေးတော်မူ၏၊ဃနာဆွမ်းဘုဉ်းပေးပြီးလျှင် ယခင်ပုဏ္ဏားတို့ ရွတ်ဘတ် ကျွေးမွေး ရာက ရခဲ့သော ရှန့်စွာသော ပုဆိုးထူ တထည်ကို လှူပြန်၍ "အရှင်ဘုရား....အကျွန်ုပ်လည်း အရှင်ဘုရားတို့ မြင်အပ်သောတရားသို့ ရောက်ပါချင်၏" ဟု ပတ္ထနာပြု၏၊ အရှင်သာရိပုတ္တရာလည်း "ပတ္ထနာသည့်အတိုင်း ဖြစ်စေ" ဟု အနုမောဒနာပြုပြီးလျှင် နေရာမှထ၍ ဖဲတော်မူ၍ ရာဇဂြိုဟ် ပြည်မှ အစဉ်အတိုင်း ဒေသစာရီ ကြွလေသော် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်သို့ ရောက်တော်မူလေ၏။

ဆင်းရဲသောကာလ လှူရသော ဒါနသည် အလွန်လျှင် နှစ်သက်စေမြဲတည်း၊ ထို့ကြောင့် မဟာသေန ပုဏ္ဏားလည်း ဃနာဆွမ်းနှင့်တကွ ပုဆိုးထူ တထည်ကို လှူဒါန်းရလေ၍ ကြည်ညိုစွာသော စိတ်ရှိလျက် ဝမ်းမြောက် ဝမ်းသာဖြစ်သဖြင့် အရှင်သာရိပုတ္တရာ၌ အလွန်ချစ်ခြင်းကို ပြု၏၊ ထိုသို့ အရှင်သာရိပုတ္တရာ၌ ချစ်ခြင်းကို ပြုစဉ်ပင်လျှင် စုတေလေ

၍ သာဝတ္ထိပြည် အရှင်သာရိပုတ္တရာ၏ အလုပ်အကျွေး သူဌေးအိမ်၌ ပဋိသန္ဓေနေလေ၏။

ဤတွင်ရွှေကား တိယသာမဏေ၏ အလောင်းဖြစ်သော
မဟာသေနပုဏ္ဏား၏အကြောင်း အရာကို
ဆိုသော အတိတ်ဝတ္ထုတည်း။

## ပစ္စုပ္ပန်အကြောင်း

သူဌေးသမီးလည်း ထိုခဏခြင်းပင်လျှင် မိမိဝမ်း၌ကိုယ်ဝန်တည်သော အဖြစ်ကိုသိ၍ လင်ဖြစ်သော သူဌေးအား ကြားပေ၏၊သူဌေးလည်းကိုယ်ဝန်အစောင့်အရှောက်အစောင်အမကိုပေး၏၊ အစောင့်အရှောက် အစောင် အမတို့လည်း အလွန် အေးသည်, အလွန် ချဉ်သည်, အလွန် စပ်သည်, အလွန်ငန်သည် အစရှိသော အစားအသောက် အသုံးအဆောင်တို့ကို ကြဉ်ရှောင်စေ၍ ချမ်းသာသဖြင့် ကိုယ်ဝန်ကိုဆောင်စေ၏၊ ထိုသို့ချမ်းသာစွာ ကိုယ်ဝန်ကိုဆောင်စဉ် ဤသို့သော ချင်ခြင်း ဖြစ်သတည်း။

> "အရှင်သာရိပုတ္တရာ အမှူးရှိသော ငါးရာသော ရဟန်းတို့ကို ပင့်ဘိတ်၍ အိမ်၌နေစေပြီးသော် ရေမရောသောနို့ဃနာဆွမ်းကို လှူပြီးမှ မိမိကိုယ်၌လည်း ဖန်ရည် စွန်းသော အဝတ်ကို ဝတ်၍ ရွှေခွက်ကို လက်စွဲလျက် ရဟန်းတို့နေရာအစွန်၌နေပြီးမှ ငါးရာမျှလောက်သော ရဟန်းတို့၏ စားကြွင်းကို စားရမူကား ကောင်းစွ"—

ဟူ၍ ဖန်ရည်စွန်းသော အဝတ်ကိုဝတ်ခြင်း, ရဟန်းတို့အစွန်၌နေခြင်း, ရဟန်းတို့စားကြွင်းကိုစားခြင်း၊ ဤသုံးပါးကို

ပြုလိုသော်ငါ ချင်ခြင်းဖြစ်ကြောင်းကို အဆွေ အမျိုး အား ကြား၏။

[ဤချင်ခြင်းသုံးပါးတွင် ဖန်ရည်စွန်းသော အဝတ်ကို ဝတ်လိုသော ချင်ခြင်းသည် ဝမ်း၌ကိန်းသော သူငယ်၏ ဘုရားသာသနာတော်၌ ရဟန်းပြုအံ့သော်ငါ ပုဗ္ဗနိမိတ်ဟူ၏၊ အကြွင်းနှစ်ပါးကား ဤပစ္စုနာ ဖြစ်သော ချင်ခြင်း၏အခြံအရံမျှသာတည်း။]

အဆွေအမျိုးတို့လည်း "ငါတို့သမီးအား တရားနှင့်လျော်သော ချင်ခြင်းဖြစ်သည်တကား"ဟု အရှင် သာရိပုတ္တရာကို သံဃာ့ထေရ်ပြု၍ ငါးရာသော ရဟန်းတို့အား ရေမရောသော နို့ဃနာကို လှူကုန်၏၊ သူဌေးသမီးလည်း ဖန်ရည်စွန်းသော အဝတ်တထည်ကိုဝတ်၍ တထည်ကိုရုံပြီးလျှင် ရွှေခွက်ကိုလက်စွဲလျက် ရဟန်းတို့နေရာအစွန်၌နေပြီးမှ ရဟန်းတို့ စားကြွင်းကိုစားရ၏၊ ထိုသို့စားရသဖြင့် ချင်ခြင်းငြိမ်းလေသတည်း။

[ဤသို့ ဆိုသဖြင့်ဖြစ်သောချင်ခြင်းငြိမ်းအောင်ပြုမှ ပုဗ္ဗနိမိတ်ဖြစ်သည့် အတိုင်း အကျိုးပေးသော ဟု အဓိပ္ပါယ်စကားကျ၏။]

ထိုမှတပါး ကိုယ်ဝန်မထမီအကြားတွင် ပြုသောမင်္ဂလာ, ဆယ်လလွန်သဖြင့် ဘွားသောအခါ ပြုသော မင်္ဂလာတို့၌လည်း အရှင်သာရိပုတ္တရာ အမှူးရှိသော ရဟန်းငါးရာတို့အား ရေအနည်းငယ်သာထည့်၍ခန်းစေသဖြင့် ကျက်ပြီးသောအခါ ရေနှင့်မရောသော ဃနာဆွမ်းကိုသာလျှင် လှူကုန်၏၊ ဤသို့လှူရခြင်းကား ရှေးဘဝ မဟာသေန ပုဏ္ဏားအဖြစ်က နို့ဃနာဆွမ်းလှူဘူးသော ဒါန၏ အကျိုးဆက်တည်း။

အမည်မှည့် သနေ့၌ကား နံနက်စောစောကပင် သူငယ်ကို ရေချိုးစေ၍ တန်းဆာဆင်ပြီးသော် ကြက်သရေရှိသော

အိပ်ရာ၌ အဘိုးဘသိန်းထိုက်သော ကမ္ဗလာထက် အိပ်စေကုန်၏၊ သူငယ်လည်း ထိုသို့ အိပ်စေလျက်ပင်လျှင် အရှင်သာရိပုတ္တရာကို ကြည့်၍—

"ဤအရှင်ကား ငါ၏ လက်ဦး ဆရာတည်း၊ ဤအရှင်ကိုမှီ၍ ဤစည်းစိမ်ကို ငါရသတည်း၊ဤအရှင်အား တခုခုသောစွန့်ကြဲခြင်းကို ပြုသော်သင့်၏"—

ဟုနှလုံးထားလျက် သိက္ခာပုဒ်ယူစိမ့်သောငှါ ဆောင်လေသော အကြိုက် မိမိကိုယ်အောက်ခင်းသော ကမ္ဗလာကို လက်သန်းလက်ချောင်းဖြင့် ရစ်ပတ်၍ယူ၏၊ထိုရောအခါသူငယ်၏ လက်ချောင်း၌ ကမ္ဗလာငြိသည်ဟု အမှတ်ရှိကြသဖြင့် ကမ္ဗလာကို ပယ်ခြင်းငှါ အားထုတ်ကုန်သော် သူငယ်ငိုကြွေးရကား "ဖဲကြကုန်၊ သူငယ်ကိုမငိုကြွေးစေကုန်လင့်" ဟူ၍ ကမ္ဗလာနှင့် တကွပင်လျှင် ဆောင်ကုန်၏၊ သူငယ်လည်း အရှင်သာရိပုတ္တရာကိုရှိခိုးသောအခါ ကမ္ဗလာမှ လက်ချောင်းကိုဖြေ၍ကမ္ဗလာကို အရှင်သာရိပုတ္တရာခြေတော်ရင်း၌ချလိုက်၏၊ဆွေမျိုးတို့လည်း မသိ၍သူငယ်ပြုလေသည်ဟု မဆိုကုန်ဘဲ "ငါတို့သားပေးသည်အတိုင်း စွန့်သည်ပင် ဖြစ်စေ"ဟုဆိုကုန်၍—

"အရှင်ဘုရား····တသိန်း ထိုက်သော ကမ္ဗလာဖြင့် ပူဇော်ခြင်းကိုပြုသော အရှင်ဘုရားတို့၏ ကျွန်ဖြစ်သော ဤသူငယ်အား သိက္ခာပုဒ်တို့ကိုပေးတော်မူပါ"—

ဟု လျှောက်ကုန်၏၊အရှင်သာရိပုတ္တရာလည်း "ဤသူငယ်ကား အဘယ်အမည်ရှိသနည်း"ဟု မေးတော်မူ၍ "အရှင်နှင့်တူသော အမည်ရှိ၏"ဟု လျှောက်ကုန်လျှင် "တိဿ

အမည်ရှိသည်ဖြစ်လတ္တံ့”ဟုမိန့်တော်မူ၏၊ အရှင်သာရိပုတ္တရာကား လူ့လက်ထက်က ဥပတိဿအမည်တော်ရှိသတည်း၊ ထိုသို့ အမည်မှည့်သနေ့ပင် မိခင်လည်း “ယနေ့ကစ၍ ငါ့သားအလိုရှိသမျှကို ငါမဖျက်”ဟုကြိုလေ၏၊ ဤကား သူငယ်ကို အမည်မှည့်သောမင်္ဂလာတည်း၊ ထိုမှနောက် ထမင်းခွံ့မင်္ဂလာ, နားထွင်းမင်္ဂလာ, ပုဆိုးဝတ်မင်္ဂလာ, ဥဿျှောင်ထုံးမင်္ဂလာတို့၌လည်းအရှင်သာရိပုတ္တရာအမှူးရှိသောရဟန်းငါးရာတို့အား ယခင်ကနည်း ရေမရောသော နို့ယနာကိုသာလျှင် လှူကုန်၏။

[ဤသို့ ဝတ္ထုထုံးစံရှိရကား အမည်မှည့်, ထမင်းခွံ့, နားထွင်း, ပုဆိုးဝတ်, ဥဿျှောင်ထုံးမင်္ဂလာ ငါးပါးသည် လောက၌ အစဉ်ပြုမြဲ မင်္ဂလာတည်း၊ ကိုယ်ဝန်မထမီ အကြားအကြား၌ပြုသောမင်္ဂလာ, ဘွားသနေ့ပြုသော မင်္ဂလာနှင့် ခုနစ်ပါးဖြစ်သတည်း။]

ထို့နောင်မှ သူငယ်သည် ကြီးခြင်းသို့အစဉ်ရောက်၍ ခုနစ်နှစ်အရွယ်ပြည့်ပြောက်သောအခါ မိခင်ကို “အရှင်သာရိပုတ္တရာအထံတော်၌ ရဟန်းပြုပါအံ့”ဟု ဆို၏၊ မိခင်လည်း “ချစ်သား····ကောင်းပြီ၊ လက်ဦးအမည်မှည့်စသနေ့ကပင် ငါ့သားအလိုရှိသမျှကို ငါမဖျက်ဟု နှလုံးသွင်းခြင်းရှိ၏၊ ချစ်သားအလိုရှိတိုင်းပြုကာမူ”ဟူ၍ဆိုပြီးသော် အရှင်သာရိပုတ္တရာကိုပင့်၍ ဆွမ်းလှူပြီးလျှင် “အရှင်ဘုရားတို့ ကျွန်ဖြစ်သော တိဿသတို့သားသည် ရဟန်းပြုအံ့သတည်း”ဟု ဆို၍ “ထိုတိဿသတို့သားကို ညချမ်းအခါ ကျောင်းသို့ဆောင်၍ လာပါကုန်အံ့”ဟု ခွင့်ပန်၏၊အရှင်သာရိပုတ္တရာလည်း ခွင့်ပြုပြီးလျှင် ကျောင်းသို့ပြန်တော်မူ၏။

ထိုနေ့ညချမ်းအခါ၌ ကြီးစွာသော ပူဇော်ခြင်း, မြတ်နိုးခြင်းဖြင့် တိဿသတို့သားကို ကျောင်းသို့ယူဆောင်၍ အရှင်သာရိပုတ္တရာအားဆောက်နှင်း၏၊ အရှင်သာရိပုတ္တရာလည်း တိဿသတို့သားနှင့်တကွ ပြောဆိုလိုသည်ဖြစ်၍ ဤသို့ မိန့်တော်မူ၏။

"တိဿ····ရဟန်းတို့ မည်သည်ကား အလွန်လျှင်ခဲခက်၏၊ အပူဖြင့်အလိုရှိသော် အချမ်းကိုရတတ်၏၊ အချမ်းဖြင့်အလိုရှိသော် အပူကိုရတတ်၏၊ ဆင်းရဲငြိုငြင်သဖြင့် အသက်မွေးရ၏၊ သင်သည်လည်း ချမ်းသာခြင်း၌ တည်သသူတည်း၊ ရဟန်းပြုခြင်းငှါ တတ်နိုင်ပါအံ့လော"—

ဟု မိန့်တော်မူ၏၊ "အရှင်ဘုရား ···· အကျွန်ုပ်ကား အရှင်ဘုရားတို့ဆုံးမသောအမှတ်ဖြင့်သာ အလုံးစုံကို ပြုခြင်းငှါ တတ်နိုင်ပါအံ့"ဟု လျှောက်လျှင် "ထိုသို့ တပြီးကား ကောင်းပြီ"ဟုမိန့်တော်မူ၍ စက်ဆုပ်ဘွယ်ခသော အသုဘကို နှလုံးသွင်းစေသောအားဖြင့် တစပဥ္စကကမ္မဋ္ဌာန်းကို ကြား၍ သာမဏေပြုတော်မူ၏။

[ရဟန်းသာမဏေပြုသော အခါ၌ကား ကေသာ, လောမာ အစရှိသော သုံးဆဲ့နှစ်ပါးသော အစုအဘို့ဟု ဆိုအပ်သော ဒွတ္တိံသာကာရ အလုံးစုံကိုပင် ကြားခြင်းငှါအပ်၏၊ အလုံးစုံကို မကြားနိုင်မူကား တစပဥ္စကကမ္မဋ္ဌာန်း ကိုသော်လည်း ကြားအပ် သလျှင်ကတည်း၊ ထိုစကားလျှင်သင့်၏၊ တစပဥ္စကကမ္မဋ္ဌာန်းမည်သည်ကို ခပ်သိမ်းသောဘုရားတို့လည်း မစွန့်လေ၊ ကေသာ အစရှိသောတခုတခုသောအဘို့အစုကို နှလုံးသွင်း၍ ရဟန္တာအဖြစ်သို့ရောက်ကုန်သော ရဟန်းယောကျ်ား, ရဟန်း

မိန်းမ,ဥပါသကာယောကျ်ား,ဥပါသိကာမိန်းမတို့ကား မရေတွက် မပိုင်းခြားနိုင်၊ ဤသို့သောနည်းဖြင့် မလိမ်မာသောရဟန်းတို့သည် သူ့ကို ရဟန်း,သာမဏေ ပြုကုန်သော်ဆိုခဲ့သောအတိုင်းမကြားသဖြင့် အရဟတ္တဖိုလ်၏အကြောင်းကိုဖျက်ဆီးလေကုန်၏၊ ထို့ကြောင့် အရှင်သာရိပုတ္တရာလည်း တိဿသတို့သားအား တစပဉ္စက ကမ္မဋ္ဌာန်းကိုကြား၍ သရဏဂုံပေးသဖြင့် သာမဏေပြုတော်မူ၏၊ သိက္ခာပုဒ်ပေးသဖြင့်လည်း ဆယ်ပါးသီလ၌ တည်စေတော်မူ၏။]

တိဿသတို့သား၏မိဘတို့လည်း သားကို သာမဏေပြုပြီးသော် ခုနစ်ရက်ပတ်လုံး ပူဇော်သက္ကာရပြုလို၍ ကျောင်း၌ပင်လျှင် ဘုရားအမှူးရှိသော သံဃာတော်တို့အား ရေအနည်းငယ်သာထည့်၍ ရေခန်းအောင်ချက်ပြီးလျှင်ပျားရည်နှင့်ယှဉ်သောနို့ဃနာကိုသာ လှူကုန်၏၊ ရဟန်းတို့လည်း "နို့ဃနာကိုသာ မပြတ်စားခြင်းငှါ မတတ်နိုင်ကုန်"ဟု ရှုတ်ချည်းညူကုန်၏။

[ဤသို့သော ဝတ္ထုစကားဖြင့် ရဟန်း,သာမဏေပြုအံ့သသူကို ကျောင်းသို့အတင့်အတယ်ဆောင်ခြင်း, တစပဉ္စကကမ္မဋ္ဌာန်းကြားခြင်းများကား အစဉ်ထုံးစံလျှင်ဖြစ်သတည်း။]

ဤသို့ ခုနစ်ရက်ပတ်လုံး ဘုရားအမှူးရှိသော သံဃာတော်တို့အား ပူဇော်သက္ကာရပြုပြီး၍ မိဘတို့အိမ်သို့ ပြန်ကုန်သော်ရှစ်ရက်မြောက်သနေ့နံနက် ရဟန်းတို့နှင့်အတူတကွ သာဝတ္ထိပြည်သို့ တိဿသာမဏေဆွမ်းခံဝင်လေ၏၊ သာဝတ္ထိပြည်သူပြည်သားတို့လည်း "ယနေ့ တိဿသာမဏေ ဆွမ်းခံဝင်လာ၏၊ ပူဇော်သက္ကာရပြုကြကုန်အံ့"ဟု ပုဆိုးငါးရာတို့ဖြင့်

အခုအခံပြု၍ ဆွမ်းငါးရာတို့ကိုစီရင်ပြီးလျှင် ယူလင့်၍ ခရီးရင်ဆိုင်ရပ်လျက် လှူကုန်၏၊ ဆွမ်းခွက်အောက်ပုဆိုးကိုခံ၍ ပုဆိုးနှင့်တကွလှူသတည်း။

ထိုနေ့မှ နောက်တရက်၌လည်း ယခင်နည်းပင် ကျောင်းဥပစာသို့ သွား၍ လှူကုန်၏၊ ဤသို့ နှစ်ရက်မျှဖြင့် ပုဆိုးတထောင်နှင့်တကွ ဆွမ်းတထောင်ကိုတိဿသာမဏေရလေ၏၊ ရတိုင်းကိုလည်း ရဟန်းသံဃာတို့အားသာ လှူကုန်၏၊ ဤသို့နှစ်ရက်အခန့်ဖြင့် ပုဆိုးတထောင်ရခြင်းသည်ကား ရှေးဘဝက မဟာသေနပုဏ္ဏားဖြစ်စဉ် ရှုန့်စွာသော ပုဆိုးထူတထည်ကိုလှူဒါန်းခဲ့ဘူးသောဒါန၏အကျိုးတည်း၊ ထိုသို့ မိမိအား ရသော ဆွမ်းတထောင်တို့ကို ရဟန်းသံဃာတို့အား လှူတတ်သောဂုဏ်အထူးကိုစွဲ၍ တိဿသာမဏေကို "ပိဏ္ဍပါတဒါယကတိဿ"ဟု နှစ်ကြိမ်မြောက် မှည့်ကုန် ခေါ်ဝေါ်ကုန်၏။

ထို့နောက် တနေ့သ၌ တိဿသာမဏေသည် ချမ်းသောဆောင်းရာသီအခါ အချမ်းကိုပယ်ခြင်းငှါ ကျောင်းစဉ်လှည့်လေသော် မီးတင်းကုပ်စသော ထိုထိုအရပ်တို့၌ မီးလှုံကုန်သော ရဟန်းတို့ကိုမြင်၍ "အရှင်ဘုရားတို့ · · အဘယ့်ကြောင့် မီးလှုံလျက်နေကုန်သနည်း"ဟု ဆို၏၊ အချမ်းဖြင့်နှိပ်စက်ကြောင်းကို ရဟန်းတို့ဆိုကုန်လျှင် "ချမ်းသောဆောင်းရာသီအခါ မည်သည်ကား ကမ္ဗလာကိုရုံခြင်းငှါ သင့်သည်မဟုတ်လော၊ ကမ္ဗလာသည် အချမ်းကိုပယ်ခြင်းငှါ စွမ်းနိုင်သည်တကား"ဟု ဆို၏၊ "သာမဏေ · · ဘုန်းကံကြီးသော သင်မူကား ကမ္ဗလာကို ရလေဘိ၏၊ ငါတို့မူကား အဘယ်မှာ ကမ္ဗလာရပါအံ့နည်း" ဟုရဟန်းတို့ဆိုကုန်သော်—

"အရှင်ဘုရားတို့….ထိုသို့တပြီးကား ကမ္ဗလာကို လိုသောရဟန်းတို့သည် အကျွန်ုပ်နှင့်အတူ လာပါကုန်"–

ဟူ၍ ကျောင်းအလုံး၌ ရဟန်းတို့ကိုကြားစေ၏၊ ထိုရော အခါ "တိဿသာမဏေနှင့် အတူလိုက်၍ ကမ္ဗလာရပါကုန် အံ့"ဟု ခုနစ်နှစ်အရွယ် သာမဏေငယ်ကို အမှီပြု၍လျက် တထောင်လောက်သော ရဟန်းတို့သည် ကျောင်းမှထွက်လေ ကုန်သတည်း၊ တိဿသာမဏေလည်း "ဤမျှလောက်သော ရဟန်းတို့အား ဘယ်မှာကမ္ဗလာရနိုင်အံ့နည်း"ဟု စိတ်မျှကို လည်းမဖြစ်စေဘဲ ထိုရဟန်းတို့ကိုယူ၍ သာဝတ္ထိမြို့သို့ ရှေးရှု သွားလေ၏၊ ဤသို့မရနိုင်ဟု စိတ်မျှမထင်၊ ရနိုင်အံ့သောငှါ ထင်ခြင်းကား ကြည်ညိုစွာသောစိတ်ဖြင့် လွတ်လွတ် ဆွတ် ဆွတ် ကောင်းစွာ လှူဒါန်းခဲ့သောဒါန၏ အစွမ်းအာနုဘော် တည်း။

သာဝတ္ထိမြို့တွင်းသို့မဝင်မီ မြို့ပြင်၌ပင် အိမ်စဉ်လှည့်လည် သော် ကမ္ဗလာငါးရာရပြီးမှ မြို့တွင်းသို့ဝင်လေ၏၊ မြို့သူ, မြို့သားတို့လည်း ထိုမှ ဤမှ ကမ္ဗလာကို ဆောင်ခဲ့ကုန်၏၊ ယောကျ်ားတယောက်ကား အိမ်ဈေးတံခါးဖြင့် သွားလေ သော် ကမ္ဗလာငါးရာကို ခင်းကျင်း၍နေသော အိမ်ဈေးသည် တယောက်ကိုမြင်၍ "အိုအချင်းအိမ်ဈေးသည်….သာမဏေ တပါးသည် ကမ္ဗလာတို့ကိုဆောင်လျက်လာ၏၊ သင့်ကမ္ဗလာ တို့ကိုဖုံးလော့"ဟု ဆို၏၊ အိမ်ဈေးသည်လည်း "သာမဏေ သည် ပေးမှတည်း ယူသလော၊မပေးဘဲတည်းယူသလော"ဟု ဆိုလျှင်"ပေးမှသာယူ၏၊ မပေးသော်မယူ"ဟူ၍ ထိုခရီးသွား ယောကျ်ားဆိုသော် "ထိုသို့တပြီးကား ငါပေးလိုသော် ပေး

အံ့၊ ငါမပေးလိုသော်နေအံ့၊ သင်အလိုရှိရာသွားလေ” ဟု ခမောင်းလိုက်၏။

[အလှူပေးခြင်း၌ ဝန်တိုသော သူမိုက်တို့အား သူ တပါးတို့အလှူပေးကုန်သော် ဝန်တိုမဿေရ ဖြစ်ကုန်၏၊ ပသေနဒီ ကောသလမင်းနှင့် ပြည်သူပြည်သားတို့ အသ ဒိသဒါနပေးသောအခါ ဝန်တိုမဿေရဖြစ်သော ကာဠ အမတ်ကဲ့သို့ ငရဲ၌ဖြစ်လေကုန်သတည်း။]

အိမ်ရှေးသည်လည်း ဤသို့ ကြံပြန်၏၊ “ခရီးသွားသော ယောက်ျားကား မိမိသဘောအားဖြင့်လာ၍ သင့်ကမ္ဗလာတို့ ကိုဖုံးလော့ဟုဆိုပေ၏၊ ငါတမူကား သာမဏေသည်ပေးမှယူ တပြီးကား ငါ့ဥစ္စာကိုပေးလိုလည်းပေးမည်၊ မပေးလိုလည်း နေမည်၊ သင်လိုရာသွားလေဟု ဆိုလိုက်မိ၏၊ မျက်မှောက် ထင်ထင်မြင်လျက်ကိုလည်း မပေးချေသော် အရှက်ရရာ၏၊ ကိုယ့်ဥစ္စာကို ဖုံးသော်လည်း အပြစ်မရှိ၊ ဤကမ္ဗလာ ငါးရာ တို့တွင်လည်း ကမ္ဗလာနှစ်ထည်သည် အဘိုးတသိန်းစီနှင် နှင်ထိုက်၏၊ ဤကမ္ဗလာနှစ်ထည်ကိုသာ ဖုံးသော်သင့်၏”ဟု ကြံပြီးသော် အဆာဖြင့် အဆာကို အဆာချင်းဘွဲ၍ ကွင်း သောကမ္ဗလာတို့၏ အကြား၌ ထားလျက် ဖုံး၏။

တိဿသာမဏေလည်း ရဟန်းတထောင်နှင့်တကွ ထို အရပ်သို့ ရောက်လာသော် မြင်တည့်ခြင်းပင် အိမ်ရှေးသည် အား သားကဲ့သို့ချစ်ခြင်းဖြစ်၍ ချစ်ခြင်း ကိုယ်အလုံးပြည့်ရ ကား “ကမ္ဗလာတို့ကိုထားဘိဦး၊ ဤသာမဏေကို မြင်ရ သော် နှလုံးသားကိုပင်လည်း ပေးခြင်းငှါသင့်၏”ဟု ကြံပြီး မှ အဘိုးတသိန်းစီထိုက်သော ထိုကမ္ဗလာနှစ်ထည်ကိုထုတ်၍ တိဿသာမဏေ၏ ခြေရင်း၌ထားလျက် “အရှင်ဘုရားတို့မြင်

သောတရား၏ အဘို့ရှိသည်ဖြစ်ပါချင်၏''ဟု ပတ္ထနာပြု၍လှူ၏၊ တိဿသာမဏေလည်း ''ဤသို့ ဖြစ်စေ''ဟု အနုမောဒနာပြု၍ သွားလေ၏၊ဤသို့ မြို့တွင်း၌လည်း ကမ္ဗလာငါးရာရလေသတည်း။

တကြိမ်သာဝင်ကာမျှဖြင့် တနေ့ခြင်းပင် မြို့ပြင် ငါးရာ, မြို့တွင်းငါးရာ ကမ္ဗလာတထောင်ရပြီးသော် ထိုအလုံးစုံကို ရဟန်းတထောင်တို့အား ပေး၏၊ ထိုသို့တကြိမ်ဝင်ကာမျှဖြင့် တနေ့ခြင်းရသော ကမ္ဗလာတထောင်ကို ရဟန်းသံဃာတို့အား လှူတတ်သော ဂုဏ်အထူးကိုစွဲ၍ တိဿသာမဏေကို ''ကမ္ဗလဒါယကတိဿ''ဟု သုံးကြိမ်မြောက် မှည့်ကုန်ခေါ်ဝေါ်ကုန်၏။

[ယခင် ဆိုခဲ့ပြီးသောအတိုင်း အမည်မှည့် သနေ့၌ အရှင်သာရိပုတ္တရာအား ဘွားစသူငယ်ဖြစ်စဉ်က လှူဒါန်းခဲ့သော ကမ္ဗလာသည် ခုနစ်နှစ်ရွယ်မြောက်သောအခါ ကမ္ဗလာ တထောင်တိုင်အောင် အဘို့သို့ရောက်သဖြင့် တနေ့ခြင်းပင် ကမ္ဗလာတထောင်ရလေ၏၊ အမည်မှည့် သနေ့က ကမ္ဗလာလှူသောဒါနသည် ယခုဘဝ ခုနစ်နှစ်ရွယ်တိုင်လျှင်ပင် ကမ္ဗလာတထောင်ရသောအကျိုးကိုပေးသည် ဟူလိုသတည်း။

ထိုစကားသည်လျှင် သင့်၏၊ အကြင်ဌာန၌ အနည်းပေးသော်လည်း အများရ၏၊ အများပေး သော်ကား အလွန်များစွာရ၏၊ ထိုဌာနကား ဘုရား သာသနာကို ထား၍တပါးဌာနမရှိ၊ဘုရားသာသနာတော်သာတည်း၊ ထို့ကြောင့် မြတ်စွာဘုရားလည်း-

တထာရူပါယံ ဘိက္ခဝေ ဘိက္ခု၊ သံဃေ အပ္ပံ ဒိန္နံ ဗဟုံ ဟောတိ၊ ဗဟုဒိန္နံ ဗဟုတရံ-

ဟူသော ဓမ္မဒေသနာ တော်ဖြင့် "ချစ်သားတို့…အ
ကြင်သို့ သဘောရှိသော ရဟန်း၌ အလှူ အနည်းပေး
သော် အကျိုးအများဖြစ်၏၊အလှူအများပေးသော်ကား
အကျိုးအလွန် အများဖြစ်၏၊ ငါဘုရား တပည့်သားဖြစ်
သော ရဟန်းသံဃာသည် ထိုသို့သဘောရှိ၏" ဟူ၍
ဟောတော်မူပြီ၊ ဤသို့ ဟောတော် မူသော တရား
တော်နှင့်အညီ ကမ္ဗလာ တထည်လှူသောဒါန၏အကျိုး
အားဖြင့် ကမ္ဗလာ တထောင်ရလေသတည်း။]

တိဿ သာမဏေလည်း ဇေတဝန်ကျောင်းတော်၌နေလေ
သော် အဆွေအမျိုး သတို့သားတို့ မပြတ်လာ၍စကားပြော
ဟောကုန်ရကား ဤသို့ကြံ၏။

"ဤအရပ်၌ ငါနေသဖြင့် အဆွေအမျိုး သတို့
သားတို့သည် လာလတ်၍ စကားပြောဟော ကုန်
သော် စကားတို့ မပြောမဟော နေအံ့သော်ငါလည်း
မတတ်ကောင်းခဲ့၊ ပြောဟော သဖြင့်လည်း အကြာ
အမြင့်သာ ဖြစ်၏၊ ကိုယ်ဘိုတည်ရာကို ပြုအံ့သော်ငါ
မတတ်ကောင်းခဲ့၊ ထို့ကြောင့်ရကား ဘုရားသခင်အ
ထံတော်မှ ကမ္မဋ္ဌာန်းကို သင်၍ တောသို့ ဝင်ရသော်
ကောင်း၏"—

ဟုကြံပြီးလျှင် ဘုရားသခင်သို့ ကပ်၍ အရဟတ္တဖိုလ်တိုင်
အောင်သော ကမ္မဋ္ဌာန်းကို သင်ပြီးမှ ဥပဇ္ဈာယ် ဖြစ်သော
အရှင်သာရိပုတ္တရာကို ရှိခိုးခဲ့၍ သပိတ်,သင်္ကန်းကို ယူလျက်
ဇေတဝန်ကျောင်းတော်မှ ထွက်ပြီးလျှင် "အကယ်၍ နီးသော
အရပ်၌နေငြားအံ့၊ အဆွေအမျိုးတို့ ခေါ်ကုန်လတ္တံ့" ဟုနှ
လုံးသွင်း၍ သာဝတ္ထိပြည်မှ ယူဇနာ တရာ့နှစ်ဆယ်ကွာသော
ခရီးသို့သွားလေ၍ ထိုမျှလောက် ခရီးရောက် သောအခါ တ

ခုသော ရွာတံခါးဖြင့်သွားလတ်သော် တယောက်သော သူအို ယောကျ်ားကိုမြင်၍ ဥပါသကာကြီး....ဤအရပ်၌ နေကုန်သော ရဟန်းတို့၏ တောကျောင်း မရှိပါလော” ဟု မေး၍ ရှိကြောင်းကို ဆိုသော် “ထိုသို့တပြီးကား ငါ့အားခရီးကိုကြားပါ” ဟုဆို၏၊ ထိုသူအို ယောကျ်ားအား တိဿသာမဏေကိုမြင်လျှင် မြင်တည့်ခြင်းပင် သားကဲ့သို့ ချစ်ခြင်းဖြစ်သတည်း။

ထိုသူအိုလည်း ထိုအရပ်တွင်သာ ရပ်လျက် ခရီးမကြားမူ၍ “တိဿ သာမဏေနှင့် အတူတကွပင်လျှင် ကြားအံ့” ဟု တိဿ သာမဏေကိုယူ၍ ဘဝါးခြေထပ် လိုက်လေ၏၊ တိဿ သာမဏေလည်း ထိုသူအိုနှင့် အတူတကွ သွားလေသော် ခရီးအကြား၌ အထူးထူး အပွင့်, အသီးတို့ဖြင့် တန်းဆာဆင်သော သစ်ပင်, တော, တောင်တို့ကို မြင်၍ “ဤတော, ဤတောင်တို့ကား အဘယ်အမည် ရှိသနည်း” ဟု မေး၏၊ သူအိုယောကျ်ားလည်း ထိုတော, ထိုတောင်တို့၏ အမည်ကို ကြားလျက် တောကျောင်းသို့ ရောက်အောင် ဆောင်ပြီးသော် “ဤအရပ်ကား ချမ်းသာသော အရပ်တည်း၊ ဤအရပ်၌ သာနေတော်မူပါ” ဟုဆိုပြီးမှ တိဿသာမဏေ၏ အမည်နာမကို မေးပြီးလျှင် “နက်ဖြန် အကျွန်ုပ်တို့ ရွာ၌ ဆွမ်းခံခြင်းငှါ သင့်၏” ဟု ဆို၍ ရွာသို့ပြန်လေ၏၊ ရွာသို့ရောက်လျှင် “အရှင် ဝနဝါသိက တိဿသည် တောကျောင်းသို့ ရောက်လာ၏၊ ယာဂု, ဆွမ်းအစရှိသည်ကို စီရင်ကုန်” ဟု လူတို့အား ကြားလေ၏။

[တိဿ သာမဏေကား လက်ဦးစွာ မိဘတို့မှည့်သော ငယ်မည်ဖြင့် တိဿ, နှစ်ကြိမ်မြောက် ပိဏ္ဍပါတ

ဒါယက တိဿ, သုံးကြိမ်မြောက် ကမ္ဗလ ဒါယက တိဿ, လေးကြိမ်မြောက် ဝနဝါသိက တိဿ ဟူ၍ ခုနစ်နှစ်ရွယ် အတွင်း၌ပင် အမည် လေးပါးကို ရသတည်း။]

တောကျောင်းသို့ ရောက်ပြီး နောက်တနေ့ နံနက်ကပင် ထိုရွာသို့ ဆွမ်းခံဝင်လေ၏၊ လူတို့ဆွမ်းလှူ၍ ရှိခိုးကြသော်—

(၁) သုခိတာဟောထ-ချမ်းသာသည် ဖြစ်ကြကုန်။

(၂) ဒုက္ခာမုစ္စထ-ဆင်းရဲမှ လွတ်ကြကုန်—

ဟူ၍ ဤစကား နှစ်ခွန်းဖြင့်သာ အနုမောဒနာ ပြု၏၊ ရွာ၌နေသော လူတို့လည်း ဆွမ်းလှူပြီးလျှင် တယောက်မျှ အိမ်သို့မပြန်နိုင်၊ တိဿ သာမဏေကိုသာ ဖူးတွေ့ကြည့်ရှုလျက် နေကြကုန်၏၊ တိဿ သာမဏေလည်း မိမိမျှလောက် ရုံသာခံ၍ ဘုဉ်းပေးပြီးသော အဆုံး၌ ရွာသူရွာသားအပေါင်းတို့သည် တိဿသာမဏေ၏ ခြေရင်း၌ ရင်ဖြင့်အပ်၍ ပျပ်ဝပ်ကုန်လျက်—

"အရှင်ဘုရား....ဤကျောင်း၌ ဝါတွင်းသုံးလပတ်လုံး နေတော် မူကုန်သော် သရဏဂုံ ယူပါကုန်အံ့၊ ပဥ္စသီလ စောင့်တည်ပါကုန်အံ့၊ ဥပုသ်သုံးပါကုန်အံ့၊ ဤကျောင်း၌ နေခြင်းကို အကျွန်ုပ်တို့အား ပဋိညာဉ် ပေးပါလော့"—

ဟုဆိုကုန်၏၊ တိဿ သာမဏေလည်း ထိုသို့သော ကျေးဇူးကိုမှတ်၍ ပဋိညာဉ် ပေးပြီးသော် ထိုကျောင်း၌နေလျက် ထိုရွာ၌ မပြတ်ဆွမ်းခံ၏၊ ရွာသူရွာသားတို့ ရှိခိုးကြသော ခဏ၌လည်း ယခင်ဆိုခဲ့ပြီးသော "သုခိတာဟောထ၊ ဒုက္ခာမုစ္စထ"ဟူသော စကားနှစ်ခွန်းဖြင့်သာ အနုမောဒနာ

ပြု၍ဘဲလေ၏၊ ထိုကျောင်း၌ပင်လျှင် ဝါတွင်းသုံးလတွင် ပဌမလ,ဒုတိယလကိုလွန်စေ၍ တတိယလတိုင်သော် ပဋိသမ္ဘိဒါ လေးပါးနှင့်တကွ ရဟန္တာအဖြစ်သို့ ရောက်လေ၏။

ထိုနှစ်ပဝါရဏာပြု၍ ဝါကျွတ်ပြီးသောကာလ တိဿသာမဏေ၏ ဥပဇ္ဈာယ်ဖြစ်သော အရှင်သာရိပုတ္တရာသည် မြတ်စွာဘုရား အထံတော်သို့ကပ်၍ "အရှင်ဘုရား....တိဿသာမဏေရှိရာသို့ အကျွန်ုပ် သွားချေအံ့"ဟု လျှောက်၏၊ "သာရိပုတ္တရာ....သွားချေလော့"ဟု မိန့်တော်မူသော် အခြံအရံရဟန်းငါးရာတို့နှင့်တကွ ကြွလေ၏၊ အရှင်မဟာမောဂ္ဂလာန်လည်း တိဿသာမဏေရှိရာသို့ ကြွအံ့သောအကြောင်းကို အရှင်သာရိပုတ္တရာ ပြောဆိုလျှင် "ငါ့ရှင်....ငါလည်း သွားအံ့"ဟု အခြံအရံ ရဟန်းငါးရာတို့နှင့်တကွ အရှင်မောဂ္ဂလာန်လည်း ကြွတော်မူလေ၏။

ဤနည်းနှင်နှင် အရှင်မဟာကဿပ, အရှင်အနုရုဒ္ဓါ, အရှင်ဥပါလိ,အရှင်ပုဏ္ဏအစရှိသော အသီတိ မဟာသာဝကတို့သည် အခြံအရံရဟန်းငါးရာစီနှင့် တကွကြွတော်မူကုန်၏၊ အခြံအရံ ရဟန်းအပေါင်းကား လေးသောင်းနှင်နှင် ဖြစ်သတည်း၊ သံဃာ့ထေရ်ဖြစ်သော အသီတိမဟာသာဝကနှင့်သော် လေးသောင်းရှစ်ဆယ်အမှန်တည်း၊ ထိုရဟန်းအပေါင်းတို့သည် သာဝတ္ထိပြည်မှ ယူဇနာတရာ့နှစ်ဆယ်ကွာသောခရီးသို့သွား၍ တိဿသာမဏေ၏ ဆွမ်းခံရွာသို့ ရောက်လေသော် မပြတ်အလုပ်အကျွေးဖြစ်သော ဥပါသကာတယောက်သည် ရွာတံခါး၌ ရဟန်းအပေါင်းကိုမြင်၍ ခရီးဦးကြိုဆိုလျက်ရှိခိုးလင့်၏၊ "ဥပါသကာ....ဤအရပ်၌တောကျောင်းရှိသလော" ဟု ဥပါသကာကို အရှင်သာရိပုတ္တရာမေးတော်မူ၍ ရှိကြောင်း

ကိုဆိုသော် "ရဟန်းရှိသလော,မရှိသလော"ဟု မေးတော်မူပြန်၍ ရဟန်းရှိကြောင်းကိုဆိုလျှင် "အဘယ်မည်သော ရဟန်းနေသနည်း"ဟု မေးတော်မူပြန်၍ ဝနဝါသီကအမည်ရှိသော တိဿသာမဏေသည် နေသတည်း"ဟုဆိုလျှင်"ထိုသို့တပြီးကား ငါတို့အား ခရီးကြားပါ"ဟု မိန့်တော်မူ၏။

ဥပါသကာလည်း "အရှင်ဘုရားတို့ကား အဘယ်သူတို့နည်း"ဟုမေး၍ "ငါတို့ကား တိဿသာမဏေ၏ အထံသို့လာသောရဟန်းတို့တည်း"ဟုမိန့်တော်မူမှ အလုံးစုံကိုကြည့်၍ အရှင်သာရိပုတ္တရာ အစရှိသော မဟာသာဝကအပေါင်းကိုသိပြီးလျှင် ပီတိဖြင့်မပြတ်နှံ့သောကိုယ်ရှိသည်ဖြစ်၍"သည်တွင်ရပ်တော်မူပါဦး"ဟု လျှောက်ပြီးမှ ရွာသို့ရှောင်တခင်ဝင်လေ၍—

"အိုအချင်းတို့....အရှင်သာရိပုတ္တရာမှစ၍ အသီတိ မဟာသာဝကတို့သည် အခြံအရံနှင့်တကွ အရှင်တိဿသာမဏေ၏ အထံသို့လာလတ်ကုန်၏၊ ညောင်စောင်း,အင်းပျဉ်,အိပ်ရာအခင်း, ဆီမီးအစရှိသည်တို့ကိုယူ၍ လျင်စွာထွက်ကြကုန်"—

ဟု ကြွေးကြော်၏၊ ရွာသူရွာသားတို့လည်း ထိုခဏခြင်းပင် ညောင်စောင်း,အင်းပျဉ်,အိပ်ရာအခင်း, ဆီမီးအစရှိသည်တို့ကိုယူလျက် မထေရ်တို့နှင့် ဘဝါးခြေထပ်လိုက်၍ အတူတကွသာလျှင် ကျောင်းသို့ဝင်ကုန်၏။

တိဿသာမဏေလည်း ရဟန်းအပေါင်းတို့ လာကြောင်းကိုသိသဖြင့် အစဉ်အတိုင်း မထေရ်ကြီးတို့၏ သပိတ်, သင်္ကန်းတို့ကို လှမ်းယူ၍ ဝတ်ပြု၏၊ မထေရ်ကြီးတို့နေရာကို

တိဿသာမဏေစီရင်စဉ်,သပိတ်-သင်္ကန်းကို သိမ်းစဉ်ပင်လျှင် ညဉ့်အမိုက်ဖြစ်လေသတည်း၊ အရှင်သာရိပုတ္တရာလည်း“ဥပါသကာတို့… ညဉ့်မိုက်ပြီ၊ သွားကြကုန်”ဟု မိန့်တော်မူ၏၊ “အရှင်ဘုရား….ယနေ့ကား တရားနာအံ့သော နေ့တည်း၊ မသွားကုန်ပြီ၊ ဤမှရှေးက တရားမနာရကုန်၊ ယခုတရားနာပါကုန်အံ့”ဟု ဥပါသကာတို့ဆိုကုန်သော် “ထိုသို့တပြီးကား တိဿသာမဏေ….ဆီမီးညှိ၍ တရားနာအံ့သော အခါကို ကြွေးကြော်လော့”ဟု မိန့်တော်မူ၏၊ တိဿသာမဏေလည်း မိန့်တော်မူတိုင်းပြု၏။

အရှင်သာရိပုတ္တရာလည်း “သင်၏ အလုပ်အကျွေးဖြစ်သောဥပါသကာတို့သည် တရားနာလိုကုန်သည်ဟု ဆိုကုန်၏၊ သင်တရားဟောပါလေ”ဟူ၍ တိဿသာမဏေကို မိန့်တော်မူသော် ဥပါသကာတို့သည် တပြိုင်နက်ထကုန်၍ “အရှင်ဘုရား….အကျွန်ုပ်တို့ အရှင်တိဿကား သုခိတာဟောသ၊ ဒုက္ခာမုစ္စထ–ဟူသော စကားနှစ်ခွန်းကိုထား၍ တပါးသော ဓမ္မကထာကို မတတ်ပါ၊ အကျွန်ုပ်တို့အား အခြားဓမ္မကထိကကိုပေးတော်မူပါ”ဟု ဆိုကုန်၏၊ တိဿသာမဏေကား ရဟန္တာအဖြစ်သို့ ရောက်ပြီး၍လည်း ဥပါသကာတို့အား အကျယ် တရားမဟောလေ၊ ထို့ကြောင့် ဤသို့ဥပါသကာတို့ ဆိုကုန်သတည်း။

ထိုရောအခါ၌ကား ဥပဇ္ဈာယ်ဖြစ်သော အရှင်သာရိပုတ္တရာသည်–

(၁) တိဿသာမဏေ….အဘယ်သို့ကား ချမ်းသာကြသည်ဖြစ်ကုန်သနည်း။

(၂) အဘယ်သို့ကား ဆင်းရဲမှလွတ်ကုန်သနည်း။

ဤစကားနှစ်ခွန်း၏အရ- နှစ်ပုဒ်အနက်ကို ငါတို့အား အကျယ်ဟောလော့''ဟု မိန့်တော်မူရကား''အရှင်ဘုရား.... ကောင်းပါပြီ''ဟု ဝန်ခံပြီးလျှင် ဆန်းကြယ်သော ယပ်ကို ကိုင်၍ တရားဟောနေရာသို့ တက်ပြီးသော် နိကာယ်ငါးပါး တို့မှ အကျိုးကိုရင်း, အကြောင်းကိုရင်း ပဋိသမ္ဘိဒါဉာဏ် ဖြင့် ယူငင်၍ တခဲနက်သော မိုယ်းရည်ကိုရွာသော အရပ် လေးမျက်နှာမှ တက်သော မိုယ်းကြီးကဲ့သို့ ခန္ဓာ, အာယ တန, ဓာတ်, ဗောဓိပက္ခိယတရားတို့ကို ဝေဘန်ခွဲခြားလျက် အရဟတ္တဖိုလ်ဟူသောအထွတ်ဖြင့်တရားစကားကိုဆုံးစေ၍—

(၁) ''အရှင်ဘုရား.... ဤသို့လျှင် အရဟတ္တဖိုလ်သို့ ရောက်သော သူအား ချမ်းသာခြင်းဖြစ်၏။

(၂) အရဟတ္တဖိုလ်သို့ ရောက်သော သူသာလျှင် ဆင်းရဲမှလွတ်၏။

အရဟတ္တဖိုလ်သို့ မရောက်သေးဘဲ ကြွင်းသသူတို့ကား ပဋိသန္ဓေနေခြင်းစသော ဆင်းရဲ, ငရဲစသော ဆင်းရဲတို့မှ မလွတ်ကုန်''ဟု အပြီးသတ်၏၊ အရှင်သာရိပုတ္တရာလည်း ''အရ,အနက် တရားစကားကို ကောင်းစွာဆိုပေသည်'' ဟု သာဓုခေါ်တော်မူပြီးလျှင် ''ယခုအခါ ထင်သော အသံဖြင့် ပါဠိရွတ်ခြင်းဟူသော သရဘဉ်ကို ရွတ်လေဦး''ဟုမိန့်တော် မူ၏၊တိဿသာမဏေလည်း ထင်သောအသံဖြင့် ပါဠိရွတ်ခြင်း ဟူသော သရဘဉ်ကို ရွတ်ပြန်၏။

[အနက်, အရ, အဓိပ္ပါယ်ကို ပြောဟောသည်ကား ဓမ္မကထာ၊ ပါဠိရွတ်သည်ကား သရဘဉ်၊ ဤကားနှစ် ပါးအထူးတည်း။]

ဤသို့ ညဉ့်သုံးယံပတ်လုံး ဓမ္မကထာ,သရဘာဉ်ပြ၍ အရုဏ်တက်လတ်သော် အလုပ်အကျွေးလူတို့သည် နှစ်ကွဲနှစ်စုဖြစ်ကြကုန်၏။

(၁) အချို့သော လူတို့ကား "ငါတို့သည် ဤမှရှေး၌ ဤသို့သဘောရှိသော ရှန့်ရင်း ကြမ်းထမ်းသသူကို မမြင်ဘူးစွတကား၊ ဤသို့သော တရားစကားကို သိလျက် ဤမျှလောက်ကာလပတ်လုံး မိဘအရာ၌တည်၍ လုပ်ကျွေးသော လူတို့အား တခုသော တရားစကားကိုမျှလည်း အဘယ့်ကြောင့်မဟောနေလေဘိသနည်း"ဟု အမျက်ထွက်ကုန်၏။

(၂) အချို့သော လူတို့ကား"ငါတို့သည်ဤသို့သဘောရှိသော ဂုဏ်ကျေးဇူးနှင့် ပြည့်စုံသော အရှင်ကို လျက် ဂုဏ်ကျေးဇူး ရှိ,မှဲ့ မသိဘဲပင် လုပ်ကျွေးမိကုန်၏၊ ထိုသို့လုပ်ကျွေးမိခြင်းကား ငါတို့အား ရတော်လေစွတကား၊ ယခုတမူကား တရားကို နာရပေပြီ"ဟု နှစ်သက်ကုန်၏။

ဤသို့လျှင် အမျက်ထွက်သသူလည်းတစု, နှစ်သက်သသူလည်းတစုအားဖြင့် အလုပ်အကျွေးလူတို့ နှစ်ကွဲ နှစ်စု ဖြစ်ကုန်သတည်း။

သဗ္ဗညုဘုရားလည်း ထိုညဉ့် မိုးသောက်ယံ၌ ဝေနေယျလောကကို ဗုဒ္ဓစက္ခုဖြင့် ကြည့်ရှုတော်မူသော် ဝနဝါသိကတိဿသာမဏေ၏ အလုပ်အကျွေးတို့ ဉာဏ်တော်ကွန်ရက်အတွင်းသို့ ဝင်လာသည်ကို မြင်တော်မူ၍ "အဘယ်သို့ဖြစ်လတ္တံ့နည်း"ဟု ဆင်ခြင်တော်မူလျှင်"ဝနဝါသိကတိဿသာမဏေ၏ အလုပ်အကျွေးတို့သည် အချို့ကား သာမဏေ

အားနှစ်သက်ကုန်၏၊ အချို့ကား သာမဏေအား အမျက်ထွက်ကုန်၏၊ ငါ့သားအား အမျက်ထွက်သသူတို့သည် ငရဲလားခြင်း အဘို့ရှိသည် ဖြစ်ကုန်လတ္တံ့၊ ထိုအရပ်သို့ ငါကြွမူကား လူခပ်သိမ်းစုံတို့သည် သာမဏေ၌ မေတ္တာစိတ်ကိုပြုကုန်၍ ငရဲမှလွတ်ကုန်လတ္တံ့”ဟု မြင်တော်မူ၏။

ထိုရွာသူ ရွာသားတို့လည်း ရဟန်းသံဃာ အပေါင်းကို ပင့်ဘိတ်ပြီးသော် မဏ္ဍပ်ကနား ပြုပြီးလျှင် နေရာခင်းကျင်း၍ ယာဂု,ဆွမ်း အစရှိသည်ကို ပြည့်စုံစေပြီးမှ ကြွလာအံ့သောအခါကို မြော်လင့်လျက်နေကြကုန်၏၊ ရဟန်းသံဃာ အပေါင်းလည်း ကိုယ်လက်သုတ်သင်ပြီးသော် ဆွမ်းခံဝင်အံ့သောအခါ၌ ရွာသို့ဝင်လိုကုန်၍ တိဿသာမဏေကို “အတူလိုက်အံ့လော, နောက်မှလိုက်အံ့လော”ဟုမေး၏၊ “အရှင်ဘုရားတို့....ကြွတော်မူပါကုန်၊ အကျွန်ုပ်ကား ဆွမ်းခံမြဲအခါ၌သာလာအံ့”ဟုဆိုသော် သပိတ်,သင်္ကန်းကိုယူ၍ ရဟန်းသံဃာအပေါင်းသည် ရွာသို့ဝင်လေ၏။

မြတ်စွာဘုရားလည်း ထိုအကြိုက်တွင် ဇေတဝန်ကျောင်းတော်၌ပင် နေတော်မူလျက် သင်္ကန်းရုံတော်မူ၍ သပိတ်စွဲတော်မူလျက် တခုသောစိတ္တက္ခဏဖြင့်သာ ထိုအရပ်သို့ တန်းခိုးဖြင့်ကြွ၍ ရဟန်းသံဃာအပေါင်းတို့ရှေ့၌ရပ်လျက် ကိုယ်တော်ကို ပြတော်မူ၏၊ “မြတ်စွာဘုရားကြွတော် မူလာသတည်း”ဟုရဟန်းသံဃာအလုံးချောက်ချားလျက်တခဲနက်အုတ်အုတ်ကျက်ကျက်ဖြစ်လေသတည်း၊ လူတို့လည်း ဝမ်းမြောက်သောစိတ်ရှိကုန်သဖြင့် ဘုရားအမှူးရှိသော သံဃာကိုနေစေ၍ ယာဂုခဲဘွယ်လှူကုန်၏၊ တိဿသာမဏေလည်း ဆွမ်းဘုဉ်း

ပေးခြင်းကိစ္စမပြီးမီပင်လျှင် ရွာတွင်းသို့ဝင်လာ၍ ရှိသေစွာ ဆွမ်းလှူဒါန်းကုန်သော် မျှလောက်ရုံခံပြီးမှ မြတ်စွာဘုရား အထံတော်သို့သွား၍ သပိတ်ကိုကပ်၏။

မြတ်စွာဘုရားလည်း "ဩ- တိဿ··ဆောင်ခဲ့လော့"ဟု လက်တော်ကိုဆန့်၍ သပိတ်ကိုလှမ်းတော်မူပြီးလျှင် "သာရိပုတ္တရာ····သင့်တပည့်သာမဏေ၏ သပိတ်ကို ယူပါလော့" ဟု အရှင်သာရိပုတ္တရာအား ပြတော်မူ၏၊ အရှင်သာရိပုတ္တရာလည်း မြတ်စွာဘုရားလက်တော်မှ သပိတ်ကိုယူ၍ပေးပြီးသော် "သွားလေ၊ ကိုယ်အားရောက်သောနေရာ၌နေ၍ ဆွမ်းဘုဉ်းပေးခြင်းကိစ္စကိုပြုလေ"ဟု တိဿသာမဏေကိုမိန့်တော်မူ၏၊ ရွာသူလူအများတို့လည်း ဘုရားအမှူးရှိသော သံဃာတော်ကို ဆွမ်းလုပ်ကျွေးပြီးလျှင် ဘုရားသခင်ကို အနုမောဒနာပြုစိမ့်သောငှါ တောင်းပန်ကုန်၏၊ ဘုရားသခင်လည်း အနုမောဒနာပြုတော်မူသော် ဤသို့မိန့်တော်မူ၏။

"ဥပါသကာတို့····သင်တို့ကား ဆရာဖြစ်သော တိဿသာမဏေကို အမှီပြု၍ သာရိပုတ္တရာ, မဟာမောဂ္ဂလာန်,မဟာကဿပ, အနုရုဒ္ဓါစသော အသီတိမဟာသာဝကတို့ကို ဖူးမြင်လုပ်ကျွေးကြရသည့် အရာသည်ရတော်စွတကား၊ ငါဘုရားလည်း သင်တို့ဆရာဖြစ်သောတိဿသာမဏေကိုသာလျှင် အကြောင်းပြု၍ ဤအရပ်သို့ကြွလာ၏၊ တိဿသာမဏေကိုအမှီပြု၍ ငါဘုရားကို ဖူးမျှော်လုပ်ကျွေးကြရသည့် အရာလည်း ရတော်စွတကား၊ သင်တို့အား ရခဲသောအရာကို ကောင်းစွာရသည်မည်၏"—

ဟု မိန့်တော်မူသော် ရွာသူလူတို့လည်း "ဘုရားသခင်ကို၎င်း,ရဟန်းသံဃာကို၎င်း နှစ်သက်စိမ့်သော၄ါ စွမ်းနိုင်သောငါတို့ဆရာအရှင်တိဿကိုဖူးမျှော်ခြင်း,လှူဒါန်းခြင်း၄ါ ငါတို့ရကုန်သည်ကား အံ့ဘွယ်သရဲ၊ ငါတို့အားရတော်စွတကား" ဟု ကြုံကြကုန်၏၊ ယခင်ကအမျက်ထွက်သောလူတို့သည် နှစ်သိမ့်ကုန်၏၊ အတိုင်းထက်အလွန် ကြည်ညိုကုန်၏၊ အနုမောဒနာပြုတော်မူပြီးသော အဆုံး၌ကား များစွာသော လူတို့သည် သောတာပတ္တိမဂ်,ဖိုလ်စသော အကျွတ်တရားကို ရကြလေကုန်၏။

ဤဝတ္ထုစကားဖြင့်—

(၁) "သတ္တဝါတို့စိတ်မည်သည်ကား လျင်မြန်စွာ ဖြစ်ခြင်းရှိ၏။

(၂) စိတ်သည်သာလည်း နာမက္ခန္ဓာတရားသုံးပါးတို့၏ ရှေ့သွားဖြစ်၏။

(၃) ပြစ်မှားလိုသော စိတ်ရှိသော် အပါယ် ဆင်းရဲသို့လားရ၏။

(၄) ကြည်ညိုလိုသော စိတ်ရှိသော် သုဂတိနိဗ္ဗာန်သို့လားရ၏။

(၅) တိဿသာမဏေကိုရှေးဦးစွာပြစ်မှား၍နောက်ပြီးတဖန်ကြည်ညိုပြန်သော စိတ်ရှိကုန်သော ဒါယကာတို့ကဲ့သို့ အသစ်တဖန် ဆောက်တည်ပြန်သဖြင့်လည်း အပါယ်ဆင်းရဲလွတ်၏"—

ဟူသောအဓိပ္ပါယ်ကိုသိရသတည်း။

မြတ်စွာဘုရားလည်း အနုမောဒနာပြုပြီးသော် နေရာမှထ၍ ဖဲတော်မူ၏၊ ရွာသူလူအများတို့လည်း မြတ်စွာဘုရားကိုအ

တန်ငယ်ပို့လိုက်ပြီးမှ ရှိခိုး၍ပြန်လေကုန်၏၊ မြတ်စွာဘုရားကား တိဿသာမဏေနှင့် အတူတကွ အသာအယာပြောဆိုလျက် ကြွတော်မူသော် "ဤတော, တောင်အရပ်ကား အဘယ်မည်သနည်း"ဟု ယခင်လက်ဦးက သူ့အိုတယောက်ကို တိဿသာမဏေမေးသကဲ့သို့ မေးတော်မူ၏၊ တိဿသာမဏေလည်း ထိုသူအိုက ကြားသကဲ့သို့ "ဤတော, တောင်အရပ်ကား ဤအမည်ရှိ၏, ဤအမည်ရှိ၏"ဟု ကြားလျှောက်သွား၏၊ မြတ်စွာဘုရားလည်း တိဿသာမဏေ၏ နေရာကျောင်းသို့ ရောက်ပြီး၍ တောင်ထိပ်သို့တက်တော်မူ၏၊ ထိုတောင်ထိပ်၌ ရပ်သသူတို့အား မဟာသမုဒ္ဒရာအပြင် မရေးရေးထင်သတည်း၊ ထို့ကြောင့်—

(၁) "တိဿ....ဤတောင်ထိပ်၌ ရပ်လျက် ထိုမှ ဤမှကြည့်လျှင် အဘယ်ကိုမြင်သနည်း"ဟု မေးတော်မူသော် "မဟာသမုဒ္ဒရာကို မြင်ပါသည်" ဟု လျှောက်၏။

(၂) "မဟာသမုဒ္ဒရာကို မြင်လျှင် အဘယ်သို့ ကြံသနည်း"ဟု မေးတော်မူပြန်သော် "အစမထင် သံသရာ၌ ကျင်လည်သော ငါ့အား ဆင်းရဲခြင်း, နှလုံးမသာယာခြင်း ဖြစ်သောအခါ ငိုကြွေးရသဖြင့် မဟာသမုဒ္ဒရာ လေးစင်းရေထက်ကဲလွန်စွာ ယိုသော မျက်ရည်သည် ဖြစ်ရာ၏ ဟူသော အကြောင်းကို ကြံပါသည်"ဟု လျှောက်၏။

မြတ်စွာဘုရားလည်း "တိဿ....ဤအကြောင်းကား သင်ဆိုတိုင်းမှန်၏"ဟု သာခုခေါ်လျက် ကောင်းချီး ပေးတော်မူပြီးလျှင် "အစမထင် သံသရာ၌ ကျင်လည်ရသော တယောက်

တယောက်သော သတ္တဝါအား ဆင်းရဲခြင်း, နှလုံးမသာယာခြင်းဖြစ်သောအခါ ယိုသောမျက်ရည်ကား သမုဒ္ဒရာလေးစင်းရေမက ကဲလွန်သလျှင်ကတည်း”ဟု မိန့်တော်မူ၍—

စတူသု သမုဒ္ဒေသု ဇလံ ပရိတ္တကံ၊
တတော ဗဟုံ အဿုဇလံ အနပ္ပကံ။
ဒုက္ခေန ဖုဋ္ဌဿ နရဿ သောစနတော၊
ကိံ ကာရဏာ သမ္မ တုဝံ ပမဇ္ဇသိ။ ။

ဟူသော ဂါထာကို ဟောတော်မူ၏။

**အနက်။** ။စတူသု သမုဒ္ဒေသု၊ သမုဒ္ဒရာလေးစင်းတို့၌။ ဇလံ၊ ရေသည်။ ပရိတ္တကံ၊ နည်းစွာ၏။ ဒုက္ခေန၊ ကိုယ်, စိတ်ဆင်းရဲခြင်းဖြင့်။ ဖုဋ္ဌဿ၊ တွေ့သော။ နရဿ၊ လူ၏။ သောစနတော၊ စိုးရိမ်ခြင်းကြောင့်။ အဿုဇလံ၊ ယိုသောမျက်ရည်ကား။ အနပ္ပကံ၊ အတိုင်းအရှည်မရှိ။ တတော၊ ထိုသမုဒ္ဒရာလေးစင်းရေထက်။ ဗဟုံ၊ များစွာ၏။ အထ၊ ထိုသို့ဖြစ်လျက်။ သမ္မ၊ အချင်း။ တုဝံ၊ သင်သည်။ ကိံကာရဏာ၊ အဘယ့်ကြောင့်။ ပမဇ္ဇသိ၊ မေ့လျော့ဘိသနည်း။

ထိုနောက်တဘန် မြတ်စွာဘုရားလည်း “တိဿ····သင်ကား အဘယ်၌နေသနည်း”ဟု မေးတော်မူသော် “အရှင်ဘုရား····ဤတောင်ဝှမ်း၌ နေပါသည်”ဟူ၍ လျှောက်၏၊ “ဤတောင်ဝှမ်း၌နေလျက် အဘယ်သို့ကြံသနည်း”ဟု မေးတော်မူပြန်သော် “အစမထင်သံသရာ၌ ကျင်လည်သော ငါသည် သေလွန်သဖြင့် ဤအရပ်၌ ပစ်ချအပ်သော ကိုယ်ခန္ဓာကား ဤမျှဤရွေ့ အပိုင်းအခြားမရှိပြီ ကြံပါသည်”ဟူ၍ လျှောက်၏၊ မြတ်စွာဘုရားလည်း “တိဿ····ဤအကြောင်းကား သင်ဆို

တိုင်းမှန်၏''ဟု သာဓုခေါ်လျက် ကောင်းချီး ပေးတော်မူပြီး လျှင် အစမထင်သံသရာ၌ ကျင်လည်ရသော ဤသတ္တဝါတို့ အား ဤမဟာပထဝီမြေကြီး၌ လျောင်းလျက်မသေဘူးသော အရပ်မည်သည်မရှိပြီ''ဟု မိန့်တော်မူ၍—

ဥပသာဠကနာမာနိ၊
သဟဿာနိ စတုဒ္ဒသ။
အသ္မိံ ပဒေသေ ဒဍ္ဎာနိ၊
နတ္ထိ လောကေ အနာမတံ။ ။
ယမှိ သစ္စဉ္စ ဓမ္မော စ၊
အဟိံသာ သံယမော ဒမော။
ဧတံ အရိယာ သေဝန္တိ၊
ဧတံ လောကေ အနာမတံ။ ။

ဟူသော ဥပသာဠကဇာတ်ကို ဆောင်တော်မူ၏။

**အနက်။** ။စတုဒ္ဒသ သဟဿာနိ၊ တသောင်းလေး ထောင်ကုန်သော။ ဥပသာဠက နာမာနိ၊ ဥပသာဠက ဟူ သော အမည်ရှိကုန်သော သူတို့ကို။ အသ္မိံ ပဒေသေ၊ ဤအ ရပ်၌။ ဒဍ္ဎာနိ၊ ဖုတ်ကြည်းဘူး သဂြိုဟ်ဘူးကုန်ပြီ။ လောကေ၊ လောက၌။ အနာမတံ၊ မသေဘူးသော အရပ်မည်သည်။ နတ္ထိ၊ မရှိ။

[ဤတခုသော အရပ်တွင်ပင် ဥပသာဠက အမည် တပါးတည်းသာရှိလျက် အဖြစ်တသောင်းလေးထောင် တိုင်တိုင် သေရဘူးပြီ ဟုလိုသည်။]

ဟိ-တဒေဝသစ္စံ၊ ထိုမသေဘူးသော အရပ်မည်သည်မရှိ ဆိုသောစကားလျှင် မှန်၏။ယံ သစ္စဉ္စ၊အကြင်သစ္စာသည်၎င်း။ ယော ဓမ္မော စ၊ အကြင်ပညာသည်၎င်း။ ယာ အဟိံသာစ၊

အကြင်မညှဉ်းဆဲခြင်းသည်ၚင်း။ ယော သံယမောစ၊ အကြင်စောင့်စည်းခြင်းသည်ၚင်း။ ယော ဒမောစ၊အကြင်ကိုယ်,နှုတ်ဖြင့် ယဉ်ကျေးခြင်းသည်ၚင်း။ အတ္ထိ၊ ရှိ၏။ ဧတံ၊ ဤသစ္စာအစရှိသော တရားကို။ အရိယာ၊အရိယာတို့သည်။ သေဝန္တိ၊ မှီဝဲကုန်၏။ ဓေတံ၊ ဤသစ္စာအစရှိသော တရားသည်လျှင်။ အနာမတံ၊ မသေဘူးသော အရပ်မည်၏။

[ပကတိအရပ်ကား မသေဘူးသောအရပ်မည်သည် မရှိ၊ သစ္စာစသောတရားသာလျှင် မသေဘူးသော အရပ်မည်၏ ဟူလိုသည်။]

### အရှင်အာနန္ဒာ၏ အကြောင်းစကားချပ်

[အရှင်အာနန္ဒာကဲ့သို့သောသူကိုထား၍ ကြွင်းသော ဤမဟာပထဝီမြေကြီး၌ ကိုယ်ကိုပစ်ချ၍ သေရသသူတို့အားကား မသေဘူးသောအရပ်မည်သည်မရှိ၊ အစမထင်သံသရာ၌ အကြိမ်ကြိမ်အထပ်ထပ်လျှင်သေဘူးသည်ချည်းတည်း၊ အရှင်အာနန္ဒာမူကား အစမထင် သံသရာတွင် မသေဘူးသောအရပ်၌ ပရိနိဗ္ဗာန်ပြုသောအခါ သေတော်မူရ၏၊ ထိုအကြောင်းကို စကားစပ်လျဉ်းသဖြင့် အမြွက်မျှဘွင့်၍ဆိုအံ့။

အရှင်အာနန္ဒာသည် သက်တော်တရာ့နှစ်ဆယ်ရှိသောအခါ အသက်ဇီဝိန္ဒြေဟုဆိုအပ်သော အာယုသင်္ခါရကိုကြည့်ရှုတော်မူသော် အသက်ကုန်အံ့သောအဖြစ်ကိုသိ၍ "ဤနေ့မှ ခုနစ်ရက်မြောက်သနေ့၌ ပရိနိဗ္ဗာန်ပြုတော်မူအံ့"ဟုမိန့်တော်မူ၏၊ ထိုအကြောင်းကို ရောဟဏီမြစ်၏ကမ်းနားနှစ်ဘက်၌နေကုန်သောလူတို့ကြားကုန်၍ ဤမှာဘက်လူတို့လည်း "ငါတို့သည် မထေရ်အား ကျေးဇူးများ၏၊ ငါတို့အထံ၌ ပရိနိဗ္ဗာန်ပြုလတ္တံ့"ဟု ဆိုကုန်၏။

ထိုမှာဘက်လူတို့လည်း ''ငါတို့သည်မထေရ်အားကျေးဇူး များ၏၊ငါတို့အထံ၌ပရိနိဗ္ဗာန်ပြုလတ္တံ့''ဟုဆိုကုန်၏၊အရှင် အာနန္ဒာလည်း ထိုနှစ်ဘက်သားတို့၏ စကားကိုကြား၍-

''နှစ်ဘက်သားတို့ပင် ကျေးဇူးများပေကုန်သည် ချည်းတည်း၊ ဤမှာဘက်သားတို့ကား ကျေးဇူးမရှိ ဟူ၍၎င်း, ထိုမှာဘက်သားတို့ကား ကျေးဇူးမရှိဟူ၍ ၎င်း ဆိုခြင်းငှါမတတ်ကောင်း၊ အကယ်၍ ဤမှာဘက် ၌ ငါပရိနိဗ္ဗာန်ပြုငြားအံ့၊ ထိုမှာဘက်သားတို့သည် ဓာတ်တော်ကိုယူခြင်းငှါ ဤမှာဘက်သားတို့နှင့်အငြင်း အခုံပြုကုန်လတ္တံ့၊ အကယ်၍ ထိုမှာဘက်၌ ပရိနိဗ္ဗာန် ပြုငြားအံ့၊ ဤမှာဘက်သားတို့သည် ဓာတ်တော်ကို ယူခြင်းငှါ ထိုမှာဘက်သားတို့နှင့်အငြင်းအခုံ ပြုကုန် လတ္တံ့၊ နှစ်ဘက်သားတို့အား အငြင်းအခုံ ဖြစ်လတ် သော် ငါ့ကိုမှီ၍ဖြစ်လတ္တံ့၊ အငြင်းအခုံမရှိငြိမ်ဝပ်သော် လည်း ငါ့ကိုမှီ၍ ငြိမ်ဝပ်စေအံ့''-

ဟုကြံတော်မူပြီးလျှင်''ဤမှာဘက်သားတို့လည်း ငါ့ အားကျေးဇူးများကုန်၏၊ကျေးဇူးမများသည်မဟုတ်ကုန်၊ ဤမှာဘက်၌သာ စည်းဝေးလေကုန်၊ ထိုမှာဘက်သားတို့ လည်း ငါ့အားကျေးဇူးများကုန်၏၊ ကျေးဇူး မများသည် မဟုတ်ကုန်၊ထိုမှာဘက်၌သာ စည်းဝေးလေကုန်''ဟု မိန့် တော်မူ၍ ခုနစ်ရက်မြောက်သောနေ့ ရောဟဏီမြစ်၏ အလယ် ထန်းခုနစ်ဆင့်ပမာဏမြင့်သော ကောင်းကင်၌ ထက်ဝယ်ပလ္လင်ဖြင့် နေတော်မူလျက် လူအပေါင်းအား တရားဟောပြီးအဆုံးတွင်-

''ငါ၏ကိုယ်သည် အလယ်၌ ထက်ဝက်ကွဲ၍ ဤမှာ ဘက်၌လည်းတဘို့, ထိုမှာဘက်၌လည်းတဘို့ ကျစေ သ တည်း''ဟုအဓိဋ္ဌာန်ပြု၍တရားဟောသောအနေဖြင့် ထိုင် တိုင်းပင်လျှင် တေဇောဓာတ်ဝင်စားပြီးမှ ပရိနိဗ္ဗာန်ပြု တော်မူ၏၊ တေဇောဓာတ်မီးလျှံထ၍လောင်သဖြင့် ကိုယ်

တော်အလယ်၌ ထက်ဝက်ကွဲ၍ ဤမှာဘက်၌လည်းတစု, ထိုမှာဘက်၌လည်းတစု ကျလေ၏၊ ထိုသို့ ကိုယ်တော် ထက်ဝက်စီကျသည်ကိုမြင်၍လူများငိုကြွေးသဖြင့်မြေကြီး ပြိုသောအသံကဲ့သို့အုတ်အုတ်သဲသဲအသံဖြင့် ပြင်းစွာ ဖြစ် လေသတည်း၊ ဘုရားပရိနိဗ္ဗာန် ပြုတော်မူသောအခါ ငို ကြွေးသောအသံထက်ပင်သည်းကဲလွန်သည်ဟူ၏။

လူ့အပေါင်းတို့လည်းအလွန်သနားစုံမက်စွာ ဖြစ်ကုန်ရ ကားငိုကြွေးမြည်တမ်းကုန်လျက်''သဗ္ဗညုဘုရားပရိနိဗ္ဗာန် ပြုလေသော်လည်း ဘုရားရှင်သပိတ်,သင်္ကန်းတော်ကိုကိုင် ၍လိုက်မြဲဖြစ်သောတရားဘဏ္ဍာစိုးအလုပ်အကျွေး အရှင် အာနန္ဒာ ထင်ရှားတည်ပါသော် ငါတို့အား သဗ္ဗညု ဘုရားထင်ရှားတည်တော်မူသကဲ့သို့ဖြစ်ပါ၏၊ ယခုတမူ ကား အရှင်အာနန္ဒာပရိနိဗ္ဗာန် ပြုတော်မူသဖြင့် သဗ္ဗညု ဘုရားလည်း ပရိနိဗ္ဗာန်ပြုတော်မူသည် စင်စစ်မှန်ပြီ''ဟု ဆိုမြည်ကုန်လျက် လေးလတိုင်တိုင် မလုပ်မဆောင်ဘဲ မ အိပ်တတ်,မစားတတ်,လှည့်ပတ်သွားလာကြကုန်၏၊ ဤ သို့လျှင် အရှင်အာနန္ဒာကား အစမထင် သံသရာတွင် မသေဘူးသောအရပ်၌ ပရိနိဗ္ဗာန် ပြုတော်မူသောအခါ သေတော်မူရသတည်း။

ရဟန္တာဖြစ်တော်မူသောအခါလည်း ညောင်စောင်း ၌ခေါင်းအုံးထက်ကိုယ်တော်ကို စောင်းငဲ့စဉ် ခြေတော် လည်း မြေကလွတ်ခိုက် ဦးခေါင်းတော်လည်း ခေါင်းအုံး သို့မရောက်မီ ဤအကြားတွင် ဣရိယာပုထ်လေးပါးလွတ် လျက် ရဟန္တာဖြစ်တော်မူ၏၊ဤငါတို့ဘုရားရှင်သာသနာ တော်တွင်း၌ ဣရိယာပုထ် လေးပါးလွတ်ခိုက် ရဟန္တာ ဖြစ်သသူကား အရှင်အာနန္ဒာမှအခြားမရှိ၊ အရှင် အာ နန္ဒာတပါးသာလျှင်တည်း၊ ထို့ကြောင့်''အရှင်အာနန္ဒာ ကား အထူးသဖြင့်လည်း ရဟန္တာဖြစ်တော်မူ၏၊ အထူး သဖြင့်လည်း ပရိနိဗ္ဗာန်ပြုတော်မူ၏''ဟူ၍ ဂုဏ်ကျေးဇူး

အထူးကို နှလုံးထားလျက် သဒ္ဓါပသန္နကို ပွါးစေရာ၏၊ ဤကားအစဝ်အလျဦးသင့်၍ဆိုသော စကားချပ်တည်း။]

ထိုသို့ တိဿသာမဏေကို မေးမြန်း ပြောဆိုတော်မူပြီးသော် မြတ်စွာဘုရားလည်း "တိဿ....ငါတို့သွားကုန်အံ့၊ သင်ကား လိုက်လတ္တံ့လော, နေရစ်လတ္တံ့လော"ဟု မိန့်တော်မူ၏၊ "အကျွန်ုပ် ဥပဇ္ဈာယ်ခေါ်၍သွားသော် လိုက်ပါအံ့၊ နေရစ်စေလိုသော် နေရစ်ပါအံ့"ဟု လျှောက်သော် သံဃာတော်နှင့်တကွ ဘုရားရှင် ဖဲတော်မူလေ၏၊ တိဿသာမဏေမူကား နေရစ်လိုသော ဆန္ဒရှိသတည်း၊ ထိုအကြောင်းကို အရှင်သာရိပုတ္တရာသိရကား "တိဿ....နေရစ်လိုမူ နေရစ်"ဟူ၍ မိန့်တော်မူ၏၊ တိဿသာမဏေလည်း သံဃာနှင့်တကွ ဘုရားရှင်ကို ရှိခိုး၍ ထိုတောကျောင်း၌ပင် နေရစ်လေ၏။

ဤကား ဝနဝါသိကတိဿသာမဏေ၏ပစ္စုပ္ပန်ဝတ္ထုတည်း။

---

## အနုသန္ဓေစပ်တရားတော်

ဇေတဝန်ကျောင်းတော်သို့ မြတ်စွာဘုရားရောက်တော်မူလျှင် တရားသဘင်၌ ရဟန်းတို့အား ဤသို့သောစကားသည် ဖြစ်၏။

"ငါ့ရှင်တို့....အံ့ဘွယ် ရှိစွတကား၊ ဝနဝါသိကတိဿသာမဏေသည် ခဲခက်သော အမှုကို ပြုပေ၏၊ ပဋိသန္ဓေနေသည်မှ စ၍လည်း မိဘဆွေမျိုးတို့သည် ခုနစ်ပါးသော မင်္ဂလာတို့၌ ရဟန်းငါးရာတို့အား ရေမရောသော နို့ယနာကိုသာ လှူကုန်၏၊ သာမဏေပြုသောအခါလည်း ကျောင်းတွင်း၌ပင် ဘုရားအမှူးရှိသော သံဃာတော်တို့အား ခုနစ်ရက်ပတ်လုံး ရေမရောသော နို့ယနာကိုသာလျှင် လှူကုန်၏၊

သာမဏေပြုပြီးနောက် ရှစ်ရက်မြောက်သနေ့၌လည်း မြို့သို့ဆွမ်းခံဝင်သော် နှစ်ရက်မျှဖြင့် ပုဆိုးတထောင် နှင့်တကွ ဆွမ်းတထောင်ရလေ၏၊ ထို့နောက်တရက် မျှ ကမ္ဗလာခံအံ့သောငှါ မြို့သို့ဝင်သောအခါ၌လည်း ကမ္ဗလာတထောင်တိုင်အောင် ရလေ၏၊ ဤသို့ဇေတ ဝန်ကျောင်းတော်၌ နေသောကာလ မဟာလာဘ သက္ကာရဖြစ်လျက် ထိုသို့သော လာဘသက္ကာရကို စွန့်၍ တောသို့ဝင်ပြီးလျှင် အထူးထူးသော ရောနှော သော ဆွမ်းအာဟာရဖြင့်သာ မျှတလေလျက် ခဲခက် သောအမှုကို ပြုပေသည်ကား အံ့ဘွယ်ရှိစွတကား''— ဟုစကားဖြစ်လတ်သော် မြတ်စွာဘုရား ကြွလာတော်မူ၍ ''ချစ်သားတို့····ယခုအခါအဘယ်စကားဖြင့် စည်းဝေးကုန် သနည်း''ဟုမေးတော်မူလျှင်ယခင်ကနည်း ဝနဝါသိကတိဿ သာမဏေအားချီးမွမ်းကြသော စကားကို လျှောက်သော်—

''ချစ်သားတို့····လာဘသက္ကာရကို မှီခြင်းသည် လည်း အခြားတပါး, နိဗ္ဗာန်သို့ ရောက်စေတတ်သော အကျင့်သည်လည်းအခြားတပါးစီတည်း၊ဤသို့ပြုသော် လာဘသက္ကာရကိုရအံ့ဟု အာရညကင်စသောဓုတင် ဆောက်တည်သဖြင့် လာဘသက္ကာရကိုမှီ၍ နေသော ရဟန်းတို့ကားအပါယ်လေးပါးတံခါးတို့သည် ဟင်း လင်းပွင့်လျက် တည်ကုန်၏၊ လာဘသက္ကာရကိုပယ်၍ တောသို့ဝင်လျက် နိဗ္ဗာန်သို့ရောက်စေတတ်သော အ ကျင့်ဖြင့် လုံ့လစွဲဆော်သောရဟန်းသာ အရဟတ္တ ဖိုလ်ကိုယူခြင်းငှါထိုက်၏''—

ဟု အနုသန္ဓေစပ်၍ တရားဟောတော်မူလိုရကား—

အညာ ဟိ လာဘူပနိသာ။
အညာ နိဗ္ဗာနဂါမိနီ။
ဧဝမေတံ အဘိညာယ၊
ဘိက္ခု ဗုဒ္ဓဿ သာဝကော၊
သက္ကာရံ နာဘိနန္ဒေယျ၊
ဝိဝေက မနုဗြူဟယေ။ ။
ဟူသောဂါထာကိုဟောတော်မူ၏။

**အနက်။** ။လာဘူပနိသာ၊လာဘသက္ကာရကိုမှီခြင်းသည်။ အညာဟိ-အညာဧဝ၊ အခြားတပါးသာလျှင်တည်း။ နိဗ္ဗာနဂါမိနီ၊နိဗ္ဗာန်သို့ရောက်စေတတ်သောအကျင့်သည်။အညာဟိ-အညာဝေ၊အခြားတပါးသာလျှင်တည်း။ ဧဝံ၊ဤသို့။ ဧတံ၊ ဤအကြောင်း နှစ်ပါးကို။ အဘိညာယ၊ အထူးသဖြင့်သိ၍။ ဗုဒ္ဓဿ၊မြတ်စွာဘုရား၏။ သာဝကော၊ တပည့်သားဖြစ်သော။ ဘိက္ခု၊ရဟန်းသည်။ သက္ကာရံ၊လာဘသက္ကာရကို။ နာဘိနန္ဒေယျ၊ မနှစ်သက်လေရာ။ ဝိဝေကံ၊ ကာယဝိဝေက အစရှိသော ဆိတ်ငြိမ်ခြင်းသုံးပါးကို။ အနုဗြူဟယေ၊ အဘန်တလဲလဲ ဖြစ်ပွါးစေရာ၏။

ဤဂါထာ၌အဓိပ္ပါယ်ကား-လာဘသက္ကာရကိုမှီခြင်းသည်လည်း အခြားတပါးသာ၊ နိဗ္ဗာန်သို့ ရောက်စေတတ်သော အကျင့်သည်လည်း အခြားတပါးသာ၊ အချင်းချင်း မနှောမရှက်ကြသတည်း၊ ထိုစကားသည်လျှင် မှန်၏၊ လာဘသက္ကာရကိုမှီသောရဟန်းသည် "အနည်းငယ်သော အကုသိုလ်ကိုသော်ကားမရှောင်မလွှဲနိုင်ပြုရာ၏"ဟု မသင့်သောအားဖြင့် နှလုံးသွင်း၍ ကိုယ်ဖြင့် ကောက်ကျစ်ခြင်းအစရှိသောအမှုကိုပြုသော်

သာလျှင် လာဘသက္ကာရကို ရလေ၏၊ ကိုယ်ဖြင့်ကောက်ကျစ်ခြင်းအစရှိသောအမှုကို မပြုသော်ကား လာဘသက္ကာရကို မရလေ၊ ဥပမာကား—

(၁) နို့ဃနာခွက်၌လက်ချောင်းကို အကောက်အကွေ့ မပြုဘဲ ဖြောင့်ဖြောင့်သာဆန့်၍ချသော် လက်ကို ချီသည့်ကာလ လက်၌ နို့ဃနာမပါ၊ လိမ်းကျံကာမျှသာဖြစ်လေ၏၊ လက်ကို ကောက်ကွေ့ပြု၍ ချသော် လက်ကိုချီသည့်ကာလ နို့ဃနာကို ထုတ်ဆယ်လျက် လက်၌နို့ဃနာပါလေ၏၊ ထို့အတူ ၎င်း ကိုယ်ဖြင့်ကောက်ကျစ်ခြင်းအစရှိသော အမှုကိုပြုသော်သာလျှင် လာဘသက္ကာရဖြစ်၏၊ ဤကား တရားနှင့်မညီသော လာဘသက္ကာရတည်း။

(၂) ကိုယ်၏ ပြည့်စုံခြင်း, သက်နိုးအဝတ် အသုံးအဆောင်တင့်တယ်ခြင်း, အကြားအမြင် များခြင်း, တော၌နေခြင်းအစရှိသော အကြောင်းတို့ကြောင့် အစဉ်အလျောက်ဖြစ်သော လာဘသက္ကာရကား တရားနှင့်ညီသောလာဘသက္ကာရတည်း။

ဤနှစ်ပါးတို့တွင် တရားနှင့်မညီသော လာဘသက္ကာရကို မမှီအပ်၊ ပယ်အပ်ရကား နိဗ္ဗာန်သို့ရောက်စေတတ်သော အကျင့်ကိုဖြည့်သောရဟန်းသည် ကိုယ်ဖြင့်ကောက်ကျစ်ခြင်းအစရှိသောအမှုမပြုဦးဘဲ မကန်းသော်လည်း ကန်းသကဲ့သို့, မအသော်လည်း အသကဲ့သို့, မပင်းသော်လည်း ပင်းသကဲ့သို့ မစဉ်းလဲမလှည့်ပတ်သဖြင့် ကျင့်ရာ၏၊ ထိုသို့တရားနှင့်မလျော်သော လာဘသက္ကာရကိုပယ်၍ နိဗ္ဗာန်သို့ရောက်စေတတ်သော

အကျင့်ကိုကျင့်ရသောကြောင့် လာဘသက္ကာရကိုမှီခြင်းသည်လည်းအခြားတပါးသာ၊နိဗ္ဗာန်သို့ရောက်စေတတ်သောအကျင့်သည်လည်း အခြားတပါးသာ၊ အချင်းချင်း မနှောမရှက်ကြသတည်း။

ဤသို့ မနှောမရှက်ကြသောအဖြစ်ကို ထူးသောဉာဏ်ဖြင့်သိ၍ဘုရားတပည့်သားရဟန်းသည် တရားနှင့်မညီသောလာဘသက္ကာရကို မနှစ်သက်ရာ၊ တယောက်အထီးတည်းသာ ကိန်းအောင်းခြင်းဟူသော ကာယဝိဝေက,သမာပတ်ရှစ်ပါးဟူသောစိတ္တဝိဝေက,နိဗ္ဗာန်ဟူသောဥပဓိဝိဝေက၊ ဤဝိဝေကသုံးပါးကိုသာ ဖြစ်ပွါးစေရာ၏၊ထိုဝိဝေကသုံးပါးတို့တွင် ကာယဝိဝေကဖြင့် ဂိုဏ်းသံဃာဟူသောအပေါင်း၌ မွေ့လျော်ခြင်းကိုဖျောက်လျက်,စိတ္တဝိဝေကဖြင့်ကိလေသာဟူသောအပေါင်း၌မွေ့လျော်ခြင်းကိုဖျောက်လျက်,ဥပဓိဝိဝေကဖြင့်သင်္ခါရဟူသောအပေါင်း၌မွေ့လျော်ခြင်းကိုဖျောက်လျက် ကာယဝိဝေကကိုစိတ္တဝိဝေက၏အကြောင်းဖြစ်စေ၍, စိတ္တဝိဝေကကိုလည်း ဥပဓိဝိဝေက၏အကြောင်းဖြစ်စေ၍ ကျင့်ဆောင်ရာ၏ဟူလိုသည်။

ဤဓမ္မဒေသနာကိုဟောတော်မူသောအဆုံး၌များစွာသောလူ,နတ်တို့သည် သောတာပတ္တိမဂ်,ဖိုလ်စသောအမြိုက်တရားကိုသောက်ရလေကုန်သတည်း။

ဤတွင်ရွှေကား ဝနဝါသိကတိဿသာမဏေကျော်၏ဂုဏ်ကျေးဇူးဝတ္ထုအဋ္ဌုပ္ပတ္တိပြီး၏။



# ၂-ပဏ္ဍိတသာမဏေဝတ္ထု

## အတိတ်အကြောင်း

ပဏ္ဍိတသာမဏေ၏ဂုဏ်ကျေးဇူးဝတ္ထုအဌုပ္ပတ္တိကား ဤသို့တည်း၊ လွန်လေပြီးသောအခါ ဤဘဒ္ဒကပ်ကမ္ဘာတွင် လူတို့အသက် နှစ်သောင်းတမ်းအကြိုက်၌ အန္တယ်တော်အားဖြင့် ကဿပအမည်တော်ရှိသောဘုရားသည် လူသုံးပါးတို့၏စီးပွါးချမ်းသာအကျိုးငှါ ပွင့်တော်မူ၏၊ ထိုကဿပမြတ်စွာဘုရားသည် ရဟန္တာနှစ်သောင်းအခြံအရံနှင့်တကွ ဗာရာဏသီပြည်သို့ဒေသစာရီကြွ၍ ရောက်တော်မူလေသော် ဗာရာဏသီပြည်သူ,ပြည်သားတို့သည် မိမိတို့အားနှင့်ချင့်၍ ရှစ်ဦးတန်သည်,ဆယ်ဦးတန်သည် တပေါင်းတည်းဖြစ်ကုန်လျက် အာဂန္တုကအလှူပေးကြကုန်၏၊ တနေ့သ၌ ကဿပမြတ်စွာဘုရားသည် ဆွမ်းဘုဉ်းပေးပြီးသော် ဤသို့အနုမောဒနာ ပြုတော်မူသတည်း။

(၁) "ဥပါသကာတို့…ဤလောက၌အချို့သောသူသည် ကိုယ့်ဥစ္စာကိုသာ လှူဒါန်းသင့်၏၊ သူ့ကိုတိုက်တွန်းနှိုးဆော်သဖြင့် အဘယ်မှုစအံ့နည်း ဟုနှလုံးပြု၍ မိမိမှုကားလှူဒါန်း၏၊သူ့ကိုမူကား မတိုက်တွန်းမနှိုးဆော်၊ ထိုသူသည် ဖြစ်တိုင်း ဖြစ်တိုင်းသောဘဝ၌ စည်းစိမ်ကိုသော်ကားရ၏၊အခြံအရံနှင့်သော်ကား မပြည့်စုံလေ။

(၂) အချို့သောသူသည် သူ့ကိုမူကားတိုက်တွန်း နှိုးဆော်၏၊ မိမိမှုကား မလှူဒါန်း၊ထိုသူသည် ဖြစ်

တိုင်းဖြစ်တိုင်းသောဘဝ၌ အခြံအရံနှင့်သော်ကား ပြည့်စုံ၏၊ စည်းစိမ်ကိုသော်ကား မရလေ။

(၃) အချို့သောသူသည် မိမိလည်း မလှူဒါန်း၊ သူ့ကိုလည်းမတိုက်တွန်းမနှိုးဆော်၊ ထိုသူသည်ဖြစ်တိုင်းဖြစ်တိုင်းသောဘဝ၌ စည်းစိမ်ကိုလည်းမရ၊ အခြံအရံနှင့်လည်း မပြည့်စုံ၊ စားကြွင်းမျှသာ ဖြစ်၍ အသက်မွေးရ၏။

(၄) အချို့သောသူသည် မိမိလည်း လှူဒါန်း၏၊ သူ့ကိုလည်းတိုက်တွန်း နှိုးဆော်၏၊ ထိုသူသည်ဖြစ်တိုင်းဖြစ်တိုင်းသောဘဝ၌ စည်းစိမ်ကိုလည်းရ၏၊ အခြံအရံနှင့်လည်းပြည့်စုံ၏''။

ဤသို့လေးပါးသောနည်းဖြင့် အနုမောဒနာ ပြုတော်မူ၏။

[ဤသို့အနုမောဒနာ ပြုတော်မူသည့် အလိုကား''ဤလေးပါးသောနည်းကို ကြားနာရသဖြင့် ပညာရှိသသူသည်သင့်သောနည်းကို ယူလေစေ''ဟု ရည်မှတ်တော်မူသတည်း၊''သူ့ကိုတိုက်တွန်းနှိုးဆော်သသူတို့ကား ထိုသူပြုသော ကောင်းမှုမှ ထက်ဝက်သော ကုသိုလ်အဘို့ကိုရသည်''ဟူ၍ ပုဂ္ဂလပညတ်အဖွင့်၌ ဆိုသတည်း။]

ထိုသို့သော တရားအနုမောဒနာကို အနီး၌တရားနာသော ပညာရှိယောက်ျားတယောက် ကြား၍ ''ငါကား စည်းစိမ်, အခြံအရံနှစ်ပါးနှင့် ပြည့်စုံအောင်ပြုအံ့''ဟုကြံပြီးသော် ဘုရားသခင်ကို ရှိခိုး၍ ''နက်ဖြန်နံနက် အကျွန်ုပ်ဆွမ်းကို သံဃာတော် နှစ်သောင်းနှင့် တကွ အလှူခံတော်မူပါ''ဟု ဘိတ်၏၊ ဘုရားသခင်လည်း ခပ်မဆိတ်နေသဖြင့် ဝန်ခံတော်မူ၏၊ ထိုယောက်ျားလည်း ရွာသို့ ဝင်ပြီးသော်—

"အမယ်တို့,အဘတို့…ဘုရားအမှူးရှိသောသံဃာကို နက်ဖြန် ဆွမ်းအလို့ငှါ ဘိတ်ခဲ့ပြီ၊အကြင်မျှ လောက်သော ရဟန်းတို့ အား လှူဒါန်းနိုင်ကုန်လတ္တံ့၊ ထိုမျှလောက်သော ရဟန်းတို့ အား သင်တို့အသီးအသီး လှူဒါန်းပါကြကုန်"ဟု ရွာ၌လှည့် ၍ ကြား၏၊ ရွာသူ,ရွာသားတို့လည်း မိမိတို့အားနှင့်ချင့်ကုန် လျက် "ငါတို့ကား တဆယ်သော ရဟန်းတို့အား လှူဒါန်း ကုန်အံ့၊ငါတို့ကား နှစ်ဆယ်သော ရဟန်းတို့အား လှူဒါန်း ကုန်အံ့၊ငါတို့ကား တရာသော ရဟန်းတို့အား လှူဒါန်း ကုန်အံ့၊ငါတို့ကား ငါးရာသော ရဟန်းတို့အား လှူဒါန်းကုန် အံ့"ဟု အသီးအသီးဆိုကြကုန်၏၊ ထိုယောက်ျားသည် ခပ် သိမ်းသောသူတို့၏ စကားကို အရင်းမှစ၍ အစဉ်အတိုင်း ကမ္ပည်းစာရင်းတင်မှတ်လေ၏။

ထိုရောအခါ ဗာရာဏသီပြည်၌ အလွန်ဆင်းရဲလှသော အဖြစ်ဖြင့် မဟာဒုက်ဟူ၍ ထင်ရှားသော သူတယောက်ရှိ၏၊ ဆွမ်းနှိုးဆော်သော ယောက်ျားသည် ရှေးရှုတည်သော ထို မဟာဒုက် သူဆင်းရဲကိုမြင်၍—

"အချင်း မဟာဒုက်….နက်ဖြန် ဆွမ်း အလို့ငှါ ဘုရားအမှူးရှိသော သံဃာတော်တို့ကို ငါဘိတ်ခဲ့ပြီ၊ ရွာသူ,ရွာသားတို့လည်း နက်ဖြန် လှူဒါန်းကုန်လတ္တံ့၊ သင်ကား အဘယ်မျှ လောက်သော ရဟန်းတို့ကို လှူဒါန်းနိုင်ပါ လတ္တံ့နည်း"ဟုမေး၏။

မဟာဒုက်လည်း—

"အချင်း….အလွန် ဆင်းရဲစွာသော ငါ့အား ရဟန်းတို့ဖြင့် အဘယ်အကျိုး ရှိအံ့နည်း၊ ဥစ္စာကြွယ် ဝသူတို့အားသာ ရဟန်းတို့ဖြင့် အကျိုးရှိကောင်း၏၊

ငါတမူကား နက်ဖြန် ယာဂု,ဆွမ်းအကျိုးငှါ ဆန်တ ကွမ်းစားလောက်လည်း မရတတ်၊ နေ့တိုင်းနေ့တိုင်း သူ့အခစားပြု၍ အသက် မွေးရ၏၊ ထိုသို့အလွန် ဆင်းရဲစွာသောငါ့အား ရဟန်းတို့ဖြင့် အဘယ်အ ကျိုးရှိအံ့နည်း''ဟုဆို၏။

တိုက်တွန်း နှိုးဆော်သသူမည်သည်ကား လိမ္မာသည်, ပညာရှိသည် ဖြစ်ရာ၏၊ ထို့ကြောင့် ဆွမ်း နှိုးဆော်သော ယောက်ျားသည်လည်း လိမ္မာသည်,ပညာရှိသည် ဖြစ်ရကား ''လူ့စရာမရှိ''ဟု မဟာဒုက်ဆိုကာမျှ ခပ်မဆိတ် မနေမူ၍ ဤသို့ ဆိုပြန်၏။

''အချင်း မဟာဒုက်....ဤ ဗာရာဏသီ ပြည်၌ ကောင်းသော အစာကိုစား၍ သိမ်မွေ့သောအဝတ်ကို ဝတ်လျက်အထူးထူးသောတန်းဆာဆင်ယင်ကာကြက် သရေရှိသော အိပ်ရာ၌အိပ်ရသဖြင့် အခြားသူများတို့ စည်းစိမ်ကို စံစားရကုန်၏၊ သင်တမူကား နေ့တိုင်း အခစားပြု၍ ဝမ်းပြည့်ရုံမျှကိုလည်း မရလေ၊ ထိုသို့ လျက် ရှေးက ကောင်းမှု မပြုခဲ့ဘူးသောကြောင့် ငါမရ သည်တကားဟု မသိပါသလော''—

ဟူ၍ ဆွမ်းနှိုးဆော်သော ယောက်ျားက ဆိုလတ်သော် မဟာဒုက်လည်းသတိရ၍''အရှင်....သိပါ၏''ဟုဆို၏။

''ထိုသို့သိလျက် အဘယ့် ကြောင့် ယခု ဘဝ၌ ကောင်းမှုမပြုသနည်း၊ သင်သည် ပျိုမျစ်၏၊ ခွန်အား နှင့်လည်းပြည့်စုံ၏၊ အခစား ပြု၍ပင်လည်း အစွမ်း အလျောက် လှူဒါန်းခြင်းငှါ မသင့်ပါ လော''—

ဟု ဆွမ်းနှိုးဆော်သောယောက်ျားဆိုလျှင် မဟာဒုက်လည်း ထိတ်လန့်ခြင်း သံဝေဂဖြစ်၍–

"ငါ့အားလည်းတပါးတည်းသောရဟန်းကိုစာရင်း
တင်ပါ၊နက်ဖြန် အခစားအမှုပြု၍ လှူဒါန်း ပါအံ့"-

ဟုဆို၏၊ ဆွမ်း နှိုးဆော်သော ယောက်ျားကား တပါးတည်းသော ရဟန်းကိုသာ စာရင်းတင်သဖြင့် အမှတ်အသားများအံ့အထင်ရှိ၏၊ စာရင်းမတင်ဘဲ ခပ်မဆိတ် နေလေ၏။

မဟာဒုက်လည်း အိမ်သို့သွားပြီးသော် "အဘယ်အိမ့်ရှင်မ..ရှင်သူ့ရှာသားတို့သည် နက်ဖြန်ဘုရားအမှူးရှိသောသံဃာအား လှူဒါန်းကုန်လတ္တံ့၊သင်လည်းလှူဒါန်းပါလော့ဟုဆွမ်းဆော် ယောက်ျား ဆိုသောကြောင့် ငါလည်း နက်ဖြန်တပါးတည်းသော ရဟန်းအား လှူဒါန်းပါအံ့ဟု ဝန်ခံခဲ့ပေသည်" ဟူ၍ မိမိမယားအား အကြောင်းပြန်၏၊ မဟာဒုက် မယားလည်း "ငါတို့ အလွန် ဆင်းရဲကုန်လျက် အဘယ့်ကြောင့် သင်ဝန်ခံခဲ့သနည်းဟု အပြစ်မဆိုဦးဘဲ သင်ဝန်ခံခဲ့သည်ကား ကောင်းစွတကား၊ ငါတို့သည်ရှေးဘဝက မလှူဒါန်းခဲ့ဘူး၍ ယခုအလွန်ဆင်းရဲစွာဖြစ်ကုန်၏၊ငါတို့နှစ်စုံအခစားပြု၍တပါးတည်းသော ရဟန်းအား နက်ဖြန်လှူဒါန်းကုန်အံ့"ဟု ဝမ်းမြောက်ဝမ်းသာ တိုင်ပင်ပြောဆိုပြီးလျှင် နှစ်ယောက်စုံအိမ်မှထွက်၍ အခစားအမှုပြုရာသို့ သွားလေကုန်၏။

အမှုလုပ်ကို အလိုရှိသောသူဌေးကြီးတဦးသည် မဟာဒုက်ကိုမြင်၍ "အချင်းမဟာဒုက်..အဘယ်သို့နည်း၊အမှုပြုအံ့လော"ဟု မေးလင့်၏၊ မဟာဒုက်လည်း "ဩ-အရှင်....ပြုပါအံ့"ဟုဆို၏၊ "အဘယ်အမှုကို ပြုလိုသနည်း"ဟု သူဌေးကြီးမေးပြန်

သော် "အကြင်အမှုကိုသင်တို့ ပြုစေလိုကုန်၏၊ ထိုပြုစေလိုကုန်သော အမှုကိုပင်ပြုပါအံ့"ဟုမဟာဒုက်ဆို၏၊ "ထိုသို့တပြီးကား နက်ဖြန် နှစ်ရာ,သုံးရာသော ရဟန်းတို့အား ငါဆွမ်းလှူဒါန်းအံ့၊ လာလှည့်၊ထင်းကိုခွဲလော့,ဖြတ်လော့ "ဟု ပဲခွပ်နှင့် ပုဆိန်တို့ကို ထုတ်၍ပေး၏၊ မဟာဒုက်လည်း မြစ္စာအောက်ပိုးကျိုက်၍ ပြင်းစွာ အားထုတ်လျက် ပဲခွပ်ကို ဖယ်၍ ပုဆိန်ကိုကိုင်ကာ ပုဆိန်ကိုဖယ်၍ ပဲခွပ်ကိုကိုင်ကာ လဲတုံလှယ်တုံ ထင်းကိုခွဲ၍ဖြတ်၏။

ထိုသို့ပြင်းစွာအားထုတ်သည်ကို မြင်၍ "အချင်း....သင်ကား ယနေ့အလွန်လျှင် အားထုတ်လျက် အမှုပြု၏၊ အဘယ်အကြောင်းရှိသနည်း" ဟုသူဌေးကြီးမေးသော် "အရှင်.... အကျွန်ုပ်ကား နက်ဖြန် တပါးတည်းသော ရဟန်းအား ဆွမ်းလှူဒါန်းပါအံ့၊ ထို့ကြောင့် အလွန်လျှင် အားထုတ်ပါသတည်း"ဟုဆို၏၊ ထိုမဟာဒုက် ဆိုသောစကားကို ကြား၍ "ဤသူကား ပြုခဲသောအမှုကိုပြု၏၊ငါသည် သူဆင်းရဲဖြစ်သည်တမုံ့ဟု ကြောင့်ကြမဲ့သို့ မရောက်ဘဲ အခစားပြု၍ လှူဒါန်းအံ့ဟု အားထုတ်ပေသည်၊ အံ့ဘွယ်ရှိစွတကား" ဟုကြည်ညိုသောစိတ်ဖြင့် သူဌေးကြီး၏။

သူဌေးမလည်း မဟာဒုက်မယားကို မြင်လျှင် "အမိလည်း အမှုပြုလိုသလော" ဟုမေး၍ "အရှင်တို့အလိုရှိတိုင်း အမှုပြုလိုပါသည်" ဟုဆိုသော် မောင်းထောင်းသော တင်းကုပ်သို့သွင်း၍ မန်း, စကော, ကျည်ပွေ့စသော မောင်းထောင်းရန် ကိရိယာကိုပေးစေ၏၊ မဟာဒုက် မယားလည်း ကမြူးဘိသကဲ့သို့ နှစ်သက် ရွှင်လန်းစွာ စပါးတို့ကိုထောင်း

၍ပြာလည်းပြာ၏၊ သူဌေးမလည်း ထိုသို့နှစ်သက် ရှင်လန်းစွာပြုသည်ကိုမြင်၍ “အမိ....သင်ကားအလွန်လျှင် နှစ်သက်ရွှင်လန်းစွာ အမှုပြု၏၊ အကြောင်းအဘယ်သို့ ရှိသနည်း”ဟု မေးသော် “အရှင်မ....အကျွန်ုပ်တို့လည်း နက်ဖြန်တပါးတည်းသော ရဟန်းအား ဆွမ်းလှူဒါန်းပါကုန်အံ့၊ထို့ကြောင့် နှစ်သက်ရွှင်လန်းစွာ အမှုပြုပါသတည်း” ဟုဆို၏။

ထိုသို့မဟာဒုက် မယားဆိုသော စကားကိုကြား၍ ပြုခဲစွာသော အမှုကို ဤသူပြုပေသည်၊ အံ့ဘွယ်ရှိစွ တကား” ဟု ကြည်ညိုသော စိတ်ဖြင့် သူဌေးမကြံ၏၊ သူဌေးကြီးလည်း မဟာဒုက်ထင်းခွဲဖြတ်ပြီးသောကာလ “ဤကားအခတည်း”ဟု သလေးစပါး လေးကွမ်းစားပေးစေ၏၊ “ဤကားနှစ်သက်သော ဆုတည်း”ဟု တဘန်သလေးစပါး လေးကွမ်းစားပေးပြန်စေ၏။

မဟာဒုက်ကား မိမိ အဘိုးအခ ရပြီးသော် မယားကို “ငါ့အဘိုးအခ ရသော စပါးဖြင့် ဆွမ်းလျာ ရိက္ခာဖြစ်လတ္တံ့၊ သင့်အဘိုးအခဖြင့် ထောပတ်, နို့ဓမ်း, အစပ်ဘဏ္ဍာများကိုသာ ယူခဲ့”ဟုဆို၏၊သူဌေးမလည်း ထောပတ်တဟင်းချို, နို့ဓမ်းတခွက်, ငရုပ်-ကြက်သွန်- ချင်းစသော အစပ်ဘဏ္ဍာ,သလေးဆန်စင် တကွမ်းစားတို့ကို မဟာဒုက် မယားအားအဘိုးအခပေးစေ၏၊ ဤမျှလောက်လင်မယားနှစ်ယောက်စုံရသောအဘိုးအခဖြင့် သလေးဆန် ငါးကွမ်းစား,ထောပတ်, နို့ဓမ်း, အစပ်ဘဏ္ဍာ ကုံလုံစွာ ဖြစ်လေသလည်း။

[စပါး ရှစ်ကွမ်းစား,ဆန် လေးကွမ်းစားနှင့် တကွ ပေါင်း၍ ဆိုသည်။]

မဟာဒုက် လင်မယားတို့လည်း လှူဒါန်းဘွယ် ဝတ္ထုကို ငါတို့ရပေပြီ" ဟု နှစ်သက် ရွှင်လန်းစွာ နံနက် စောစောက ထကြွကုန်၍ မဟာဒုက်ကို ဟင်းလျာသစ်ရွက် ရှာစေသော် အိမ်ဈေး၌ သစ်ရွက်မရသောကြောင့် မြစ်နားသို့သွား၍ သစ်ရွက်ရှာ၏၊ "ယနေ့လှူဒါန်း ပေရအံ့"ဟူ၍ ရွှင်လန်းသော စိတ်ရှိသဖြင့် သီချင်းသီလျက် သင်ရွက်ခူး၏၊ ကြီးစွာသော ကွန်ကိုချလျက် နေသော တံငါသည် သည် သီချင်းသံကိုကြား၍ "မဟာဒုက်၏အသံ ဖြစ်ရာသည်"ဟု မဟာဒုက်ကို ခေါ်၍ "အလွန်လျှင် မွှင်လန်းစွာ သီချင်းသီသည်ကား အဘယ်အကြောင်းရှိသနည်း"ဟုမေး၏။

ဟင်းလျာဖြစ်သော ဟင်းရွက်ခူး ကြောင်းကို ဆိုသော် "အဘယ် ပွဲစရာနည်း"ဟု မေးပြန်၍"တပါး တည်းသော ရဟန်းအား ဆွမ်းလှူဒါန်းစရာ" ဟုဆိုလျှင် "ချမ်းသာခြင်း ရှိသော ရဟန်းသည် သင်လှူဒါန်းသော သစ်ရွက်ကို စားဘိမည်မဟုတ်၊ သစ်ရွက်ဖြင့် အဘယ် မှုစအံ့နည်း၊ ဤသို့လာလှည့်၊ ငါးတို့ကို တမတ်ထိုက်, အခွဲထိုက်,တသပြာထိုက် အသီးအသီးပေါင်း၍ စီလေ့" ဟုဆို၏၊ မဟာဒုက်လည်း ဆိုတိုင်းပြု၏၊ ထိုသို့ပြုစဉ်ပင်လျှင် ဆွမ်းခံချိန်အခါတန် လေသတည်း၊ မဟာဒုက်လည်း အခါကို မှတ်၍"ရဟန်းတို့လာချိန်တန်ပြီ၊သွားအံ့"ဟုဆို၏၊ တံငါလည်း အလုံးစုံသော ငါးတို့ကို ရွာသူ,ရွာသားတို့ ဝယ်နှင့်လေသောကြောင့် ပေးစရာ မရှိရကား မိမိစားရာတို့ သဲစု၌မြှုပ်၍ထားသော ငါးကြင်းလေးကောင်ကို"ဤငါးတို့ဖြင့်ဆွမ်းလှူဒါန်းလေ"ဟူ၍ မဟာဒုက်အား ပေးလိုက်၏။

ကဿပ ဘုရားသခင်လည်း ထိုနေ့မိုးသောက်ထအခါ၌ အာသယာနုသယဉာဏ်, ဣန္ဒြိယပရော ပရိယတ္တိ ဉာဏ်ဟူ သော ဗုဒ္ဓစက္ခုဖြင့် လောကကို ကြည့်ရှုတော် မူသော် ဉာဏ်တော်ကွန်ရက်တွင်းသို့ ဝင်လာသော မဟာဒုက်ဆင်းရဲ ကိုမြင်တော်မူ၍ "အဘယ်သို့ဖြစ်လတ္တံ့နည်း"ဟု ဆင်ခြင် တော်မူလျှင် "မဟာဒုက်သည် ရဟန်းတပါးကို ဆွမ်းကျွေး အံ့ဟု မယားနှင့်တကွ ယမန်နေ့က အခစားအမှုပြုကြောင်း" ကို သိတော်မူ၍ "အဘယ်ရဟန်းကို ရလတ္တံ့နည်း"ဟု ကြံ တော်မူပြန်လျှင်—

"အခြားလူများတို့ စာရင်းတင်သော အမှတ်ဖြင့် စာရင်းနှင့် လျော်စွာ ရဟန်းတို့ကိုယူ၍ မိမိတို့အိမ် ၌ နေစေကုန်လတ္တံ့၊ မဟာဒုက်မူကား အခြားရဟန်း များကိုမရမူ၍ ငါဘုရားကိုသာ ရလတ္တံ့"—

ဟုမြင်တော်မူ၏၊ သဗ္ဗညုဘုရားတို့ကား မိုးသောက်ထ၌ ဝေနေယျလောကကို ကြည့်ရှုတော်မူမြဲ၊ ဆင်းရဲစွာသသူတို့၌ သနားခြင်းကို ပြုတော်မူမြဲ၊ ကိုယ်တော်၌ တစုံတခု အညစ် အကြေးမရှိသော်လည်း အလုပ်အကျွေးရဟန်းတို့ကို ချီးမြှင့် လို၍ မျက်သစ်, ဒန်ပူပယူတော်မူမြဲတည်း၊ ကဿပမြတ်စွာ ဘုရားလည်း ထိုနေ့နံနက်စောစောကပင် ကိုယ်တော်သုတ် သင်ခြင်းကို ပြုတော်မူပြီးလျှင် "မဟာဒုက်ကိုသင်္ဂြိုဟ် မ စ အံ့"ဟု ဂန္ဓကုဋီတိုက်သို့ဝင်၍ နေတော်မူ၏။

ငါးတို့ကိုယူ၍ အိမ်သို့ မဟာဒုက်ရောက်စဉ် သိကြားမင်း နေစမှတ်ပြုသော ပဏ္ဍုကမ္ဗလာကျောက်နေရာသည် ပူသော အခြင်းအရာကို ပြုလေ၍ "အဘယ် အကြောင်းနည်း" ဟု နတ်မျက်စိဖြင့် သိကြားမင်းကြည့်ရှုလတ်သော် "ယမန်နေ့က

မဟာဒုက်သည် တပါးတည်းသောရဟန်းအား ဆွမ်းလှူဒါန်းအံ့''ဟု မယားနှင့်တကွ အခစားပြု၏၊ အခြားရဟန်းတပါးကိုမရ‌ေဘဲ ကဿပ မြတ်စွာဘုရားကိုသာ ရလတ္တံ့၊ ကဿပ မြတ်စွာဘုရားလည်း မဟာဒုက်အား သင်္ဂြိုဟ် မ စ ခြင်းကို ပြုအံ့ ဟု ဂန္ဓကုဋီတိုက်၌ သီတင်းသုံးနေတော်မူပြီ''ဟု . မြင်လေ၏။

မဟာဒုက်သည်မိမိနှင့် ထိုက်တန်သော ယာဂု,ဆွမ်း,စားမဲဟင်းလျာတို့ကိုသာ မြတ်စွာဘုရားအား လှူဒါန်းလေရာ၏၊ မဟာဒုက်အိမ်သို့ ငါသွား၍ မွှန်မြတ်သော စဖိုသည် အမှုကိုပြုရသော် ကောင်း၏''ဟု ကြံပြီးသော် မထင်ရှားသောလူ၏ အသွင်ဖြင့် မဟာဒုက်အိမ်အနီးသို့သွား၍ ''မွှန်မြတ်သော စဖိုသည်အမှုကို အခစားဖြင့်ပြုအပ်သော တစုံတခုအမှုရှိသလော''ဟု မေး၏၊ မထင်မရှားမေးသော သိကြားမင်းကို မဟာဒုက်မြင်၍ ''အဘယ်အမှုကို ပြုလိုသနည်း''ဟု ဆိုသော်—

''ငါကား ခပ်သိမ်းသော အတတ်ကိုတတ်၏၊ ငါမတတ်သော အတတ်မည်သည်မရှိ၊ ယာဂု,ဆွမ်းအစရှိသည်တို့ကိုလည်း ပြည့်စုံစိမ့်သောငှါသိ၏'' ဟု သိကြားမင်းဆိုရကား ''သင်၏အမှုဖြင့်ငါတို့အလိုရှိပါကုန်၏၊ တစုံ တခု အဘိုးအခ ပေးကမ်းဘွယ်ကိုကား မမြင်ပါကုန်''ဟု မဟာဒုက်ဆို၏၊ ''အဘယ်အမှုကိုပြုလိုသနည်း''ဟု သိကြားမင်း ဆိုပြန်လျှင် တပါးတည်းသော ရဟန်းအားလှူဒါန်းလိုသည်ဖြစ်၍ ယာဂု,ဆွမ်း,စားမဲဟင်းလျာစီရင်မှုကိုပြုလိုပါသည်'' ဟူ၍ ဆို၏။

"အကယ်၍ တပါးတည်းသော ရဟန်းအား ဆွမ်းလှူဒါန်းလိုသည်ဖြစ်အံ့၊ အခြားတပါးအဘို့ အခဖြင့် အလိုမရှိပြီ၊ ကောင်းမှုမပွားရာသလော၊ကောင်းမှုမျှပွားစေတော့" ဟုသိကြားမင်းဆိုသော် "ထိုသို့တပြီးကားကောင်ပြီ၊စီရင်ပါ" ဟု ဆောက်နှင်း၏၊ သိကြားမင်းလည်း မဟာဒုက်အိမ်သို့ဝင်၍ ဆီ,ဆန် အစရှိသော အဆောက်အဦတို့ကိုဆောင်စေပြီးလျှင် ယာဂု,ခဲဘွယ်,ဆွမ်း,စား မဲဟင်းလျာအစရှိသည် တို့ကိုပြည့်စုံစိမ့်သောငှါအားထုတ်၏၊ မဟာဒုက်ကိုလည်း "သင့်ကိုယ်တိုင်သွား၍ သင့်အား အဘို့ရောက်သော ရဟန်းကိုဆောင်ချေ"ဟုစေလွှတ်လိုက်၏။

ဆွမ်းနှိုးဆော်သော ယောက်ျားသည် စာရင်းတင်သောအမှတ်အတိုင်း အခြားသူတို့အိမ်သို့စာရင်းကျ ရဟန်းတို့ကိုပင့်ခေါ်စေ၏၊မဟာဒုက်လည်းဆွမ်းနှိုးဆော်သောယောက်ျား၏ အထံသို့သွား၍ "ငါ့အား အဘို့ရောက်သော ရဟန်းကို ပေးပါ"ဟု တောင်း၏၊ ဆွမ်းနှိုးဆော်သောယောက်ျားလည်း ထိုခဏ၌သတိရ၍"သင်၏အဘို့ရောက်သော ရဟန်းကို စာရင်းမတင်မိ၊ လွတ်ခဲ့ပြီ"ဟု ဆို၏၊ မဟာဒုက်ကားထိုစကားကိုကြား၍ ထက်လှစွာသောလှံမတို့ဖြင့် ရင်ဝ၌ထိုးဘိသကဲ့သို့ရှိရကား—

"အချင်း…အဘယ့်ကြောင့် ငါတို့ကို ဖျက်ဆီးဘိသနည်း၊ ယမန်နေ့က သင်တိုက်တွန်း နှိုးဆော်သောကြောင့် မယားနှင့်တကွ နှစ်ယောက်စုံတနေ့လုံး တနေကုန် အခစားအမှုပြုပြီးလျှင် ယနေ့နံနက်စောစောကပင် ဟင်းလျာသစ်ရွက်အလို့ငှါ မြစ်နား၌လှည့်ပတ် ရှာဘွေ၍လာခဲ့၏၊ ဤသို့ ပင်ပန်းစွာ

ကြီးဆောင်သော ငါတို့ကို အဘယ့်ကြောင့် ဖျက်ဆီး
ဘိသနည်း၊ တဦးသော ရဟန်းကိုပေးပါ”—
ဟု လက်နှစ်ဘက်ကို မြှောက်၍ ပြင်းစွာငိုကြွေး၏။

လူများတို့လည်း ထိုငိုကြွေးသံဖြင့် စည်းဝေးလာကုန်၍ “အချင်းမဟာဒုက်…. အဘယ့်ကြောင့် ငိုကြွေးဘိသနည်း” ဟုမေးကြ၍ ထိုအကြောင်းကို မဟာဒုက် ပြောဆိုလျှင် “သင်ကား အခစားပြု၍ တဦးတည်းသော ရဟန်းအားပင် လည်း ဆွမ်းလှူဒါန်းလော့ဟု တိုက်တွန်း နှိုးဆော်သည် မှန်ပေသလော”ဟု ဆွမ်းနှိုးဆော်သော ယောက်ျားကိုမေး မြန်းကြ၍ “မှန်ပေ၏”ဟု ဆိုလတ်သော် “သင်သည်၌မျှ လောက် ရဟန်းတို့ကိုဝေဘန်စီရင်လျက် မဟာဒုက်အတွို ရဟန်းတပါးကိုမပေးခြင်းသည် ဝန်လေးသောအမှုကိုပြုသည် မည်၏”ဟု ကဲ့ရဲ့ပြစ်တင်ကုန်၏၊ ထိုသို့ကဲ့ရဲ့ ပြစ်တင်သော စကားဖြင့် ဆွမ်းနှိုးဆော်သော ယောက်ျားသည် အရှိန် အစော်မဲ့ ရှက်ကြောက်စွာဖြစ်၍ ဤသို့ဆို၏။

“အချင်းမဟာဒုက်…. ငါ့ကိုမဖျက်ဆီးပါလင့်၊ သင့်အ ကြောင်းကြောင့် ကြီးစွာပင်ပန်းခြင်းသို့ ငါရောက်ခဲ့ပြီ၊ စာရင်း တင်သော အမှတ်ဖြင့် မိမိတို့ အတွိုရောက်သော ရဟန်း တို့ကို လူများ အသီးအသီးဆောင်လေကုန်ပြီ၊ ကိုယ့်အိမ်၌ ထိုင်ပြီးသောရဟန်းတို့ကို ထုတ်၍ပေးသသူ မည်သည်လည်း မရှိစကောင်း၊ သဗ္ဗညုဘုရားမူကား မျက်နှာတော်သစ်ပြီးလျှင် ဂန္ဓကုဋီတိုက်၌ပင် နေတော်မူသေး၏၊ ပြည့်ရှင်မင်း, အိမ်ရှေ့ မင်း, စစ်သူကြီးအစရှိသောသူတို့သည် ဂန္ဓကုဋီ တိုက်တော်မှ သဗ္ဗညုဘုရား ထွက်တော်မူသည်ကို ကြည့်ကြလျက် သပိတ် တော်ကိုယူ၍ လုပ်ကျွေးအံ့ဟု ငံ့လင့်ကုန်၏၊ ဘုရားသခင်တို့

မည်သည်လည်း ဆင်းရဲသားတို့၌ သနား ကုန်မြဲတည်း၊ ကျောင်းတော်သို့ သင့်ကိုယ်တိုင်သွား၍ အရှင်ဘုရား…. အကျွန်ုပ်ကား အလွန်ဆင်းရဲစွာသသူဖြစ်၏၊ အကျွန်ုပ်အား သင်္ဂြိုဟ် မ စ ခြင်းကိုပြုတော်မူပါဟု လျှောက်လေ၊အကယ်၍ သင့်အားဘုန်းကံရှိအံ့၊ မချွတ်ရလတ္တံ့ ”ဟုဆို၏။

မဟာဒုက်လည်း ဆွမ်းနှိုးဆော်သော ယောက်ျားဆိုတိုင်း ကျောင်းတော်သို့သွားလေ၏၊ တပါးသနေ့တို့၌ ကျောင်းတော်တွင် စားကြွင်းစားအဖြစ်ဖြင့် မဟာဒုက်ကို မြင်စမှတ်ဖြစ်သောကြောင့် ပြည့်ရှင်ခမင်း, အိမ်ရှေ့မင်း, စစ်သူကြီးအစရှိသောသူတို့သည်“အချင်းမဟာဒုက်….စားကြွင်းစားအံ့သောအခါ မဟုတ်သေး၊ အဘယ့်ကြောင့်လာသနည်း”ဟု ဆိုကြကုန်၏၊ “အရှင်တို့….စားကြွင်းစားအံ့သောအခါ မဟုတ်သည်ကိုသိပါ၏၊ ဘုရားသခင်ကို ရှိခိုးအံ့သောငှါ လာခဲ့ပါသတည်း”ဟု ဆိုလျက် သွားလေပြီးသော် ဂန္ဓကုဋီတိုက်တံခါးခုံ၌ ဦးခေါင်းဆိုက်လျက် ထိခြင်းငါးပါးရှိသော ပဉ္စပတိဋ္ဌိတ ရှိခိုးခြင်းဖြင့် ရှိခိုး၍—

“ဗာရာဏသီပြည်၌ အကျွန်ုပ်ထက်လွန်၍ဆင်းရဲသူမရှိပြီ၊ အကျွန်ုပ်၏ မှီခိုရာဖြစ်တော်မူပါ၊ အကျွန်ုပ်အား သင်္ဂြိုဟ် မ စတော်မူပါ”—

ဟုလျှောက်၏။

[ထိခြင်းငါးပါးရှိသော“ပဉ္စပတိဋ္ဌိတ ရှိခိုးခြင်း”မည်သည်ကား ခြေဖဝါးနှစ်ဘက်,ပုဆစ်နှစ်ဘက်,တတောင်ဆစ်နှစ်ဘက်, လက်အုပ်နှစ်ဘက်, လက်အုပ်နှင့်နဖူး ငါးပါးတို့ကို ထိစေ၍ ရှိခိုးခြင်းတည်း။]

ကဿပမြတ်စွာဘုရားလည်း မဟာဒုက် လျှောက်သော စကားကို ကြားတော်မူလျှင် ဂန္ဓကုဋီတိုက်တံခါးကို ဘွင့်၍ သပိတ်တော်ကို ထုတ်ပြီးသော် မဟာဒုက်လက်၌ ထားတော်မူ၏။

[ဂန္ဓကုဋီတိုက်တံခါးကား ဘုရားအလိုတော်ရှိလျှင် အလျောက်သာပွင့်မြဲတည်း၊ ကိုယ်တော်တိုင်ဘွင့်ရသည် မဟုတ်၊ ထိုသို့လျက် အလိုအားလျော်စွာ အလျောက် သာပွင့်ရသောကြောင့် ကိုယ်တော်တိုင်ဘွင့်သကဲ့သို့ ဆိုလေသတည်း။]

မဟာဒုက်လည်း မိမိလက်သို့ သပိတ်တော်ရောက်လျှင် စကြဝတေးမင်းစည်းစိမ်သို့ရောက်သကဲ့သို့ ဖြစ်လေ၏၊ ပြည့်ရှင်မင်း,အိမ်ရှေ့မင်း,စစ်သူကြီးအစရှိသော သူတို့သည်လည်း ဘုရားသခင်အပ်သော သပိတ်တော်ကို အစိုးတရအားဖြင့် ယူခြင်းငှါမဝံ့သည်ဖြစ်၍ အချင်းချင်းမျက်နှာကိုသာ ကြည့်ကြကုန်၏၊ "အချင်းမဟာဒုက်....ဤမျှလောက်သောဥစ္စာကိုယူ၍ ငါတို့အား သပိတ်တော်ကိုပေးပါ၊ ဆင်းရဲသောသင့်အားဥစ္စာကိုသာယူလော့၊ သပိတ်တော်ဖြင့် အဘယ်မှုစဒ္ဒံ့နည်း"ဟု အစိုးတရမယူဝံ့သောကြောင့် ဥစ္စာဖြင့်သာ တောင်းကုန်၏၊ မဟာဒုက်လည်း "တစုံတယောက်သောသူ့အား ငါမပေး၊ ဥစ္စာဖြင့်လည်း ငါမလို၊ ဘုရားရှင်ကိုသာ ဆွမ်းလုပ်ကျွေးကုန်အံ့"ဟုဆို၏။

အိမ်ရှေ့မင်း, စစ်သူကြီးအစရှိသော ကြွယ်ဝသောသူတို့သည်လည်း သပိတ်တော်ကို ဥစ္စာဖြင့်တောင်း၍မရလျှင် ပြန်လေကုန်၏၊ ဗာရာဏသီပြည်ကြီးအရှင်ဖြစ်သော ပြည့်ရှင်မင်းမှုကား ဤသို့ကြံ၏။

"မဟာဒုက်ကို ဥစ္စာဖြင့် ဖြားယောင်းပါသော်လည်း သပိတ်တော်ကိုမပေးခဲ့၊ ဘုရားရှင်ကိုယ်တိုင်တော်ပေးသော သပိတ်တော်ကိုလည်း အစိုးစာရမယူဝံ့ခဲ့၊ မဟာဒုက်အား လှူဒါန်းစရာဝတ္ထုသည် အဘယ်မျှလောက် ဖြစ်လတ္တံ့နည်း၊ မဟာဒုက်လှူဒါန်းပြီးမှပင် ဘုရားရှင်ကို ပင့်ဆောင်၍ မွန်မြတ်သော ဘောဇဉ်အာဟာရကို လှူဒါန်းအံ့"—

—ဟု ကြံပြီးသော် ဘုရားရှင်နှင့်အတူပင်လျှင် နောက်တော်က အစဉ်တစိုက် လိုက်၏၊ သိကြားမင်းလည်း ယာဂု, ခဲဘွယ်, ဆွမ်း, စားမဲဟင်းလျာအစရှိသည်တို့ကို စီရင်ပြီးလျှင် ဘုရားရှင်နေခြင်းငှါထိုက်သောနေရာကို ခင်း၍နေနှင့်၏၊ မဟာဒုက်လည်း ဘုရားရှင်ကို မိမိအိမ်သို့ ပင့်ဆောင်၍ "ဤအိမ်အတွင်းသို့ဝင်တော်မူပါ"ဟု လျှောက်၏၊မဟာဒုက်နေသောအိမ်ကား အလွန်နိမ့်၏၊ ကျောက်ကုန်းကိုမျှမကိုင်းမညွတ်စေသဖြင့် ဝင်ခြင်းငှါမတက်နိုင်။

[သဗ္ဗည ဘုရားတို့မည်သည်လည်း ခံသိမ်းသောအရပ်ကိုဝင်ကုန်သော်ကျောက်ကုန်းတော်ကိုမကိုင်းမညွတ်စေဘဲသာ ဝင်ကုန်မြဲတည်း၊ထို့ကြောင့် အိမ်,ကျောင်းအစရှိသော နိမ့်သောအရပ်တို့သို့ ဘုရားတို့ဝင်တော်မူသောကာလ ဤမဟာပထဝီမြေကြီးသည်မူလည်း အောက်သို့သက်ရာ၏၊ နိမ့်သောအိမ်, ကျောင်း အစရှိသည်တို့မူလည်း အထက်သို့တက်ရာ၏၊ ဤသို့ မြေကြီးအောက်သို့သက်သဖြင့်ငြင်း၊နိမ့်သောအိမ်, ကျောင်း အစရှိသည် အထက်သို့ တက်သဖြင့်ငြင်း မကိုင်းမညွတ်ဘဲ ဝင်တော်မူလောက်သည်ကား ပေးလှူအပ်သောဒါနဝတ္ထု၌ လိုချင်မက်မောသောစိတ်ဖြင့် မကိုင်းမညွတ်ဘဲ လွတ်လွတ်စွန့်ကြဲ

၍ ကောင်းစွာပေးလှူခဲ့ဘူးသော ဒါနပါရမီ၏ အကျိုး တည်း၊ ထိုအိမ်,ထိုကျောင်း အစရှိသည်မှထွက်၍ ကြွ တော်မူပြီးသည်ကာလ ကြပတွေ့အတိုင်းသာလျှင် ဖြစ် လေသတည်း။]

ကဿပမြတ်စွာဘုရားလည်း ထိုသို့သော ဒါနပါရမီ၏ အကျိုးအားဖြင့် အလွန်နိမ့်သောမဟာဒုက်၏အိမ်သို့ မကိုင်း မညွတ်ဘဲရပ်လျက်ပင်သာ ဝင်တော်မူ၍ သိကြားမင်းခင်း သောနေရာ၌နေတော်မူ၏၊ ဘုရားသခင် နေတော်မူပြီးသော် ပြည့်ရှင်မင်းသည် ဤသို့ဆို၏၊ "အချင်းမဟာဒုက်....သင် ကား များစွာသောဥစ္စာဖြင့် ငါတို့တောင်းပါသည်ကိုလည်း သပိတ်တော်ကိုမပေး၊ သင်ပြုသော ပူဇော်သက္ကာရကား အ ဘယ်သို့သဘောရှိပါသနည်း၊ ကြည့်ပါကုန်အံ့" ဟုဆိုသော် ယာဂု,ခဲဘွယ်,ဆွမ်း,စားမဲဟင်းလျာအစရှိသည်တို့ကို ဘွင့်၍ ပြ၏၊ဘွင့်တည့်သောခဏ၌ပင်လျှင် ယာဂု,ခဲဘွယ်,ဆွမ်း, စား မဲဟင်းလျာ အစရှိသည်တို့၏ အထုံအနံ့သည် တဆယ့်နှစ်ယူ ဇနာကျယ်သော ဗာရာဏသီပြည်အလုံးကို တစပ်တည်း ဖုံး လွှမ်း၍ တည်လေ၏။

ပြည့်ရှင်မင်းလည်း ယာဂု,ခဲဘွယ်, ဆွမ်း, စားမဲ ဟင်း လျာ အစရှိသည်တို့ကို ကြည့်ရှုပြီးလျှင် ဘုရားရှင်ကို ဤသို့ လျှောက်၏။

"အရှင် ဘုရား....အကျွန်ုပ်ကား မဟာဒုက်၏ လှူဒါန်းစရာဝတ္ထုသည် အဘယ်မျှလောက် ဖြစ်အံ့ မည်နည်း၊ မရှိမဲ့ ရတတ်သမျှ မဟာဒုက်လှူပြီး သော် သဗ္ဗညုဘုရားကို ပင့်ဆောင်၍ မွန်မြတ်သော ဘောဇဉ် အာဟာရကို လှူဒါန်းအံ့ဟု ကြံ၍ လာခဲ့၏၊

ယခုအခါ၌ကား မဟာဒုက်၏ လှူဒါန်းစရာဝတ္ထုသည် အံ့ဘွယ်သရဲ ဖြစ်ပေခဲ့၊ ဤသို့သဘောရှိသော ခဘာဇဉ် အာဟာရကို အကျွန်ုပ်တို့ မမြင်စဘူးပေ၊ ဤ မဟာဒုက်အိမ်၌ အကျွန်ုပ်နေသော် မဟာဒုက် ပင်ပန်းပေရာ၏၊ သွားပါအံ့"—

ဟု ဘုရားရှင်ကို ရှိခိုး၍ ဖဲလေ၏၊ သိကြားမင်းလည်း မဟာဒုက်နှင့်တကွ ယာဂု, ခဲဘွယ်, ဆွမ်း,စားမဲဟင်းလျာ အစရှိသည်တို့ဖြင့် ဘုရားရှင်ကို ရိုသေစွာ လုပ်ကျွေး၏၊ သဗ္ဗညုဘုရားလည်း ဆွမ်းဘုဉ်းပေးခတော်မူပြီးသော အဆုံး၌ အနုမောဒနာပြုပြီးသော် နေရာမှ ထ၍ ကြွတော်မူ၏။

သိကြားမင်းလည်း"သပိတ်တော်ကိုကိုင်၍ပို့ လိုက်လော့" ဟု မဟာဒုက်အား သညာပေး၏၊ မဟာဒုက်လည်း သပိတ် တော်ကိုကိုင်၍ ကျောင်းတော်သို့ ရောက်အောင် ပို့ လိုက်၏၊ သိကြားမင်းကား အတန်ငယ်ပို့ လိုက်၍ ပြန်ပြီးလျှင် မဟာ ဒုက်အိမ်တံခါး၌ရပ်လျက် ကောင်းကင်ကိုမော်၍ ကြည့်၏၊ ထိုသို့ကြည့်သောခဏခြင်းပင်လျှင် ကောင်းကင်ပြင်က ရတနာ ခုနစ်ပါးမိုယ်းရွာ၍ အိမ်၌ရှိသမျှ အိုး,ခွက် ခပ်သိမ်းစုံတို့ကို ပြည့်စေ၏၊ အိုး,ခွက် မဆံ့ရကား အိမ်အလုံးပင် ရတနာ အတိပြည့်လေသတည်း၊ မဟာဒုက်မယားကား အိမ်၌နေရာ မရှိ၍ သားငယ်တို့ကို လက်ဆွဲကာ အိမ်အပြင်အပ၌သာ နေရ၏။

မဟာဒုက်လည်း ဘုရားရှင်ကို ပို့ လိုက်၍ ပြန်ခဲ့ပြီးသော် သားငယ်တို့ကို အိမ့်ပြင် အပ၌ မြင်၍ "ဤကား အဘယ် အကြောင်းနည်း"ဟု မယားကိုမေးလျှင် "အရှင်····ငါတို့ အိမ်အလုံးသည် ရတနာခုနစ်ပါးတို့ဖြင့် ပြည့်၍ ဝင်စရာမျ

မရှိပြီ''ဟု ဆို၏၊ ''ငါတို့အလှူကား ယခုဆောဆောပင်လျှင် ကောင်းကျိုးကို ပေးပေသည် တကား''ဟု ဝမ်းမြောက်ဝမ်း သာဖြစ်လျက် မင်း၏အထံသို့ မဟာဒုက်သွား၍ ရှိခိုးပြီးမှ တင့်အပ်သော အရပ်၌နေလေ၏၊ ''အဘယ့်ကြောင့် လာသ နည်း''ဟု မင်းကြီးမေးသော်—

''အရှင်မင်းကြီး····အကျွန်ုပ်တို့ အိမ်အလုံးသည် ရတနာခုနစ်ပါးတို့ဖြင့် ပြည့်၏၊ ထိုရတနာအစုကို ယူ တော်မူပါ''—

ဟုဆို၏၊ မင်းကြီးလည်း ''ဘုရားတို့အား လှူဒါန်းသော အလှူသည် ယနေ့ပင်သော လှူဒါန်းလျက် ယနေ့တွင်ပင် အကျိုးအပြီးသို့ ရောက်လေသည်၊ အံ့ဘွယ်ရှိစွ တကား''ဟု ကြံပြီးသော် ''အဘယ်ကိုရခြင်းငှါ သင့်သနည်း''ဟု ဆို၏၊ ''ရတနာအစုကိုဆောင်ခြင်းငှါ တထောင်လောက်သောလှည်း များကိုရခြင်းငှါ သင့်၏''ဟု ဆိုလျှင် လှည်းတထောင် စေ၍ ရတနာအစုကို ဆောင်စေပြီးမှ မင်းရင်ပြင်၌စုပုံစေ၏၊ ထို ရတနာအစုကား ထန်းလတ်တဖျားပမာဏ ရှိသတည်း။

မင်းကြီးလည်း ပြည်သူ,ပြည်သားတို့ကို စည်းဝေးစေ၍ ''ဗာရာဏသီပြည်၌ တစုံတယောက်သော သူအား ဤမျှ လောက်သော ဥစ္စာရှိအံ့လော''ဟု မေး၍''မရှိ''ဟုဆိုကြသော် ''ဤသို့မရှိခဲ့မူ များသောဥစ္စာရှိသော မဟာဒုက်ကို အဘယ် သို့ ပြုခြင်းငှါ သင့်သနည်း''ဟု မေးပြန်၏၊ ''အရှင်မင်း ကြီး····သူဌေးအရာကို ပေးခြင်းငှါသင့်၏''ဟု ဆိုကြလျှင် မင်းကြီးလည်းကြီးစွာပူဇော်သက္ကာပြု၍သူဌေးအရာပေးလေ၏၊ ရှေးက သူဌေးတဦး နေဘူးသော အိမ်ရာကို ကြား၍

"ဤအရပ်၌ ချုံ,သစ်ပင်တို့ကိုသုတ်သင်ပြီးလျှင် သူဌေးအား လျော်ကပ်ပတ်သော အိမ်ဆောက်၍နေလေ"ဟူ၍ ဆို၏။

မဟာဒုက်လည်း ထိုအရပ်ကို သုတ်သင်၍ အညီ,အညွတ် ပြုခြင်းငှါ မြေကို ထွန်လတ်သော် အချင်းချင်းထိလျက် စပ် လျက် တည်သော ရွှေအိုးကြီးများသည် ပေါ်ပြန်၍ ထို အကြောင်းကို မင်းအားကြားလျှင် "သင်၏ ကောင်းမှုကြောင့် ဖြစ်လာသော ရွှေအိုးကြီးတို့ကိုလည်း သင်ပင်ယူပါလေ" ဟု ဆို၏၊ အိမ်ဆောက်ပြီးသောအခါလည်း ဘုရားအမှူးရှိသော သံဃာတော်အား ခုနစ်ရက်တိုင်တိုင် အလှူကြီးပေး၏။

[(၁) စေတနာမဟဂ္ဂတာ၊ စေတနာ ထက်သန်ခြင်း တပါး။

(၂) ပစ္စယာနံဓမ္မိကတာ၊လှူသောပစ္စည်းတို့၏ တရား နှင့်လျော်ခြင်းတပါး။

(၃) ဝတ္ထုသမ္ပဒါ၊အနာဂါမ်,ရဟန္တာဟူသောအလှူ ခံပုဂ္ဂိုလ်တို့နှင့်ပြည့်စုံခြင်းတပါး။

(၄) ဂုဏာတိရေကတာ၊နိရောဓ သမာပတ်မှ ထဦး ဖြစ်သဖြင့် ကဲလွန်သောဂုဏ်ရှိခြင်းတပါး။

ဤအင်္ဂါလေးပါးနှင့် ပြည့်စုံသောဒါနသာ ဒိဋ္ဌဓမ္မဝေ ဒနီယကံဖြစ်၍ မျက်မှောက် အကျိုးပေးကြောင်းကို ဆို သည်၊ မဟာဒုက်ပြုသောဒါနကား နိရောဓ သမာပတ်မှ ထဦးမဟုတ်ခဲ့၍ ကဲလွန်သော ဂုဏ်ရှိခြင်း အင်္ဂါတပါး မပြည့်စုံ၊အင်္ဂါသုံးပါးသာပြည့်စုံလျက် ဒိဋ္ဌဓမ္မဝေဒနီယကံ ဖြစ်၍ မျက်မှောက်အကျိုးကိုပေးလေသည်၊ ထို့ကြောင့် အင်္ဂါလေးပါး ဟူသည်ကား ယေဘုယျ နည်းအားဖြင့် အများသို့လိုက်၍သာ ဆိုသတည်း၊ အပ္ပကနည်းအားဖြင့် တရံတခါ အင်္ဂါသုံးပါးပင်ပြည့်စုံလျှင်လည်း ဒိဋ္ဌဓမ္မဝေ ဒနီယကံဖြစ်၍ မျက်မှောက်အကျိုးပေး၏ဟုမှတ်လေ]

မဟာဒုက်လင်မယားကား ထိုမှနောက်၌လည်း အသက်ထက်ဆုံးကုသိုလ်ကောင်းမှုများစွာပြု၍ စုတေ့မနေ သေလွန်သောအဆုံး၌ နတ်ပြည်မှာဖြစ်လေ၏၊ ကဿပမြတ်စွာဘုရားနှင့် ငါတို့ဂေါတမမြတ်စွာဘုရား၏ အစပ်ဖြစ်သောအခါဟုဆိုအပ်သော တခုသောဘုရားတို့၏အကြားပတ်လုံး နတ်ပြည်၌သာ အဘန်ဘန်အထပ်ထပ်ဖြစ်၍ နတ်တို့စည်းစိမ် ချမ်းသာကိုခံစားရ၏။

ဤတွင်ရွေ့ကား ပဏ္ဍိတသာမဏေ၏အလောင်းဖြစ်သော
မဟာဒုက်၏အကြောင်းအရာကို ဆိုသော
အတိတ်ဝတ္ထုတည်း။

## ပစ္စုပ္ပန် အကြောင်း

ငါတို့ သဗ္ဗညုဘုရား ပွင့်တော်မူသောအခါ၌ကား မဟာဒုက်သည် နတ်ပြည်မှစုတေ့ခဲ့၍ ကောသလတိုင်း သာဝတ္ထိပြည်အရှင်သာရိပုတ္တရာ၏အလုပ်အကျွေး သူဌေးအိမ်တွင် သူဌေးသမီးဝမ်း၌ ပဋိသန္ဓေနေလာ၏၊ မိဘတို့လည်း ထိုသူဌေးသမီးအား ကိုယ်ဝန်တည်သောအဖြစ်ကိုသိ၍ ကိုယ်ဝန်အစောင့်အရှောက် အမအစပေးကုန်၏၊ ကိုယ်ဝန်ရင့်သော ကာလထိုသူဌေးသမီးအား ဤသို့သော ချင်ခြင်းဖြစ်သတည်း။

"တရားစစ်သူကြီးဖြစ်သော အရှင်သာရိပုတ္တရာကိုအမှူးပြု၍ ငါးရာသော ရဟန်းတို့အား ငါးကြင်းအရသာဖြင့်ဆွမ်းလှူပြီးလျှင်ဖန်ရည်စွန်းသောအဝတ်ကိုဝတ်၍ ရဟန်းတို့နေရာအစွန်၌ နေလျက် ရဟန်းတို့၏ စားကြွင်းကို စားရမူကား ကောင်း၏"—

ဟု-ဖန်ရည်စွန်းသော အဝတ်ကိုဝတ်လိုခြင်း, ရဟန်းတို့ နေရာအစွန့်၌ နေလိုခြင်း, ရဟန်းစားကြွင်းကို စားလိုခြင်း ဟူသော ချင်ခြင်းသုံးပါးဖြစ်သတည်း၊ မိဘတို့လည်း ချင်ခြင်း ဖြစ်ကြောင်းကိုကြား၍ ဖြစ်သောအတိုင်းပြုသပြင့် ချင်ခြင်းကို ငြိမ်းစေ၏။

[ဤချင်ခြင်းသုံးပါးတို့တွင် "ဖန်ရည်စွန်းသော အဝတ်ကိုဝတ်လိုသောချင်ခြင်းကားဘုရားသာသနာတော်၌ ရဟန်းပြုအံ့သော ပုဗ္ဗနိမိတ်"ဟူ၍ ဝနဝါသိကတိဿသာမဏေ၏ဝတ္ထု၌ဆိုခဲ့ပြီးအကြွင်းနှစ်ပါးကား အခြံအရံအပါအရာများသာတည်း။]

ထိုမှနောက် ခုနစ်ပါးသော မင်္ဂလာတို့၌လည်း အရှင်သာရိပုတ္တရာအမှူးရှိသော ရဟန်းငါးရာတို့အား ငါးကြင်းအရသာဖြင့် ဆွမ်းလှူကုန်၏၊ ထိုသို့ ငါးကြင်းအရသာဖြင့် ဆွမ်းလှူရခြင်းကား ရှေးဘဝ မဟာဒုက်အဖြစ်က ငါးကြင်းအရသာ လှူခဲ့ဘူးသောဒါန၏ အကျိုးဆက်တည်း။

[ဝနဝါသိကတိဿဝတ္ထု, ဤပဏ္ဍိတဝတ္ထုအစရှိသည်ကို ထောက်သဖြင့်"တစုံတခုဒါနအထူးအစွဲအထင်ရှိသသူတို့အား ရှေးကလှူဒါန်းခဲ့ဘူးသော ဒါနနှင့်လျော်စွာ ထိုထိုဒါနဖြင့် လှူဒါန်းလိုသောချင်ခြင်းကား ဖြစ်မြဲ"ဟု သိရသတည်း။]

အမည်မှည့်သနေ့၌ကား "အရှင်ဘုရားတို့ ကျွန်ဖြစ်သောဤသူငယ်အား သိက္ခာပုဒ်ကိုပေးတော်မူပါ"ဟု အရှင်သာရိပုတ္တရာကိုလျှောက်သော် "ဤသူငယ်ကား အဘယ်အမည်ရှိနည်း"ဟု မေးတော်မူသဖြင့် "ဤသူငယ် ပဋိသန္ဓေနေသည်မှစ၍ဤအိမ်၌မိုက်မဲသူ,အသသူတို့ပင်လည်း ပညာရှိ

သည်ဖြစ်ကုန်၏၊ ထိုသို့သော အကြောင်းနိမိတ်ကိုစွဲ၍အကျွန်ုပ်သားအား ပဏ္ဍိတဟူသော အမည်သည် ဖြစ်ပါလတ္တံ့” ဟု လျှောက်၏၊ အရှင်သာရိပုတ္တရာလည်း သိက္ခာပုဒ်ပေးပြီးလျှင် ကြွတော်မူလေ၏၊ အမည်မှည့်သနေ့၌ပင် သူဌေးသမီးအား “ယနေ့ကစ၍ ငါ့သားအလိုရှိသမျှကို ငါမဖျက်အံ့”ဟု စိတ်အကြံ ဖြစ်လေသတည်း။

ပဏ္ဍိတသတို့သားလည်း အစဉ်အတိုင်း ကြီးခြင်းသို့ရောက်၍ ခုနစ်နှစ်ရွယ် မြောက်သောအခါ “အရှင် သာရိပုတ္တရာအထံ၌ ရဟန်းပြုပါအံ့”ဟု မိခင်ကိုဆို၏၊ အမိလည်း “ချစ်သား....ကောင်းပြီ၊ အမည်မှည့်သနေ့ကပင် ငါ့သားအလိုရှိသမျှကို ငါမဖျက်အံ့ဟု ရည်မှတ်ခြင်းရှိ၏၊ အမောင် အလိုရှိတိုင်းရဟန်းပြုကာမူ”ဟု ဆိုပြီးသော် အရှင် သာရိပုတ္တရာကို ပင့်၍ဆွမ်းကျွေးပြီးလျှင်—

“အရှင်ဘုရားတို့၏ ကျွန်ဖြစ်သော ပဏ္ဍိတသတို့
သားရဟန်းပြုလိုသည် ဟုဆို၍ ညချမ်းသော အခါ
ပဏ္ဍိတသတို့သားကို ကျောင်းသို့ ဆောင်ခဲ့ပါအံ့”—

ဟုခွင့်ပန်၏၊ အရှင်သာရိပုတ္တရာလည်း ခွင့်ပြုပြီးလျှင် ကြွတော်မူလေ၏၊ မိဘတို့လည်း အဆွေအမျိုးအပေါင်းကို စည်းဝေးစေပြီးသော် “ငါတို့သားလူပြုလျှင် ပြုအပ်သမျှ ပူဇော် သက္ကာရကို ယနေ့ခြင်းပင်ပြုကုန်အံ့”ဟု ကြံကုန်၍ ကြီးစွာသော ပူဇော်သက္ကာရကို ပြုကုန်လျက် ပဏ္ဍိတသတို့သားကိုကျောင်းတော်သို့ ဆောင်၍ “ရဟန်းပြုတော်မူပါ”ဟု အရှင်သာရိပုတ္တရာအား ဆောက်နှင်း၏။

အရှင်သာရိပုတ္တရာလည်း ရဟန်းပြုခြင်း၌ ခဲခက်သော အဖြစ်ကိုကြားပြီးမှ “အရှင်ဘုရားတို့ဆုံးမည်ဝါဒကို လိုက်

နာပါအံ့”ဟု ဆိုသော် “ထိုသို့တပြီးကား ကောင်းပြီ”ဟု ဆံတို့ကို ရေဆွတ်၍ တစပဉ္စက ကမ္မဝါစာနိုး ကြားလျက် ဆံချပြီးမှ သရဏဂုံကိုပေးသဖြင့် သာမဏေ ပြုတော်မူ၏၊ သိက္ခာပုဒ်ပေးသဖြင့် သီလ၌တည်စေတော်မူ၏၊ မိဘတို့ လည်း ဇေတဝန်ကျောင်းတော်၌ ခုနစ်ရက်ပတ်လုံး ဘုရား အမှူးရှိသော သံဃာတော်တို့အား ငါးကြွင်းရသာဖြင့် ဆွမ်း လှူကုန်၍ ခုနစ်ရက်မြောက်သနေ့ အိမ်သို့ပြန်လေ ကုန်၏။

အရှင်သာရိပုတ္တရာလည်း ရှစ်ရက်မြောက်သနေ့ သာဝတ္ထိမြို့တွင်းသို့ ပဏ္ဍိတ သာမဏေကို ခေါ်၍ ဆွမ်းခံကြွတော်မူ၏၊“ပဏ္ဍိတသာမဏေကား သပိတ် သက်နိုးကို ဆောင်ခြင်း, ဣရိယာပုထ်အနေအထား ပြုခြင်းများ၌ ကြည်ညိုဘွယ်မရှိသေး”ဟု နှလုံးပြု၍ သံဃာတော်တို့နှင့် အတူ တကွ မသွားဘဲ အသီး အခြား သွားတော်မူသတည်း။

တကြောင်းလည်း–အရှင်သာရိပုတ္တရာသည် ရဟန်းအပေါင်း တို့ မြို့ရွာသို့ဝင်ပြီးနောက် ကျောင်းအလုံးစုံကို လှည့် ပတ်ပြီးလျှင် တံမြက်မလှည်းသောအရာကို တံမြက် လှည်းတော်မူမြဲ၊ ရေမရှိ အချည်းစည်းသောအိုးတို့၌ သောက်ရေ,သုံးဆောင်ရေတည်တော်မူမြဲ၊ မကောင်း သဖြင့်ထားသော ညောင်စောင်း,အင်းပျဉ်အစရှိသည် တို့ကို ကောင်းစွာသိမ်းတော်မူမြဲ၊ ဤသို့ ကျောင်း၌ ပြုအပ်သောဝတ်တို့ကိုပြုပြီးမှ ရဟန်းသံဃာတို့နောက် ၌ ဆွမ်းခံဝင်မြဲဖြစ်သောကြောင့် ရဟန်းသံဃာတို့နှင့် အတူတကွ မသွားဘဲ အသီးအခြား သွားတော်မူ သတည်း။

တနည်းလည်း—“သာသနာမှ အပဖြစ်သော တိတ္ထိတက္ကတွန်း တို့သည် ရဟန်းမရှိတိတ်တဆိတ်တောကျောင်းသို့ဝင်၍ “ရဟန်းဂေါတမ တပည့်သားတို့နေရာကို ရှုကြကုန်လော့”ဟု ကဲ့ရဲ့ပြစ်တင်ဆိုရန်ဆိုခွင့်မရစေလင့်”ဟု နှလုံးသွင်းတော်မူသဖြင့် ကျောင်းအလုံးစုံကို သုတ်သင် ရှင်းလင်းပြီးမှ ရဟန်းသံဃာတို့နောက်၌ ဆွမ်းခံဝင်မြဲ ဖြစ်သောကြောင့် ရဟန်းသံဃာတို့နှင့် အတူတကွ မသွားဘဲ အသီးအခြား သွားတော်မူသတည်း။

ထိုသနေ့၌ ပဏ္ဍိတသာမဏေကို သပိတ်,သင်္ကန်းဆောင်စေ၍ အလွန်နေမြင့်မှ အသီးအခြား ဆွမ်းခံဝင်တော်မူ၏၊ ပဏ္ဍိတသာမဏေလည်း အရှင်သာရိပုတ္တရာနှင့်အတူ တကွသွားလေသော် ခရီးအကြား၌ ရေမြောင်းကိုမြင်၍ “အရှင်ဘုရား····ဤကားအဘယ်မည်သနည်း”ဟု မေး၏၊ရေမြောင်းမည်ကြောင်းကို မိန့်တော်မူသော်“ဤရေမြောင်းဖြင့်အဘယ်ကိုပြုကုန်သနည်း”ဟု မေးပြန်၏၊ “ထိုမှ ဤမှ ရေကိုဆောင်၍ မိမိတို့ကောက် စပါးအမှုကို ပြုကုန်၏”ဟု မိန့်တော်မူသော်“အရှင်ဘုရား····ရေမှာ စိတ်ရှိသလော”ဟု မေးပြန်၏၊ “ရေမှာစိတ်မရှိ”ဟု မိန့်တော်မူသော် “ဤသို့ စိတ်မရှိသောရေကို မိမိတို့အလိုရှိရာသို့ ဆောင်နိုင်ကုန်သလော”ဟု မေးပြန်၏၊“သာမဏေ····ဩ-ဆောင်နိုင်၏”ဟု မိန့်တော်မူသည်ကို ကြား၍-

“ဤသို့ စိတ်မရှိသောရေကို မိမိတို့ အလိုရှိရာ ဆောင်၍ အမှုပြုနိုင်ကုန်တပြီးကား အဘယ့်ကြောင့်

စိတ်ရှိသသူတို့သည် စိတ်ကို မိမိအလိုသို့ လိုက်စေ၍ ရဟန်းတရားကို မပြုနိုင်ကုန်ဘိအံ့နည်း''-

ဟု အကြံဖြစ်လေ၏။

ထိုမှနောက်၌ ရှေ့သို့ရောက်ပြန်လေသော် မြှားကို မီး၌ကင်၍ မျက်စိစွေလျက် မျက်ထောင့်ဖြင့်ကြည့်ပြီးမှ ဖြောင့်စွာပြုကုန်သောမြှားသမားတို့ကိုမြင်၍ ''အရှင်ဘုရား....ဤသူတို့ကား အဘယ်မည်ကုန်သနည်း''ဟုမေး၏၊ မြှားသမားမည်ကြောင်းကို မိန့်တော်မူသော် ''အဘယ်ကို ဤသူတို့ ပြုကုန်သနည်း''ဟုမေးပြန်၏၊ ''မီး၌ကင်၍ မြှားကိုဖြောင့်စွာပြုကုန်၏''ဟု မိန့်တော်မူသော် ''အရှင်ဘုရား....မြှားကား စိတ်ရှိသလော''ဟုမေးပြန်၏၊ ''မြှားကား စိတ်မရှိ''ဟု မိန့်တော်မူသည်ကိုကြား၍—

''စိတ်မရှိသည်ကိုလျက်မီး၌ကင်၍ဖြောင့်စွာပြုနိုင်ကုန်တပြီးကား အဘယ့်ကြောင့် စိတ်ရှိသသူတို့သည် စိတ်ကို မိမိအလိုသို့လိုက်စေ၍ ရဟန်းတရားကို မပြုနိုင်ကုန်ဘိအံ့နည်း''-

ဟု အကြံဖြစ်လေ၏။

ထိုမှနောက်ရှေ့သို့ရောက်ပြန်လေသော် သစ်တို့ကို အကွပ်, အကန့်,ပုံတောင်းအစရှိသောအဆောက်အဦအလျာ ရွေကုန်သော တစည်းသမားတို့ကိုမြင်၍ ''အရှင်ဘုရား....ဤသူတို့ကားအဘယ်မည်ကုန်သနည်း''ဟု မေး၏၊တစည်းသမားမည်ကြောင်းကိုမိန့်တော်မူသော် ''အဘယ်ကို ဤသူတို့ ပြုကုန်သနည်း''ဟုမေးပြန်၏၊''သစ်တို့ကိုယူ၍ယာဉ်အစရှိသည်တို့၏လှည်းဘီးစက်လျာစသည်တို့ကိုပြုကုန်၏''ဟုမိန့်တော်မူသော်

"ဤသစ်တို့ကား စိတ်ရှိကုန်သလော"ဟု မေးပြန်၏၊ "သစ်တို့ကားစိတ်မရှိ"ဟု မိန့်တော်မူသည်ကိုကြား၍-

"စိတ်မရှိသော သစ်သား၊ သစ်ပွေးတို့ကို ယူ၍လည်းဘီးစက်အစရှိသည်တို့ကို ပြုနိုင်ကုန်တပြီးကား အဘယ့်ကြောင့်စိတ်ရှိသသူတို့သည် စိတ်ကို မိမိအလိုသို့လိုက်စေ၍ရဟန်းတရားကိုမပြုနိုင်ကုန်ဘိအံ့နည်း"

ဟု အကြံဖြစ်လေ၏။

ပဏ္ဍိတသာမဏေကား ဤအကြောင်းဥပမာသုံးပါးတို့ကို မြင်၍ အကြံသုံးချက်ရပြီးသော် "အရှင်ဘုရားတို့၏ သပိတ်သင်္ကန်းကိုယူတော်မူပါလျှင် အကျွန်ုပ်ကျောင်းသို့ပြန်ပါအံ့" ဟု လျှောက်၏၊ အရှင်သာရိပုတ္တရာလည်း"ယခုသာပြုစဖြစ်သော ဤသာမဏေငယ်သည် ငါ့နောက်က လိုက်သည်ဖြစ်လျက် ဤသို့ဆိုဘိ၏တကား"ဟု စိတ်ကိုမျှမဖြစ်စေဘဲ "သာမဏေ....ဆောင်ခဲ့လော့"ဟုမိန့်တော်မူ၍ ကိုယ်တော့်သပိတ်သင်္ကန်းကိုလှမ်းယူတော်မူ၏။

ပဏ္ဍိတသာမဏေလည်း အရှင်သာရိပုတ္တရာကို ရှိခိုး၍ ပြန်သောအကြိုက်"အကျွန်ုပ်ဘို့အာဟာရဆောင်ခဲ့သော် ငါးကြင်းအရသာနှင့်သာ ဆောင်တော်မူခဲ့ပါ"ဟု လျှောက်၏၊ "သာမဏေ....အဘယ်မှာ ရပါအံ့နည်း"ဟု မိန့်တော်မူသော် "ကိုယ်တော်ဘုန်းဖြင့်မရလျှင် အကျွန်ုပ်ဘုန်းဖြင့် ရပါလိမ့်မည်"ဟု လျှောက်ပြန်၏။

["ထိုသို့ ရဲရဲဝံ့ဝံ့ မတွန့်မတိုလျှောက်ခြင်းသည်ကား လွတ်လွတ်ဆွတ်ဆွတ် ကြည်လင်စွာ ပြုခဲ့ဘူးသော ဒါနကုသိုလ်၏အာနုဘော်တည်း''ဟူ၍ ဝိသသာမဏေ၏ဝတ္ထုကဆိုခဲ့ပြီ။]

အရှင်သာရိပုတ္တရာလည်း သာမဏေငယ်အား“ပြင်အပ၌နေမှုကား ဘေးရန်သော်လည်း ဖြစ်ရာ၏”ဟု နှလုံးထား လျက် သံဃကာက်ကိုပေးလိုက်၍ “ငါတို့နေသောတိုက်တံခါးကိုဘွင့်ပြီးလျှင် အတွင်းသို့ဝင်၍ နေလေ”ဟု မှာတော်မူ၏၊ ပဏ္ဍိတသာမဏေလည်း မှာတိုင်းပြုပြီးသော် မိမိကရဇကာယဟုဆိုအပ်သော မိဘတို့သုက်သွေးကိုစွဲ၍ ကလလရေကြည်တည်သည်က အစမူလျက်ဖြစ်သော မဟာဘုတ်,ဥပါဒါရုပ်တည်းဟူသော ဤခန္ဓာကိုယ်၌ ဝိပဿနာဉာဏ်ကိုချ၍ အတ္တဘောကို သုံးသပ်လျက်နေ၏။

ထိုရောအခါ ပဏ္ဍိတသာမဏေ၏ ဂုဏ်ကျေးဇူးတန်ခိုးအားဖြင့် သိကြားနေမြဲ ပဏ္ဍုကမ္ဗလာသည်ပူသောအရာကိုပြလေ၏၊ ပဏ္ဍုကမ္ဗလာကား တစုံတခုအကြောင်း ရှိလတ်သော်ရံခါလည်းပူ၏၊ ရံခါလည်းခက်ထရော်၍၏၊ ဤအခါတွင်ကား ပူလေသတည်း၊ သိကြားမင်းလည်း “အဘယ်အကြောင်းရှိသနည်း”ဟု စုံစမ်းဆင်ခြင်သော် “ပဏ္ဍိတသာမဏေသည် ဥပဇ္ဈာယ်အား သပိတ်,သင်္ကန်းကိုပေးလိုက်၍ ရဟန်းတရားကိုပြုအံ့”ဟုကျောင်းသို့ပြန်ခဲ့သောအကြောင်းကို မြင်လေ၍ “ငါလည်း ထိုအရပ်သို့ သွားခြင်းငှါသင့်၏”ဟု ကြံပြီးမှ စာတုမဟာရာဇ် နတ်မင်းကြီးလေးပါးတို့ကိုခေါ်၍ “ကျောင်းဥပစာ၌နေသော ငှက်တို့ကိုပြေးစေလျက် ထက်ဝန်းကျင် အစောင့်အရှောက်ကိုပြုလေကုန်”ဟု ဆို၏။

လနတ်သားကိုလည်း“လဝန်းကိုကိုင်ငင်၍ ချုပ်ကိုင်လေ” နေနတ်သားကိုလည်း “နေဝန်းကိုကိုင်ငင်၍ချုပ်ကိုင်လေ”ဟု စေလိုက်၏၊ သိကြားမင်းကိုယ်တိုင်လည်း လဝန်း,နေဝန်းကို ငင်သော ကြိုးရှိရာ၌ အစောင့်အရှောက်ပြု၍နေ၏။

[ဤအရာ၌ "အာဝိဋ္ဌနရဇ္ဇုမ္ဗ၁နေ" ပါဠိရှိသည်ကို "တိုက်ဝဖြင့် သံကောက်တွင်း"ဟု အနက်ပြန်ကြသည် ကား သဒ္ဒါ,အနက်မတန်သင့်လေ၊ သပိတ်ဆေးပြီးမှ အစောင့် လွှတ်သည်ဆိုသော နောက်စကားနှင့်လည်း ဆန့်ကျင်သည်။]

ထိုသို့ သိကြား,စတုလောကပါလာစသော နတ်များတို့ အစောင့်အရှောက်ပြုရကား ကျောင်း၌ သစ်ရွက်ယော်ကြွေ သောအသံမျှလည်းမဖြစ်ဘဲဆိတ်ညံလေ၏၊ ပဏ္ဍိတသာမဏေ အား စိတ်တည်ကြည်စွာ ဧကဂ္ဂတာဖြစ်လေ၏၊ ထိုသို့ဖြစ် သဖြင့် ဆွမ်းမစားမီအကြား၌ပင်လျှင် အတ္တဘောကို သုံးသပ် ၍ သောတာပတ္တိဖိုလ်, သကဒါဂါမိဖိုလ်, အနာဂါမိဖိုလ် ဟူသော အကျွတ်သုံးတန် အမြိုက်မွန်သို့ ရောက်လေ၏။

အရှင်သာရိပုတ္တရာလည်း "ကျောင်း၌နေရစ်သောပဏ္ဍိတ သာမဏေအား လျောက်ပတ်ထိုက်တန်သော ဘောဇဉ်ကို ဤမည်သောအမျိုးအိမ်၌ရခြင်းငှါတတ်ကောင်း၏"ဟုချစ်ခြင်း, ရိုသေခြင်းနှင့် မပြတ်ယှဉ်သော တဦးသောအလုပ်အကျွေး အမျိုးအိမ်သို့ ကြွတော်မူလေ၏၊ ထိုအမျိုးအိမ်၌လည်း ထိုသနေ့ငါးကြင်းတို့ကိုရ၍ အလုပ်အကျွေးလူတို့သည် အရှင် သာရိပုတ္တရာကြွလာခြင်းကို မြော်လျှက် နေလင့်ကုန်ရကား အရှင်သာရိပုတ္တရာကြွလာသည်ကို မြင်ကုန်သော် "ဤအမျိုး အိမ်သို့ကြွလာသော အရှင်ဘုရားတို့ကား ကောင်းသော အမှုကိုပြုသည်မည်၏"ဟုဆို၍အိမ်တွင်းသို့သွင်းပြီးမှ ယာဂု, ခဲဘွယ်အစရှိသည်ကို လက်ဦးစွာလှူပြီးနောက် ငါးကြင်းရသော ဖြင့်သပိတ်၌ ဆွမ်းဘောဇဉ်ကိုပြည့်စေ၍လှူကုန်၏။

[ယာဂု,ခဲဘွယ်အစရှိသည်ကို လက်ဦးစွာလှူပြီး သုံးဆောင်ပြီးမှ ဆွမ်းဘောဇဉ်ကို နောက်၌ သုံးဆောင်မြဲ ရှေးက အစဉ်ဖြစ်သတည်း။

အရှင်သာရိပုတ္တရာလည်း ထိုဆွမ်းကို ကျောင်းသို့ဆောင်လိုသော အခြင်းအရာကိုပြတော်မူ၏၊ အလုပ်အကျွေးလူတို့လည်း ထိုအခြင်းအရာကိုမြင်လျှင် ဤဆွမ်းကိုဘုဉ်းပေးတော်မူပါ၊ အခြားဆောင်စရာဆွမ်းရပြန်ပါလတ္တံ့”ဟု လျှောက်၍ ထိုဆွမ်းကိုဘုဉ်းပေးပြီးသော် သပိတ်၌ ငါးကြင်းရသာဖြင့် ဆွမ်းဘောဇဉ်ကိုပြည့်စေ၍လှူပြန်ကုန်၏၊ အရှင်သာရိပုတ္တရာလည်း“ပဏ္ဍိတသာမဏေ ဆာမွတ်လေတော့အံ့”ဟုလျင်စွာ ကျောင်းသို့ ပြန်တော်မူ၏။

မြတ်စွာဘုရားလည်း ထိုသနေ့စောစောကပင် ဆွမ်းဘုဉ်းပေး၍ ကျောင်းသို့ပြန်တော်မူပြီးသော်—

(၁) “ပဏ္ဍိတသာမဏေသည် ဥပဇ္ဈာယ်အား သပိတ်, သင်္ကန်းပေးလိုက်၍ရဟန်းတရားကိုပြုအံ့ဟုပြန်လေသည်ကား ရဟန်းတို့ပြုဘွယ်ကိစ္စ ပြီးအံ့လော, မပြီးအံ့လော”ဟု ဆင်ခြင်တော်မူလျှင် အကျွတ်သုံးတန် အမြိုက်မွန်သို့ ရောက်လေပြီးသောအဖြစ်ကိုမြင်တော်မူ၏။

(၂) “အရဟတ္တဖိုလ်၏အကြောင်း ဥပနိဿယ ရှိသလော မရှိသလော”ဟု တဘန်ဆင်ခြင်ပြန်သော် “ရှိ၏”ဟု မြင်တော်မူ၏။

(၃) “ဆွမ်းမစားမီပင်လျှင် အရဟတ္တဖိုလ်သို့ရောက်ခြင်းငှါ စွမ်းနိုင်လတ္တံ့လော, မစွမ်းနိုင်လတ္တံ့

လော''ဟုဆင်ခြင်တော်မူပြန်လျှင်''စွမ်းနိုင်လတ္တံ့''
ဟု မြင်တော်မူ၏။

ထိုသို့မြင်တော်မူသောကာလ ဤသို့တဘန် ကြံတော်မူပြန်သတည်း၊ ''သာရိပုတ္တရာသည် ပဏ္ဍိတသာမဏေအသို့ ဆွမ်းကိုယူ၍ လျင်စွာလာလတ်သည်ကား အရဟတ္တဖိုလ်သို့ ရောက်ခြင်း၏ အန္တရာယ်ကိုပြုလရာ၏၊ ငါဘုရားကိုယ်တိုင် တံခါးမုခ်၌အစောင့် အရှောက်မူ၍နေအံ့၊ ထိုသို့ လာလတ်သော သာရိပုတ္တရာကိုလည်း ပြဿနာလေးပါး မေးလင့်အံ့၊ ထိုပြဿနာကို သာရိပုတ္တရာဖြေစဉ်ပင်လျှင် ပဏ္ဍိတသာမဏေသည် ပဋိသမ္ဘိဒါလေးပါးနှင့်တကွ အရဟတ္တဖိုလ်သို့ ရောက်လတ္တံ့''ဟု ကြံတော်မူပြီးသော် ဂန္ဓကုဋိတိုက်တော်မှကြွ၍ ဧတဝန်ကျောင်းတော်မုခ်တံခါး၌ ရပ်တော်မူလျက် အရှင်သာရိပုတ္တရာရောက်လာသည်ကို ပြဿနာလေးပါး မေးတော်မူ၏၊ မေးတိုင်း မေးတိုင်းလည်း ဖြေ၏။

မေးဟန်,ဖြေဟန်ကား ဤသို့တည်း။

၁-မေး။ ။''သာရိပုတ္တရာ....သင်ကား အဘယ်ကိုရခဲ့သနည်း''ဟု လက်ဦးစွာမေးတော်မူ၏။

ဖြေ။ ။''အရှင်ဘုရား....အာဟာရကို အကျွန်ုပ်ရခဲ့သည်''ဟု လက်ဦးစွာဖြေ၏။

၂-မေး။ ။''သာရိပုတ္တရာ..အာဟာရမည်သည်ကား အဘယ်ကို ဆောင်တတ်သနည်း''ဟု နှစ်ကြိမ်မြောက်မေးတော်မူ၏။

ဖြေ။ ။"အရှင်ဘုရား....အာဟာရ မည်သည်ကား ဝေဒနာကို ဆောင်တတ်၏"ဟု နှစ်ကြိမ်မြောက်ဖြေ၏။

၃-မေး။ ။"သာရိပုတ္တရာ....ဝေဒနာ သည်ကား အဘယ်ကိုဆောင်တတ်သနည်း"ဟု သုံးကြိမ်မြောက်မေးတော်မူ၏။

ဖြေ။ ။"အရှင်ဘုရား ...ဝေဒနာသည်ကား ရုပ်ကို ဆောင်တတ်၏"ဟု သုံးကြိမ်မြောက်ဖြေ၏။

၄-မေး။ ။"သာရိပုတ္တရာ..ရုပ်သည်ကား အဘယ်ကို ဆောင်တတ်သနည်း"ဟုလေးကြိမ်မြောက်မေးတော်မူ၏။

ဖြေ။ ။အရှင်ဘုရား .... ရုပ်သည်ကား ဖဿကို ဆောင်တတ်၏"ဟုလေးကြိမ်မြောက်ဖြေ၏။

ဤကား မြတ်စွာဘုရားမေးတော်မူသော အမေးလေးပါး, သာရိပုတ္တရာဖြေသော အဖြေလေးပါးတည်း။

[ဤအမေး,အဖြေ၌ အဓိပ္ပါယ်ကား ဤသို့တည်း၊ ဆာမွတ်သသူတို့သုံးဆောင်သောအခါ အာဟာရသည်ထိုသူတို့၏ဆာမွတ်ခြင်းကိုဖျောက်၍ ချမ်းသာသော သုခဝေဒနာကိုဆောင်တတ်၏၊ အစာအာဟာရကို သုံးဆောင်သဖြင့် ချမ်းသာသောသူတို့အား သုခဝေဒနာဖြစ်လတ်သော် ကိုယ်၌အဆင်းပြည့်စုံရကား ဝေဒနာသည်ရုပ်ကို ဆောင်တတ်၏၊ချမ်းသာခြင်းရှိသည်ဖြစ်၍ အာဟာရဇရုပ်၏အစွမ်းဖြင့်ဖြစ်သော သုခ,သောမနဿ ရှိသသူသည်

"ယခုအခါ ငါ့အားသာယာခြင်းဖြစ်ပြီ"ဟု ထိုင်သော်
ၡင်း,အိပ်သော်ၡင်းချမ်းသာသောအခွင့်ကိုရလေရကား
ရုပ်သည် ဖသကိုဆောင်တတ်၏-ဟူလိုသတည်း။]

ဤသို့မြတ်စွာဘုရားမေးတော်မူသော ပြဿနာလေးပါးကို
အရှင်သာရိပုတ္တရာဖြေတော်မူစဉ်ပင်လျှင် ပဏ္ဍိတသာမဏေ
သည် ပဋိသမ္ဘိဒါလေးပါးနှင့်တကွ အရဟတ္တဖိုလ်သို့ရောက်
၍ ရဟန္တာဖြစ်လေ၏၊မြတ်စွာဘုရားလည်း"သာရိပုတ္တရာ....
သွားလေ၊ ပဏ္ဍိတသာမဏေအား ဆွမ်းပေးချေ"ဟု လွှတ်
လိုက်လေ၏၊ အရှင်သာရိပုတ္တရာလည်း ကျောင်းသို့သွား၍
တံခါးကိုခေါက်၏၊ ပဏ္ဍိတသာမဏေလည်း တိုက်ခန်းမှ
ထွက်၍ အရှင် သာရိပုတ္တရာ လက်တော်က သပိတ်ကိုယူပြီး
သော် တင့်အပ်သောအရပ်၌ထားပြီးမှ အရှင်သာရိပုတ္တရာကို
ယပ်ခပ်လျက်နေ၏။

ထိုသို့နေစဉ် "သာမဏေ....ဆွမ်းစားချေလော့"ဟုမိန့်
တော်မူလျှင် "အရှင်ဘုရား....ဆွမ်းဘုဉ်း ပေးတော် မူပြီးပြီ
လော" လျှောက်၏၊ "ငါဆွမ်းဘုဉ်းပေးခြင်းကိစ္စပြီးပြီ၊သင်
သာဆွမ်းစားချေလော့"ဟုမိန့်တော်မူမှ ထိုခဏခြင်း လတ်
လတ်ပွင့်သော ပဒုမာကြာကဲ့သို့ သာမဏေပြု၍ ရှစ်ရက်
မြောက်သနေ့ပင် အရဟတ္တဖိုလ်သို့ရောက်၍ သစ္စာလေးဆင့်
ပွင့်ပြီးသော ခုနစ်နှစ်ရွယ်သာဖြစ်သော ပဏ္ဍိတသာမဏေ
သည် ဆင်ခြင်အပ်သော ပစ္စဝေက္ခဏာအရာကို ဆင်ခြင်၍
လျှောက်ပတ်စွာနေထိုင်လျက် ဆွမ်းဘုဉ်းပေးခြင်းကိစ္စကိုပြု၏။

ဆွမ်းဘုဉ်းပေးပြီးလျှင် လနတ်သားလည်း လဝန်းကိုလွှတ်
၏၊ နေနတ်သားလည်း နေဝန်းကိုလွှတ်၏၊ စာတုမဟာရာဇ်
နတ်မင်းကြီးလေးပါးတို့လည်း အရပ်လေးမျက်နှာမှအစောင့်

အရှောက်ကိုလွှတ်ကုန်၏၊ သိကြားမင်းလည်း နေ့လတို့ကို ငင်သောကြိုး၌ အစောင့်အရှောက်ကိုလွှတ်၏၊ နေဝန်းကား ငင်၍ဆိုင်းထားရာအရပ်မှ လွှတ်တည့်လျှင်ပင် အလယ်အရပ် ကလျှော၍ သွားလေ၏။

ထိုရောအခါ ရဟန်းတို့ ဤသို့ ကဲ့ရဲ့စကား ဖြစ်၏၊ "အရိပ်လည်းလွန်သော အတိုင်းအရှည်ရှိပြီ၊ နေလည်း အလယ် အရပ်ကလွန်၍သွားပြီ၊ ပဏ္ဍိတ သာမဏေလည်း ယခုသာလျှင် ဆွမ်းစားတုံ၏၊ ဤအကြောင်းကားအသို့နည်း" ဟု ရဟန်းတို့ကဲ့ရဲ့ကုန်သတည်း၊ မြတ်စွာဘုရားလည်း ထိုအကြောင်းကိုသိ၍ ကြွတော်မူပြီးလျှင် "အဘယ် စကားကို သင်တို့ပြောဆိုကုန်သနည်း"ဟု ရဟန်းတို့ကို မေးတော်မူ၍ "ယခင် ကဲ့ရဲ့သောအတိုင်း ဤစကားကို ဆိုပါကုန်သည်"ဟု လျှောက်သော်—

"ချစ်သားတို့····ဘုန်းကံကြီးသသူ ရဟန်းတရား ကိုပြုသာအခါ လနတ်သားလည်း လဝန်းကိုငင်၍ ချုပ်ကိုင်ရ၏၊ နေနတ်သားလည်း နေဝန်းကိုငင်၍ ချုပ်ကိုင်ရ၏၊ စတုလောကပါလာ နတ်မင်းကြီးတို့ လည်း ကျောင်းဥပစာ၌ အရပ်လေးမျက်နှာ အစောင့် အရှောက်ကိုပြုရ၏၊ သိကြားမင်းလည်း နေ့လတို့ကို ကိုင်ငင်သော ကြိုးရှိရာ၌အစောင့်အရှောက်ကိုပြုရ၏၊ ငါလည်း"ဘုရားဖြစ်၏"ဟူ၍ ကြောင့်ကြမဲ့ နေခြင်းငှါ မရ၊ တံခါးမုခ်သို့သွား၍ နေ့လတို့ကိုငင်၍ ချုပ်ကိုင် သောသိကြားမင်း,စတုလောကပါလာ, နေနတ်သား, လနတ်သားနှင့်တကွ ငါဘုရားပင်အစောင့်အရှောက်

ပြုလျက် ရဟန္တာအဖြစ်သို့ ရောက်စေ၍ ဆွမ်းဘုဉ်း
ပေးရကား သင်တို့ကဲ့ရဲ့ဘွယ်မရှိ”—

ဟုမိန့်တော်မူ၏။

[ဤအရာ၌ “လဝန်း, နေဝန်းတို့ကိုသာငင်၍ ချုပ်ကိုင်သည်၊ ရာသီစက်, နက္ခတ်ကိုငင်၍ မချုပ်မကိုင်ဟု အဓိပ္ပါယ်ယူသော် ရာသီစက်,နက္ခတ် လွန်၍သွားလေခဲ့ရကား နာရီတိုင်း, မုဟုတ်တိုင်းပင်အစဉ်လျော့၍ ကျန်ရစ်သော နေလတို့သည်ယှဉ်မြဲ ရာသီစက် နက္ခတ်ကိုမမှီနိုင်၊ အသွား ပျက်လေသည်”ဟု စကား ကျရာခဲ့၏၊ ထို့ကြောင့် ဤသို့အဓိပ္ပါယ်ကို ဤ၌မယူမူ၍ “လဝန်း,နေဝန်းကိုငင်၍ ချုပ်ကိုင်သည်”ဟု ထင်ရှားသော အားဖြင့် ဆိုလေသတည်း၊ “နှစ်လုံးတပါဒ် နက္ခတ်ဖြင့်ဘွဲ့သော ရာသီစက်ကိုသာငင်၍ ချုပ်ကိုင်သည် ဆိုလိုရင်းတည်း”ဟု အဓိပ္ပါယ်ယူမှ နက္ခတ်ကို ပဋ္ဌာနပြု၍ ဆိုသော သာသနာကျမ်း,ဗေဒင်ကျမ်းများနှင့် ညီညွတ်အံ့သတည်း၊ ကြံလင့်ကုန်။]

ဤကား ပဏ္ဍိတသာမဏေ၏ ပစ္စုပ္ပန်ဝတ္ထုတည်း။

---

## အနုသန္ဓေစပ်တရားတော်

ထိုအခါ မြတ်စွာဘုရားလည်း “ချစ်သားတို့····ပဏ္ဍိတသာမဏေကားမြောင်းသွယ်သသူတို့မြောင်းဖြင့်ရေကို ဆောင်ကုန်သည်ကိုရင်း,မြှားသမားတို့ မြှားကို ဖြောင့်စွာ ပြုကုန်သည်ကိုရင်း,တစည်းသမားတို့ သစ်ကိုရွေကုန်သည်တို့ကိုရင်းမြင်သဖြင့် ဤမျှလောက် အာရုံသုံးပါးကို ဥပမာပြု၍ ပမာ, ပမည်းနှိုင်းခိုင်းလျက် မိမိကိုယ်ကို ဆုံးမရကား အရဟတ္တဖိုလ်ကို ယူနိုင်လေသတည်း”ဟု အနုသန္ဓေစပ်၍ တရားဟောတော်မူလိုသောကြောင့်—

ဥဒကဉှိ နယန္တိ နေတ္တိကာ၊
ဥသုကာရာ ဒမယန္တိ တေဇနံ။
ဒါရုံ ဒမယန္တိ တစ္ဆကာ၊
အတ္တာနံ ဒမယန္တိ ပဏ္ဍိတာ။ ။

ဟူသောဂါထာကို ရွတ်တော်မူ၏။

**အနက်။** ။နေတ္တိကာ၊ ရေမြောင်းသွယ်သသူတို့သည်။ ဥဒကံ၊ ရေကို။ နယန္တိဟိ-နယန္တိဧဝ၊ ဆောင်ကုန်သလျှင်ကတည်း။ ဥသုကာရာ၊ မြှားသမားတို့သည်။ တေဇနံ၊ မြှားကို။ ဒမယန္တိဟိ-ဒမယန္တိဧဝ၊ ဖြောင့်ကုန်သလျှင်ကတည်း။ တစ္ဆကာ၊ တစည်းသမားတို့သည်။ ဒါရုံ၊ သစ်ကို။ ဒမယန္တိဟိ-ဒမယန္တိဧဝ၊ ရွေကုန်သလျှင်ကတည်း။ ပဏ္ဍိတာ၊ ပညာရှိတို့သည်။ အတ္တာနံ၊ မိမိကိုယ်ကို။ ဒမယန္တိဟိ-ဒမယန္တိဧဝ၊ ဆုံးမကုန်သလျှင်ကတည်း။

ဤဂါထာ၌ အဓိပ္ပါယ်ကား— ရေမြောင်းသွယ်သသူတို့သည် မြေ၌မြင့်သော ကုန်းအရပ်ကိုတူး၍ နိမ့်သောအရပ်ကို ပြည့်စေလျက် ရေမြောင်းပြု၍၎င်း, ကျင်းမြောင်းထား၍၎င်း မိမိတို့အလိုရှိရာရေကို ဆောင်ကုန်မြဲတည်း၊ မြှားသမားတို့သည်လည်း မီးကင်လျက် မျက်စိစွေလျက် မျက်ထောင့်ဖြင့် ကြည့်ရှုကာ မြှားကို ဖြောင့်ကုန်မြဲတည်း၊ တစည်းသမားတို့သည်လည်း အကွပ်,အကန့်,ပုံတောင်းလျာ စသောအကျိုး၄ါ အလိုရှိရာ ဖြောင့်ဖြောင့်ကောက်ကောက်ပြု၍လျက် သစ်ကို ရွေကုန်မြဲတည်း၊ ဤအာရုံသုံးပါးကို ဥပမာပြု၍ ပမာ,ပမည်း နှိုင်းခိုင်းလျက် ပညာရှိတို့သည် သောတာပတ္တိဖိုလ် အစရှိသည်ကိုဖြစ်စေသဖြင့် မိမိတို့ကိုယ်ကို ဆုံးမကုန်မြဲတည်း၊

အနုဟတ္တဖိုလ်သို့ရောက်၍ ရဟန္တာဖြစ်သဖြင့်ကား စင်စစ် ဆုံးမသည်မည်ကုန်သတည်း-ဟူလိုသည်။

ဤသို့သော ဓမ္မဒေသနာတော်၏ အဆုံး၌ များစွာသော သူတို့သည် အကျွတ်တတန် သောတာပန်စသော အဖြစ်သို့ ရောက်လေကုန်သတည်း။

ဤတွင်ရွေ့ကား ပဏ္ဍိတသာမဏေကျော်၏ဂုဏ်ကျေးဇူး
ဝတ္ထုအဋ္ဌုပ္ပတ္တိပြီး၏။

# ၃-သံကိစ္စသာမဏေဝတ္ထု

## သံကိစ္စသာမဏေအကြောင်း

သံကိစ္စသာမဏေ၏ ဂုဏ်ကျေးဇူးဝတ္ထု အဋ္ဌုပ္ပတ္တိကား ဤသို့တည်း၊ လူသုံးပါးတို့၏ အထွတ် သဗ္ဗညုမြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ နေတော်မူလျက် သိမ်မွေ့နက်နဲ ဆန်းကြယ်သာယာစွာသော ဓမ္မဒေသနာဖြင့် အကျွတ်တရားရခြင်းငှါ ထိုက်သော ဝေနေယျလောကကို ချွတ်တော်မူ၏၊ ထိုရောအခါ သာဝတ္ထိပြည်၌ အမျိုးကောင်းသား သုံးကျိပ်တို့သည် တရားတော်ကိုနာရသော် သဒ္ဓါယုံကြည်စွာဖြစ်သဖြင့် သာသနာတော်၌ ရင်အပ်၍ ရဟန်းပြုကြလေကုန်၏။

ထိုရဟန်းသုံးကျိပ်တို့သည် ပဉ္စင်းခံသည်မှစ၍ ငါးဝါရလတ်ကုန်သော် မြတ်စွာဘုရားအထံတော်သို့ကပ်၍—

> "ဤသာသနာတော်မြတ်၌ ရဟန်းတို့ဆောင်ရွက်အပ်သော ဝန်ဟူသော ဓုရကား အဘယ်မျှအပြားရှိကုန်သနည်း"—

ဟုလျှောက်ကုန်၏။

(၁) "ကျမ်းဂန်သင်ကြားဆောင်ရွက်သောဝန်ဟူသော ဂန္ထဓုရလည်း တပါး။

(၂) ကမ္မဋ္ဌာန်းဘာဝနာ စီးဖြန်းဆောင်ရွက်သောဝန်ဟူသော ဝိပဿနာဓုရလည်း တပါး။

ဤသို့အားဖြင့် သာသနာတော်မြတ်၌ ရဟန်းတို့ ဆောင်ရွက်အပ်သော ဝန်ဟု ဆိုအပ်သော ဓုရကား နှစ်ပါးအပြား

ရှိ၏''ဟု ဟောတော်မူသော စကားကို ကြားကုန်လျှင် အရွယ်ကြီးရင့်သောအခါ ရဟန်းပြုကုန်ရကား ဂန္ထဓုရ၌ အားထုတ်ခြင်းကို မပြုနိုင်၍ ဝိပဿနာဓုရကို ဖြည့်ကျင့်လို ကုန်သောကြောင့် အရဟတ္တဖိုလ်တိုင်အောင် အဆုံးရှိသော ကမ္မဋ္ဌာန်းကို ဟောစေ၍ တတ်အောင်သင်ပြီးမှ ''အရှင်ဘုရား····အကျွန်ုပ်တို့ကား တခုသောတောကျောင်းသို့ သွားပါကုန်အံ့''ဟု ဘုရားသခင်ကို ပန်ကြားကုန်၏။

ဘုရားသခင်လည်း ''အဘယ်မည်သော တောကျောင်းသို့ သွားကုန်လတ္တံ့နည်း''ဟု မေးတော်မူ၍''ဤမည်သော တောကျောင်းသို့ သွားပါကုန်အံ့''ဟု ဆိုလတ်သော် ''ထိုတောကျောင်း၌ ထိုရဟန်းတို့အား တယောက်သော စားကြွင်းစားကို အမှီပြု၍ ကြီးစွာသောဘေးဖြစ်လတ္တံ့၊ ထိုဘေးသည်ကား ထိုတောကျောင်းသို့ သံကိစ္စသာမဏေသွားလေသော် ငြိမ်းလတ္တံ့၊ ထိုသို့ ဘေးငြိမ်းသောအခါ ထိုရဟန်းတို့အား ရဟန်းတို့ ပြုဘွယ်ကိစ္စ အပြီးသို့ ရောက်လတ္တံ့''ဟု သိတော်မူ၏။

သံကိစ္စသာမဏေ မည်သည်ကား အရှင်သာရိပုတ္တရာ၏ တပည့်ဖြစ်သော ဘွားသည်မှ ခုနစ်နှစ်အရွယ်သာ ရှိသော သာမဏေတည်း၊ ထိုသံကိစ္စသာမဏေ၏ အမိကား သာဝတ္ထိပြည်၌ ကြွယ်ဝသော အမျိုးသမီးတည်း၊ ဝမ်း၌ သံကိစ္စသာမဏေ ကိုယ်ဝန်တည်စဉ် တခုသောအနာဖြင့် တခဏခြင်းသေလွန်လေ၍ ဘုတ်ကြည်းလတ်သော် ကိုယ်ဝန်သားတစ်ကိုထား၍ ကြွင်းသော ကိုယ်အလုံးကို လောင်သတတ်၊ ကိုယ်ဝန်သားတစ်ကိုကား မလောင်၊ ထိုသို့မလောင်သော

ကိုယ်ဝန်သားတစ်ကို ထင်းပုံကချ၍ နှစ်ခု, သုံးခုသော အရာတို့၌ တံရှူးဝါးတို့ဖြင့် ထိုးကြကုန်၏၊ ထိုတံရှူးဝါး အစွန်းဖြင့် သူငယ်မျက်စိအထောင့်ကို ခတ်မိလေသတည်း။

ဤသို့ ကိုယ်ဝန်သားတစ်ကို တံရှူးဝါးဖြင့် ထိုးပြီးသော် ပကတိသားတစ်အမှတ်ဖြင့် မီးကျီးစု၌ထည့်၍ မီးကျီးတို့ဖြင့်သာ ဖုံးလွှမ်းပြီးမှဖဲလေကုန်၏၊ကိုယ်ဝန်သားတစ်ကားလောင်၏၊ ထိုသားတစ်အတွင်း၌ ရှိသော ရွှေဆင်းတုနှင့် တူသော သူငယ်ကား ပဒုမာကြာတိုက်၌ လျောင်းသကဲ့သို့ မီးကျီးစုထက်၌ လျောင်းလျက်တည်၏၊ ထိုစကားလျှင် အမှန်တည်း၊ ဘဝဆုံးပြီးသော ပစ္ဆိမဘဝိက သတ္တဝါအား မြင်းမိုရ်တောင်ဖြင့်ပင် ကြိတ်ငြားသော်လည်း အရဟတ္တဖိုလ်သို့ မရောက်ဘဲ အသက်ကုန်သော မည်သည်မရှိလေရာ။

ထိုမှနောက်တရက်၌ "ဘတ်ကြည်းသောထင်းမီးကိုငြိမ်းစေကုန်အံ့"ဟုလူများလာကုန်သော် ထိုသို့သောအခြင်းအရာဖြင့် လျောင်းလျက်တည်သော သူငယ်ကိုမြင်ကုန်၍ "ဤမျှလောက်သော ထင်းတို့သည်လျက် ကိုယ်အလုံးကို လောင်ပြီးမှ အသို့မှု၍ သူငယ်ကို မလောင်လေသနည်း၊ အဘယ်သို့လျှင် ဖြစ်လတ္တံ့နည်း"ဟု အံ့ဘွယ်သရဲ မဖြစ်ဘူးမြဲ စိတ်ရှိကုန်သဖြင့် သူငယ်ကိုယူ၍ မြို့သို့ ဝင်ကုန်ပြီးသော် နိမိတ် ဘတ်တတ်သော သူတို့ကို မေးကုန်၏၊ နိမိတ်ဘတ်တို့လည်း—

(၁) "အကယ်၍ ဤသူငယ်သည် အိမ်၌နေသည် ဖြစ်လတ္တံ့၊ အမျိုးခုနစ်ဆက် တိုင်အောင် ဆွေမျိုးတို့ ပြွန်းတီးကုန်လတ္တံ့။

(၂) အကယ်၍ ရဟန်းပြုလတ္တံ့၊ ရဟန်းငါးရာခြံရံ၍ ကျင်လည်ရလတ္တံ့.”—

ဟု နိမိတ်ဘတ်ကုန်၏၊ ထိုသူငယ်အား တံရူးဝါး ခတ်မိသဖြင့် မျက်စိအထောင့် ပျက်လေ သောကြောင့် သံကုစ္ဆဟု အမည်ကို မှည့်ကြကုန်၏၊ နောက်မှအက္ခရာပြန်၍ သံကိစ္စဟု တွင်သတည်း၊ အဆွေအမျိုးတို့လည်း“နိမိတ်တတ်တို့ နိမိတ်ဘတ်တိုင်း ဖြစ်လိုဖြစ်စေ၊ ကြီးသောအခါ ငါတို့အရှင်သာရိပုတ္တရာ၏ အထံ၌ ရဟန်းပြုစေမည်”ဟု မွေးကြကုန်၏။

သူငယ်ခုနစ်နှစ်မြောက်သောအခါ ဤသို့ဆိုကြကုန်သတတ်၊ “အမောင်···· ဝမ်း၌ သင် သန္ဓေတည်စဉ် သင့်အမိ သေ၍ ဘုတ်ကြည်းကြသော် ကိုယ်အလုံးကို လောင်လျက် သင်ကား မလောင် ကျန်ရစ်၏”ဟု ဆိုကြသောစကားကို သူငယ်ကြား၍ “ငါကား ဤသို့သောဘေးမှ လွတ်သတတ်၊ အိမ်၌နေသဖြင့် အဘယ်မှုစအံ့နည်း၊ ရဟန်းပြုအံ့”ဟု ဆွေမျိုးတို့အားဆိုလေ၏၊ ဆွေမျိုးတို့လည်း “ကောင်းပြီ”ဟု အရှင်သာရိပုတ္တရာ၏ အထံတော်သို့ ဆောင်၍ “ဤသူငယ်ကို ရဟန်းပြုပါ”ဟု ပေးကုန်၏။

အရှင်သာရိပုတ္တရာလည်း တစပဉ္စက ကမ္မဋ္ဌာန်းကိုကြား၍ သာမဏေပြုတော်မူ၏၊ သံကိစ္စသာမဏေကား သင်တုန်းဖြင့် ဆံချသော အဆုံး၌ပင်လျှင် ပဋိသမ္ဘိဒါ လေးပါးနှင့်တကွ ရဟန္တာအဖြစ်သို့ ရောက်လေ၏၊ ဤသို့ ဆိုအပ်ခဲ့ ပြီးသော အင်္ဂါဂုဏ်တို့ရှိသော ပဋိသမ္ဘိဒါလေးပါးနှင့် ပြည့်စုံသော ခုနစ်နှစ် ရွယ်ရှိသော ရဟန္တာသာမဏေ သည်လျှင် သံကိစ္စ သာမဏေ မည်သတည်း။

မြတ်စွာဘုရားလည်း "ထိုတောကျောင်းသို့ သံကိစ္စသာမဏေ သွားလေသော် ထိုရဟန်းတို့အား ဘေးငြိမ်းလတ္တံ့၊ ရဟန်းပြုဘွယ်ကိစ္စလည်း ပြီးစီးပြည့်စုံလတ္တံ့"ဟု သိတော်မူ၍ စကားသွယ်လိုရကား "ချစ်သားတို့···· သင်တို့ အစ်ကိုကြီးဖြစ်သော သာရိပုတ္တရာထေရ်ကို ဖူးမျှော်၍သွားကြလေကုန်"ဟု မိန့်တော်မူ၏၊ ထိုရဟန်းတို့လည်း "ကောင်းပြီ"ဟု ဝန်ခံ၍ အရှင်သာရိပုတ္တရာ အထံသို့ သွားကြလေသော် "ငါ့ရှင်တို့···· အဘယ်နည်း"ဟု အရှင်သာရိပုတ္တရာက မေးတော်မူသဖြင့် "အကျွန်ုပ်တို့ ဘုရားသခင် အထံတော်က ကမ္မဋ္ဌာန်းသင်ပြီးလျှင် တောသို့ဝင်လို၍ ပန်သည်ကာလ သင်တို့အစ်ကိုအကြီးဖြစ်သော သာရိပုတ္တရာထေရ်ကို ဖူးမျှော်၍သွားကြလေကုန် ဟု အမိန့်တော် ရှိသောကြောင့် လာပါသည်"ဟု လျှောက်ကုန်၏။

အရှင်သာရိ ပုတ္တရာလည်း "ဤရဟန်းတို့ကို အကြောင်းတခုမြင်၍ ဘုရားသခင်စေတော်မူသည်ဖြစ်လတ္တံ့၊ အကြောင်းကား အဘယ်နည်း"ဟု ဆင်ခြင်တော်မူသော်—

(၁) ယခင်ကဆိုခဲ့ပြီးသော စားကြွင်းစားတယောက်ကို မှီ၍ ဘေးဖြစ်လတ္တံ့သော အကြောင်း။

(၂) သံကိစ္စ သာမဏေကိုမှီ၍ ဘေးငြိမ်း လတ္တံ့သော အကြောင်း။

(၃) ထိုရဟန်းတို့အားရဟန်းတို့ပြုဘွယ်ကိစ္စ ပြီးပြည့်စုံလတ္တံ့သော အကြောင်း—

သုံးပါးကို သိတော်မူ၍ "ငါ့ရှင် တို့အား သာမဏေရှိ၏လော"ဟု မေးတော်မူ၏၊ "မရှိပါ"ဟု ဆိုကုန်လျှင် "အကယ်၍ မရှိအံ့၊ ဤသံကိစ္စ သာမဏေကိုခေါ်၍ သွားကြ

လေ''ဟု မိန့်တော်မူ၏၊ ''သာမဏေကိုမှီ၍ ငါတို့အား ပလိဗောဓကြောင့်ကြတခုဖြစ်တော့အံ့၊အလိုမရှိပါ၊တော၌နေသောရဟန်းတို့အား သာမဏေဖြင့်အဘယ်မှုစအံ့နည်း''ဟု ဆိုကုန်သော် ''ငါ့ရှင်တို့.... ဤသံကိစ္စသာမဏေကိုမှီ၍ သင်တို့အား ပလိဗောဓ ကြောင့်ကြတခု မဖြစ်လေရာ၊ စင်စစ်သော်ကား သင်တို့ကိုမှီ၍ ဤသံကိစ္စသာမဏေအားသာပလိဗောဓကြောင့်ကြတခုဖြစ်လတ္တံ့၊သင်တို့ကိုငါ့အထံသို့ဘုရားသခင်စေတော်မူလိုက်သည်ကား သင်တို့နှင့်အတူတကွ သံကိစ္စသာမဏေကိုတောသို့ထည့်လိုက်စိမ့်သည်ကို တောင့်တ၍စေတော်မူလိုက်၏၊သံကိစ္စသာမဏေကိုခေါ်၍သွားကြလေ''ဟုမိန့်တော်မူ၏။

ထိုရဟန်းတို့လည်း''ထိုသို့တပြီးကား ကောင်းပါပြီ''ဟု ဝန်ခံ၍ သံကိစ္စသာမဏေနှင့်အတူတကွ သုံးကျိပ်တယောက်အပေါင်းအဘော်ရှိကုန်လျက် အရှင်သာရိပုတ္တရာကို ရှိခိုး၍ ဇေတဝန်ကျောင်းတော်မှထွက်ကုန်သဖြင့်ဒေသစာရီသွားလေသော်ထိုသာဝတ္ထိပြည်မှယူဇနာတရာ့နှစ်ဆယ်အထက်၌အမျိုးအိမ်ခြေနှစ်ထောင်ရှိသော တခုသောရွာသို့ရောက်လေကုန်၏။

ထိုရွာသူလူတို့လည်း ထိုရဟန်းတို့ကိုမြင်၍ ကြည်ညိုသောစိတ်ရှိကုန်ရကား ရှိသေစွာ ဆွမ်းလုပ်ကျွေးကုန်၍ ''အရှင်ဘုရားတို့....အဘယ်သို့သွားကြကုန်အံ့နည်း''ဟု မေးကုန်၏၊ ''ဥပါသကာတို့....ချမ်းသာရာအရပ်သို့သွားကုန်အံ့''ဟု ဆိုကုန်သော် ခြေရင်း၌ပျပ်ဝပ်ကုန်၍''အရှင်ဘုရားတို့....ဤရွာကိုမှီ၍ ဤအရပ်၌ ဝါတွင်းသုံးလပတ်လုံး နေကုန်လတ်သော်အကျွန်ုပ်တို့လည်း သရဏဂုံယူပါကုန်အံ့၊ ပဥ္စသီလဆောက်တည်ပါကုန်အံ့''ဟု တောင်းပန်ကုန်၏၊ ထိုရဟန်းတို့လည်း ထိုသို့သော ဂုဏ်ကျေးဇူးတို့ကိုမှတ်၍ ခပ်မဆိတ်ဝန်ခံကုန်၏။

ရှာသူလူတို့လည်း ထိုရဟန်းတို့၏ညဉ့်သန့်ရာ,နေ့သန့်ရာ စင်္ကြံ,သစ်ရွက်မိုးသောစရပ်တို့ကို စီရင်ကုန်၏၊နက်ဖြန် ငါ့ဘို့, သဘက်ငါ့ဘို့ဟု အားထုတ်ခြင်းသို့ရောက်ကုန်လျက် အစီအစဉ် အလဲအလှယ် လုပ်ကျွေးကြကုန်၏၊ထိုရဟန်းတို့ကား ထိုကျောင်း၌ဝါဆိုကပ်သနေ့ ဤသို့ကတိကဝတ်ပြုကုန်သတည်း။

(၁) "အရှင်တို့.... ငါတို့သည် ယခု မျက်မှောက်တွင် ထင်ထင်ရှားရှားရှိတော်မူသော မြတ်စွာဘုရား၏ အထံတော်က ကမ္မဋ္ဌာန်းကိုသင်ခဲ့ကြ၏၊ အကျင့် ပဋိပတ်နှင့်ပြည့်စုံခြင်းကိုကြဉ်၍ မြတ်စွာဘုရားကိုနှစ်သက်စိမ့်သောငှါလည်းမတတ်နိုင်ရာ၊ ဝဋ်မှမကင်းသော ငါတို့အားလည်း အပါယ်လေးပါးတံခါးဟင်းလင်းသာတည်း၊ ထို့ကြောင့် နံနက်ဆွမ်းခံသွားသောအခါ, ညချမ်းသီတင်းကြီးသောမထေရ်ကိုခစားသောအခါ၊ ဤအခါနှစ်ပါးကိုထား၍ ထိုမှ ကြွင်းသော အခါကား တခုသောအရပ်၌ နှစ်ယောက်အတူတကွ မနေကုန်အံ့။

(၂) အကြင် ရဟန်းအား မသာယာ ခြင်းသည် ဖြစ်လတ္တံ့၊ ထိုရဟန်းသည် ကျောက်စည် ထိုးခတ်လတ်သော် ထိုရဟန်းအထံသို့သွား၍ လျောက်ပတ်သော ဆေးကို ပြုကုန်အံ့။

(၃) ဤဝါဆိုနေ့မှစ၍ ညဉ့်အဘို့၌ဖြင်း, နေ့အဘို့၌ဖြင်း ဝါတွင်းသုံးလပတ်လုံး မမေ့မလျော့ ကမ္မဋ္ဌာန်းကို စီးဖြန်းကုန်အံ့"။

ဤသို့ ကတိကဝတ်ပြု၍ ထိုရဟန်းတို့နေကုန်၏။

ထိုအခါ ထိုရွာ၌ သူဆင်းရဲယောကျ်ား တယောက်သည် အလုပ်အကျွေးသမီးကိုမှီ၍ အသက်မွေးရကား ထိုအရပ်တွင် ငတ်မွတ်ခြင်းဖြစ်၍အသက်မမွေးနိုင်သဖြင့်အခြားတပါးအလုပ် အကျွေး သမီးကိုမှီ၍ အသက်မွေးလိုသောကြောင့် ထိုအလုပ် အကျွေးသမီးရှိရာရောက်စိမ့်သောငှါ ခရီးသို့သွား၏၊ ထိုရဟန်း တို့သည် ရွာ၌ ဆွမ်းခံပြီး၍ နေရာကျောင်းသို့ပြန်ခဲ့သော် ခရီး အကြားတွင် တခုသောမြစ်၌ရေချိုးပြီးမှသဲပြင်သဲစု၌ နေလျက် ဆွမ်းဘုဉ်းပေးခြင်းကိစ္စကို ပြုကုန်၏။

ထိုခဏ၌ ထိုအရပ်သို့ သူဆင်းရဲယောကျ်ားရောက်လာ၍ တင့်အပ်လျောက်ပတ်သောအရပ်၌ နေလေသော် "သင်ကား အဘယ်သို့ သွားအံ့နည်း"ဟု ထိုရဟန်းတို့ မေးကုန်သဖြင့် ယခင်ဆိုခဲ့ပြီးသောအတိုင်း အသက်မွေးလို၍သွားအံ့သော အ ကြောင်းကို လျှောက်၏၊ ထိုရဟန်း တို့လည်း သူဆင်းရဲ ယောကျ်ား၌ သနားခြင်းကို ဖြစ်စေကုန်လျက်"ဥပါသကာ.. အလွန်လျှင်ဆာလောင်ဟန်တကား၊ သွားချေ၊ သစ်ရွက်ကို ဆောင်ခဲ့၊တလုပ်တဆုပ်စီသော ဆွမ်းကို ပေးကုန်အံ့"ဟုဆို သဖြင့် သစ်ရွက်ကိုဆောင်ခဲ့လျှင် မိမိတို့စားသော နည်းဖြင့် ဟင်းစမဲတို့နှင့်နယ်နှော၍ တလုပ်တဆုပ်စီသော ဆွမ်းကို ပေးကြကုန်၏။

ဆွမ်းစားသောအခါ လာသောလူများအား ဆွမ်းပေး သောရဟန်းသည် ဆွမ်းဦးကိုမပေးမူ၍ မိမိစားသောအမှတ် ဖြင့်သာလျှင် အနည်းကိုမူလည်းပေးရာ၏၊ အများကိုမူလည်း ပေးရာ၏၊ ဤကား ဆွမ်းပေးရာသောဝတ်တည်း၊ ထို့ကြောင့် ထိုရဟန်းတို့လည်း မိမိတို့စားသောအမှတ်ဖြင့်သာ တလုပ်

တဆုပ်စီ ပေးကြကုန်သတည်း၊ သူဆင်းရဲယောက်ျားလည်း ထမင်းစားပြီးသော် ထိုရဟန်းတို့ကိုရှိခိုး၍ "အသို့နည်း၊ အရှင်တို့ကို တစုံတယောက်သောသူက ဆွမ်းဘိတ်သလော"ဟု မေး၏၊ "ဥပါသကာ….ဆွမ်းဘိတ်သသူမရှိ၊ ထိုရွာ၌ လူတို့သည် နေ့တိုင်းပင် ဤနည်းနှင်နှင် ဆွမ်းလှူကုန်၏"ဟု ဆိုသော် သူဆင်းရဲယောက်ျားအား ဤသို့အကြံဖြစ်လေသတည်း။

"ငါတို့လူများကား အခါခပ်သိမ်း ကောင်းစွာ ထကြွလုံ့လပြု၍ အမှုလုပ်ပါကုန်သော်လည်း ဤသို့သဘောရှိသော ထမင်းအာဟာရကို မရနိုင်ကုန်၊ တပါးတခြားသို့သွားသဖြင့် အဘယ်မှုစအံ့နည်း၊ ဤရဟန်းတို့အထံ၌သာလျှင်နေ၍ အသက်မွေးအံ့"ဟု ကြံပြီးသော် အကျွန်ုပ်သည် ဝတ်ကြီး, ဝတ်ငယ်ပြု၍အရှင်တို့၏အထံ၌နေပါအံ့"ဟုဆို၏၊"ဥပါသကာ… ကောင်းပြီ"ဟု ထိုရဟန်းတို့ဝန်ခံကုန်လျှင် ထိုရဟန်းတို့နှင့် တကွ ကျောင်းသို့သွား၍ ကောင်းစွာ ဝတ်ကြီး,ဝတ်ငယ်ပြုလျက်နှစ်သက်စေသဖြင့် ထိုရဟန်းတို့ကိုမှီ၍ အသက်မွေး၏။

ဝါတွင်းနှစ်လ လွန်သောအခါ၌ကား ထိုစားကြွင်းစားယောက်ျားလည်း မိမိအလုပ်အကျွေးသမီးကို တွေ့မြင်လို၍ "အရှင်တို့ကိုပန်ကြားအံ့၊ မလွှတ်ကုန်လတ္တံ့၊ မပန်ဘဲလျှင် သွားအံ့"ဟု ထိုရဟန်းတို့ကိုမပန်မကြားဘဲ ထွက်သွားလေ၏၊ဤသို့မပန်မကြားဘဲထွက်သွားခြင်းမျှသာလျှင် ထိုစားကြွင်းစားယောက်ျား၏ ချော်ချွတ်ရှုန့်ရင်းသောအမှုတည်း၊ ထိုမှတပါး ဝတ်ကြီး,ဝတ်ငယ်ကိုကား ရိုသေစွာလျှင်ပြုသတည်း။

ထိုရဟန်းတို့ကို မပန်မကြားဘဲ အကြင်အရပ်သို့သွားလို၏၊ ထိုသို့သွားသောခရီး၌ တောအုပ်တခုသည်ရှိသတတ်၊ ထို

ခတောအုပ်၌ နို့သူငါးရာတို့သည် "ဤတောအုပ်သို့ ဝင်လာသသူကိုသတ်၍ အသားအသွေးဖြင့် ခုနစ်ရက်အတွင်းတွင် သင်တို့အား ဗာလိနတ်စာပသခြင်းအမှုကိုပြုပါအံ့"ဟု နတ်ကိုတောင်းပန်၍နေကြကုန်သည်ကား ထိုအခါလျှင် ခုနစ်ရက်မြောက်သတည်း၊ ထို့ကြောင့် ခုနစ်ရက်မြောက်သနေ့၌ ခိုးသူကြီးသည် သစ်ပင်သို့တက်၍ လူကိုကြည့်လတ်သော် ထိုတောအုပ်သို့ဝင်၍လာသော စားကြွင်းစားယောကျ်ားကိုမြင်၍ ခိုးသူငယ်တို့အား အမှတ်သညာပေး၏။

ခိုးသူငယ်တို့လည်း တောအုပ်လယ်သို့ စားကြွင်းစားယောကျ်ားဝင်သောအဖြစ်ကိုသိကုန်လျှင် ခြံရံလျက်ဘမ်းဆီးပြီးမှ မြစွာအနှောင်အဘွဲ့ပြု၍ မီးပွတ်ဖြင့် မီးကိုပွတ်ပြီးသော် ထင်းတို့ကိုရုံးစုသဖြင့် မီးပုံကြီးပြုပြီးလျှင် တံကျင်တို့ကိုရွေကုန်၏၊ စားကြွင်းစားလည်း ထိုသို့သောခိုးသူတို့၏ အမူအရာကိုမြင်လေ၍ "အရှင်တို့…ဤအရပ်၌ဝက်တို့ကိုလည်း မမြင်ကုန်၊ သမင်,ဒရယ်, ချေသငယ်,စိုင်, ဆတ် အစရှိသည်တို့လည်း မထင်ကုန်၊ အဘယ့်ကြောင့် မီးပုံခြင်း, တံကျင်ရွေခြင်းအမှုကိုပြုကုန်သနည်း"ဟုမေး၏။

"အိုယောကျ်ား…ငါတို့ကား သင့်ကိုသတ်၍ အသားအသွေးဖြင့် ဗာလိနတ်စာပသခြင်းကိုပြုကုန်အံ့"ဟုဆိုကုန်သော် စာကြွင်းစားယောကျ်ားသည် သေဘေးဖြင့် ထိတ်လန့်ရကား ထိုရဟန်းတို့၏ကျေးဇူးဥပကာရကို မဆင်ခြင်မကြံစည်ဘဲ မိမိအသက်ကိုသာ စင်စစ်စောင့်ရှောက်လိုသည်ဖြစ်၍ ဤသို့ဆို၏။

"အရှင်တို့…အကျွန်ုပ်ကားကြွင်းသောထမင်းကို စား၍ကြီးပွါးသော စားကြွင်းစားတည်း၊ စားကြွင်း

စားမည်သည်လည်း လောက၌ ယုတ်မာသသူဖြစ်၏၊ အရှင်တို့မူကား ထိုမှ၍မှ အထူးထူးသောအမျိုးက ထွက်၍ ရဟန်းပြုကုန်သော်လည်း သာကီဝင်မင်းမျိုး ဖြစ်ကုန်သလျှင်ကတည်း၊ ထိုအရှင်တို့ကား ဤမည် သောအရပ်၌ သုံးကျိပ်တယောက်ပင်ရှိနေကုန်၏၊ ထို ရဟန်းတို့ကိုသတ်၍ ဗာလိနတ်စာပသချင်းကို ပြုကုန် လော့၊ ဤသို့ပြုကုန်မူ သင်တို့အား နတ်တို့သည် အ လွန်လျှင် နှစ်သက်ကုန်လတ္တံ့"—

ဟုဆိုသော် ခိုးသူတို့လည်း"ဤယောကျ်ားကား ကောင်း သောစကားကိုဆို၏၊ ယုတ်မာသော စားကြွင်းစားဖြင့် အ ဘယ်မူစအံ့နည်း၊ သာကီဝင်မင်းမျိုး ရဟန်းတို့ကို သာလျှင် ဗာလိနတ်စာပသခြင်းကို ပြုကုန်အံ့" ဟုကြံပြီးမှ "လာလှည့်၊ ထိုရဟန်းတို့၏ နေရာကိုပြလော့"ဟု ထိုစားကြွင်းစားကိုပင် ခရီးညွှန်ပြု၍ ထိုကျောင်းသို့ ရောက်လေလျှင် ကျောင်းလယ် ၌ ရဟန်းတို့ကို မမြင်ရကား "အဘယ်မှာ ရဟန်းတို့ရှိသ နည်း"ဟုမေးကုန်၏။

စားကြွင်းစားကား ထိုကျောင်း၌ နှစ်လပတ်လုံး နေဘူး သောကြောင့် ထိုရဟန်းတို့၏ ကတိကဝတ်ကို သိသည်ဖြစ် ၍ "ညဉ့်သန့်ရာ, နေ့သန့်ရာတို့၌ အသီးအသီး ရဟန်းတို့ နေကုန်၏၊ ဤကျောက်စည်ကိုသာ ခတ်လေကုန်၊ ကျောက် စည်သံဖြင့် စည်းဝေး လာကုန်လတ္တံ့" ဟု ဆို၏၊ ခိုးသူကြီး လည်း ကျောက်စည်ကိုခတ်၏၊ ရဟန်းတို့လည်း ကျောက် စည်သံကိုကြား၍ "အခါ မဟုတ်သည်၌ ကျောက်စည် ခတ် သည်တကား၊ တစုံတယောက် ရဟန်းအား မသာယာခြင်း ဖြစ်လိမ့်သတည်း" ဟုနှလုံးမူလျက် လာကုန်၍ ကျောင်း

လယ်တွင် အစီအစဉ် ခင်းထားသော ကျောက်ဖျာ တို့၌ နေကြကုန်၏။

သံဃာ့ထေရ် ဖြစ်သော ရဟန်းသည် ခိုးသူတို့ကို မြင်၍ "ဥပါသကာတို့..ဤကျောက်စည်ကို အဘယ်သူခတ်သနည်း" ဟုမေး၏၊ ခိုးသူကြီးလည်း "အရှင်ဘုရား....အကျွန်ုပ် ခတ်ပေသည်" ဟုဆိုသော် "အဘယ် အကြောင်းကြောင့် ခတ်သနည်း"ဟုမေးပြန်၏၊ အကျွန်ုပ်တို့အား တောအုပ်နတ်ကို တောင်းပန်သော ဗာလိနတ်စာ ပသခြင်းအမှုရှိ၏၊ ထိုဗာလိနတ်စာပသခြင်းအမှုကို ပြုအံ့သောငှါ ရဟန်း တယောက်ကို ယူ၍သွားလိုသောကြောင့် ခတ်ပေသည်"ဟုဆိုလျှင် ထိုစကားကိုကြား၍ သံဃာ့ထေရ်လည်း—

"ငါ့ရှင်တို့... ညီငယ်တို့အား ဖြစ်သောအမှုကိစ္စမည်သည်ကို အစ်ကိုကြီးသည် ထုတ်ဆောင်မြဲတည်း၊ ငါလျှင်သင်တို့အားစွန့်၍ ဤခိုးသူတို့နှင့်လိုက်လေအံ့၊ သင်တို့ အလုံးစုံအား အန္တရာယ် မဖြစ်စေလင့်၊မမေ့မလျော့ ရဟန်းတရားကို ပြုရစ်ကြ"—

ဟုဆို၏၊ ထိုအောက်ငယ်သော အနုထေရ်လည်း—

"အရှင်ဘုရား....အစ်ကိုယ် ကြီးအား ဖြစ်သော အမှုကိစ္စ မည်သည်ကား အောက်ရင်း ဖြစ်သော ညီလတ်သည် ထုတ်ဆောင် ကောင်းသော ဝန်တည်း၊ ခိုးသူတို့နှင့်အကျွန်ုပ်လိုက်လေအံ့၊အရှင်ဘုရားတို့ အလုံးစုံအား အန္တရာယ် မဖြစ်စေလင့်၊မမေ့မလျော့ရဟန်းတရားကို ပြုရစ်ကြကုန်"-

ဟုဆိုပြန်၏၊ "ဤနည်းနှင်နှင် ငါသာလိုက်အံ့၊ ငါသာလိုက်အံ့"ဟု အစဉ်အတိုင်းဆို၍ သုံးကျိပ်သော ရဟန်းတို့

သည် ထကြကုန်သတည်း၊ ဤသို့လျှင် ထိုရဟန်း တို့သည် တယောက် တည်းသော အမိ၏ သားလည်း မဟုတ်ကုန်ဘဲ, တယောက်တည်းသော အဘ၏ သားလည်း မဟုတ်ကုန်ဘဲ, ရာဂကင်းသော ရဟန်းလည်း မဟုတ်ကုန်ဘဲ ကြွင်းသော ဒီဃတင်းသုံးသော ရဟန်းတို့၏ အကျိုးငှါ အစဉ်အတိုင်း အသက်ကို စွန့်လေကုန်သတည်း။

ထိုရဟန်း တို့တွင် တယောက် သော ရဟန်း မျှလည်း "သင်လိုက်လေတော့"ဟု ဆိုခြင်းငှါဝံ့သသူမည်သည်မရှိလေ။

သံကိစ္စသာမဏေကား ထိုရဟန်းတို့၏ စကားကိုကြား၍—

"အရှင်ဘုရားတို့····ရပ်ကြကုန်၊ အရှင်ဘုရားတို့အား အသက်ကိုစွန့်၍ အကျွန်ုပ်လိုက်အံ့"—

ဟုဆို၏၊ ထိုရဟန်း တို့လည်း "ငါ့ရှင် သာမဏေ···· ငါတို့ခပ်သိမ်းစုံကိုပင် သတ်၍သေကုန် သော်လည်း သေစေ၊ သင်တယောက်ကိုငါတို့မလွှတ်ဝံ့"ဟုဆိုကုန်သော် "အရှင်ဘုရားတို့····အဘယ့်ကြောင့်ဤသို့ဆိုကုန်သနည်း "ဟုမေးလျှင် "ငါ့ရှင်သာမဏေ····သင်ကား တရားစစ်သူကြီးဖြစ်သော အရှင်သာရိပုတ္တရာ၏ အတူနေ တပည့်သာမဏေ ပေတည်း၊ အကယ်၍သင့်ကို ငါတို့လွှတ်ကုန်ငြားအံ့၊ "ငါ့သားသာမဏေကို ခေါ်၍ သွားကုန်ပြီးလျှင် ခိုးသူတို့အား ဆောက်နှင်းလေကုန်သည်"ဟု ငါတို့ကိုအရှင်သာရိပုတ္တရာကဲ့ရဲ့လတ္တံ့၊ထိုသို့သော ကဲ့ရဲ့ခြင်းကို ပစ်ပယ်ခြင်းငှါ မတတ်နိုင် ကုန်လတ္တံ့၊ ထို့ကြောင့် သင့်ကို ငါတို့ မလွှတ်ဝံ့ကုန်" ဟုဆိုကုန်၏။

"အရှင်ဘုရားတို့····မြတ်စွာဘုရားသည် အရှင်ဘုရားတို့ကို အကျွန်ုပ်၏ဥပဇ္ဈာယ်ဖြစ်သော အရှင်သာရိပုတ္တရာ၏ အ

ထိုသို့စေတော်မူခြင်းသည်၎င်း, အကျွန်ုပ်၏ဥပဇ္ဈာယ်ဖြစ်သော အရှင်သာရိပုတ္တရာသည် အကျွန်ုပ်ကိုအရှင်ဘုရားတို့နှင့် အတူတကွ စေတော်မူခြင်းသည်၎င်း ဤသို့သော အကြောင်းကိုပင် မြင်၍ စေတော်မူသည် မဟုတ်တုံလော၊ အရှင်ဘုရားတို့.... ရပ်ကြကုန်၊ကျွန်ုပ်သာ လိုက်အံ့''ဟု သုံးကျိပ်သော ရဟန်းတို့ကိုရှိခိုး၍''အကျွန်ုပ်အား အပြစ်တစုံတခုရှိလျှင်သည်းခံပါ''ဟု ကန်တော့ခဲ့ပြီးမှခိုးသူတို့နှင့်တကွ သံကိစ္စသာမဏေလိုက်လေ၏။

ထိုရှေအခါ သုံးကျိပ်သောရဟန်းတို့အား ကြီးစွာသော ထိတ်လန့်ခြင်း သံဝေဂဖြစ်လေ၏၊ မျက်စိနှစ်ဘက်တို့၌ ယိုသောမျက်ရည်တို့ဖြင့် ပြည့်ကုန်၏၊ ပြင်းစွာနှလုံးသားတုန်လှုပ်၏၊ သံဃာ့ထေရ်လည်း ''ဥပါသကာတို့....ဤနှစ်နှစ်ရွယ် သာမဏေငယ်ကား သင်တို့မီးပုံပြုကုန်သည်, တံကျင်ရွေကုန်သည်, သစ်ရွက်ခင်းကုန်သည်တို့ကိုမြင်လျှင် ကြောက်လိမ့်သတည်း၊ ဤသာမဏေငယ်ကို တင့်အပ်ရာမျက်ကွယ်ထား၍ ထိုအလုံးစုံကိစ္စတို့ကို ပြုလေကုန်''ဟု ခိုးသူတို့ကိုမှာလိုက်၏။

ခိုးသူတို့လည်း သံကိစ္စသာမဏေကိုယူ၍ သွားကုန်ပြီးလျှင် တင့်အပ်ရာမျက်ကွယ်ထား၍ ထိုကိစ္စခပ်သိမ်းကိုပြုလေကုန်၏၊ ထိုကိစ္စတို့ကိုပြုပြီးအဆုံး၌ ခိုးသူကြီးသည် သန်လျက်ကိုကိုင်၍ သံကိစ္စသာမဏေသို့ချဉ်းကပ်လေ၏၊ ထိုရှေအခါ သံကိစ္စသာမဏေလည်း ထိုင်လျက်ပင် ဈာန်ဝင်စား၍နေသတည်း။

ခိုးသူကြီးလည်း သန်လျက်ကိုမိုး၍ဝင့်၍ သံကိစ္စသာမဏေ၏ပခုံး၌ချ၏ခုတ်၏၊ သန်လျက်သည်ညွတ်၍ ပျောင်း၍ အသွားဖြင့်အသွားကို အသွားချင်း ခတ်မိ

လေသတည်း၊ခိုးသူကြီးလည်း“ကောင်းစွာမချမိသေး၊ မခုတ်မိသေး”ဟု ထင်မှတ်လျက် တဘန်သန်လျက် ကိုဖြောင့်စွာပြုပြန်၍ ချပြန်ခုတ်ပြန်လေ၏၊ သန်လျက် လည်း ထန်းရွက်ကဲ့သို့ ဆတ်ဆတ်တုန်လျက်အနှောင့် အရင်းတိုင်အောင် ကွေးညွှတ်၍ လည်းလေသတည်း။

ထိုစကားသည်လျှင်မှန်၏၊ သံကိစ္စသာမဏေကို ထိုသို့ ရျာန်ဝင်စားသောအကြိုက်နှင့်မြင်းမိုရ်တောင်ဖြင့်ပင်ဘိသော် ကြိုက်သော်လည်း သေစိမ့်သော်ငှါ စွမ်းနိုင်သသူမည်သည် မရှိလေ၊ ထိုသို့သော သန်လျက်မျှဖြင့်ကား အဘယ်ဆိုဘွယ် နို့ရာအံ့နည်း၊ ခိုးသူကြီးလည်း သံကိစ္စသာမဏေ၏ တန်းခိုး ပြာဋိဟာကိုမြင်၍ ဤသို့ကြံ၏။

“ရှေးရှေးက ငါ၏သန်လျက်သည် ကျောက်တိုင် ကိုသော်၎င်း, ရှားငုတ်ကိုသော်၎င်း သစ်ညွန့်သစ် ညှောက်ကိုကဲ့သို့ဖြတ်နိုင်၏၊ ယခုတမူကား တကြိမ် သောအခါ အသွားဖြင့် ခိုက်မိအောင် ညွှတ်လေ ပျောင်းလေ၏၊ တကြိမ်သောအခါ အနှောင့်ရင်း တိုင်အောင် ကွေးညွှတ်၍ ထန်းရွက်ကဲ့သို့ ဆတ်ဆတ် တုန်လေ၏၊ဤသန်လျက်သည်စင်လည်း စိတ်စေတနာ မရှိဘဲပင် ဤသာမဏေငယ်၏ ဂုဏ်ကျေးဇူးကို သိတတ်လေဘိ၏၊ငါတမူကားစိတ်စေတနာရှိလျက်ပင် ဤသာမဏေငယ်၏ ဂုဏ်ကျေးဇူးကို မသိတတ် လေတကား”—

ဟု ကြံပြီးသော် သန်လျက်ကိုမြေဝယ်ချ၍ သံကိစ္စသာမ ဏေ၏ ခြေရင်း၌ပျပ်ဝပ်ပြီးမှ “အရှင်ဘုရား····အကျွန်ုပ်တို့

ကား ဥစ္စာကိုလိုချင်သောကြောင့် ဤတောအုပ်သို့ဝင် လာကုန်၏၊ အကျွန်ုပ်တို့ကို အဝေးကပင်မြင်၍ တထောင်လောက်သော ယောက်ျားတို့စင်လည်း တုန်လှုပ်ကြကုန်၏၊ နှစ်ခွန်း,သုံးခွန်းသော စကားကိုမျှ ပြောဆိုခြင်းငှါ မဝံ့ကုန်၊ အရှင်ဘုရားအားကား ထိတ်လန့်ခြင်းမျှလည်းမရှိပေ၊ ဖိုဝဲဦးသစ်သောရွှေစင်ကဲ့သို့, ကောင်းစွာပွင့်သောမဟာလှေကားပန်းကဲ့သို့ မျက်စိမျက်နှာလည်းတင့်တယ်ပေ၏၊ အကြောင်းကား အဘယ်သို့နည်း''ဟု မေးလိုရကား—

သန္တာသော တေ နတ္ထိ ဘယံ၊
ဘိယျော ဝဏ္ဏော ပသီဒတိ။
ကသ္မာ န ပရိဒေဝေါသိ၊
ဧဝရူပေ မဟာဘယေ။ ။
ဟူသောဂါထာကိုဆိုသတည်း။

အနက်။ ။တေ၊ သင်အား။ သန္တာသော၊ ထိတ်လန့်ခြင်းသည်၎င်း။ ဘယံ၊ ကြောက်ခြင်းသည်၎င်း။ နတ္ထိ၊ မရှိလေ။ ဘိယျော၊ လွန်စွာ။ ဝဏ္ဏော၊ အဆင်းသည်။ ပသီဒတိ၊ ကြည်လင်၏။ ဧဝရူပေ၊ ဤသို့သဘောရှိသော။ မဟာဘယေ၊ ဘေးကြီးသည်။ သတိ၊ ရှိလျက်။ ကသ္မာ၊ အဘယ့်ကြောင့်။ ပရိဒေဝေါ၊ ငိုကြွေးခြင်းသည်။ နအသိ၊ မဖြစ်လေသနည်း။

[ပရိဒေဝသိ—ဟူ၍လည်း ပါဌ်ရှိ၏၊ ပရိဒေဝေါ—ဟူသော ပါဌ်သာ ဂါထာဗန္ဓနှင့်သင့်၏၊ ဤဂါထာကို ဒိုးသူကြီးဆိုသော ဟူသည်ကား နဂိုစကားရင်းကိုသာ ဒိုးသူကြီးဆိုသတည်း၊ ဆန်းဂိုဏ်းဖြင့်ဘွဲ့သော ဂါထာဗန္ဓကိုကား နောက်မှ မာဂဓဘာသာတင်သည်၊ ထိုသို့လျက်လည်း နဂိုစကားရင်းကိုစွဲ၍ ဒိုးသူကြီး ဆိုသော

ဟူလေသတည်း၊ ခွေးဂါထာဆို၍, သမင်ဂါထာဆို၍ အစရှိသည်ဖြင့်လာသော ဇာတ်များမှာလည်း ဤနည်း နှင်နှင်မှတ်လေ။]

သံကိစ္စ သာမဏေလည်း ခိုးသူကြီးမေးသော စကားကို ကြား၍ ရှာန်မှထပြီးလျှင် တရားဟောလိုရကား "ခိုးသူတို့၏ အကြီးဖြစ်သော ခိုးမှူးဥပါသကာ····အာသဝေါ ကုန်ပြီးသော ရဟန္တာပုဂ္ဂိုလ်အား ဤခန္ဓာကိုယ်သည် ဦးခေါင်းထက်တင် ထားသော ဝန်ကဲ့သို့ဖြစ်၍၊ထို့ကြောင့် ရဟန္တာပုဂ္ဂိုလ်သည် ဤခန္ဓာကိုယ် ပျက်လေသော်လည်း နှစ်သက်သလျှင်ကတည်း၊ ဤခန္ဓာကိုယ်ပျက်အံ့သည်မှ မကြောက်,မလန့်လေ"ဟု မိန့် တော်မူပြီးမှ—

နတ္ထိ စေတသိကံ ဒုက္ခံ၊
အနပေက္ခဿ ဂါမဏိ။
အတိက္ကန္တော ဘယံ သဗ္ဗံ၊
ခီဏသံယောဇနော ဣသိ။ ။
ခီဏာယ ဘဝနေတ္တိယာ၊
ဒိဋ္ဌဓမ္မော ယထာတထာ။
နိဗ္ဗုယံ မရဏာံ ဟောတိ၊
ဘာရဝေါရောပနံ ယထာ။ ။

ဟူသောဂါထာကိုဆို၏။

**အနက်။** ။ဂါမဏိ၊ အို—ခိုးသူကြီး။ အနပေက္ခဿ၊ ငဲ့ကွက်ခြင်းမရှိသော ရဟန္တာပုဂ္ဂိုလ်အား။ စေတသိကံ၊စိတ်၌ဖြစ်သော။ ဒုက္ခံ၊ ဆင်းရဲသည်။ နတ္ထိ၊ မရှိ။ ခီဏသံယော ဇနော၊ ကုန်ပြီးသော သံယောဇဉ်ရှိသော။ ဣသိ၊ ရဟန္တာ

ပုဂ္ဂိုလ်သည်။ သမ္ဘာဝယံ၊ ဘေးခပ်သိမ်းစုံကို။ အတိက္ကန္တော၊ လွန်မြောက်နိုင်၏။

ဘာဝနေတ္တိယာ၊ ဘာဝသုံးပါးကို ဆောင်တတ်သောတဏှာ၏။ ခီဏာယ၊ ကုန်ခြင်းကြောင့်။ ယထာတထာ၊ ဟုတ်ဟုတ်ညားညားသောအခြင်းအရာဖြင့်။ ဒိဋ္ဌမဗ္ဗော၊ မြင်အပ်ပြီးသောသစ္စာလေးပါး တရားရှိသည်ဖြစ်၍။ ဘာရဝေါရောပနံယထာ၊ ဦးခေါင်းဖြင့် ရွက်ဆောင်သော ဝန်ကိုချသကဲ့သို့။ မရဏံ၊ သေခြင်းသည်။ နိဗ္ဗာယံ၊ ဘေးမမည်သည်။ ဟောတိ၊ ဖြစ်၏။

ဤသို့မထိတ်မလန့်ခြင်း, မကြောက်ရွံ့ခြင်း, မျက်စိမျက်နှာကြည်လင်ခြင်း, မငိုကြွေးခြင်း၏ အကြောင်းကို ဟောသောတရားစကားကို ခိုးသူကြီးကြားလျှင် အခြံ အရံ ခိုးသူငါးရာတို့ကို ကြည့်၍—

> "အို—အမောင်တို့····သင်တို့ကား အသို့ပြုကုန်လတ္တံ့နည်း"ဟုဆို၏၊ "အရှင်ခိုးမှူးကားအသို့ပြုလိုသနည်း"ဟုဆိုပြန်၍ မေးကုန်သော် "ဤသို့သောတန်းခိုးပြာဋိဟာကို မြင်ကတည်းကပင် ငါ့အားအိမ်ရာထောင်သော လူတို့ဘောင်၌ ပြုဘွယ်မရှိပြီ၊ အရှင်သံကိစ္စအထံ၌ ရဟန်းပြုလေတော့အံ့"ဟုဆို၏၊ "အကျွန်ုပ်တို့လည်း ခိုးမှူးနှင့် အတူပင်လျှင် ရဟန်းပြုပါကုန်အံ့"ဟု ခိုးသူငါးရာတို့က ဆိုကုန်သော် "အမောင်တို့ တညီ တညွတ် စိတ်တူမျှသည် ကားကောင်းစွတကား"—

ဟု ဝမ်းမြောက် ဝမ်းသာ ခိုးမှူးနှင့်တကွ ခိုးသူငါးရာလုံးပင် သံကိစ္စသာမဏေကို ရှိခိုး၍ ရဟန်းအဖြစ်ကို တပြိုင်နက်တောင်းပန်ကုန်၏။

သံကိစ္စသာမဏေလည်း ခိုးသူတို့လက်စွဲသော သန်လျက်သွားတို့ဖြင့် ဆံတို့ကိုရင်း, ပုဆိုးမြိတ်အဆာတို့ကိုရင်း ဖြတ်စေပြီးမှ မြေနီဖြင့်ပုဆိုးတို့ကို တပ်စေစွန်းစေ၍ ထိုမြေနီဆိုးသော ပုဆိုတို့ကိုသာလျှင် သင်္ကန်းအမှတ်ဖြင့် ဝတ်စေလျက် ဆယ်ပါးသောသီလ၌တည်စေပြီးသော် ထိုခိုးသူငါးရာတို့ကိုယူ၍ ကြွတော်မူ၏၊ "ထိုတောကျောင်း၌ ရဟန်းတို့ကို မတွေ့မမြင်ဘဲ ဇေတဝန်ကျောင်းတော်သို့ ငါသွားချေသော် ထိုရဟန်းတို့သည် ရဟန်းတရားကို ဖြောင့်ဖြောင့် ပြုခြင်းငှါ မတတ်နိုင်ကုန်ရာ"ဟု ကြံသဖြင့် တောကျောင်းသို့ ဝင်တော်မူလေ၏။

သံကိစ္စ သာမဏေကို ခိုးသူတို့ယူ၍ ထွက်သွားသည့်ကာလကပင် ထိုရဟန်းတို့တွင် တဦးသော ရဟန်းမျှလည်း မျက်ရည်ကို ဆီးတားခြင်းငှါ မတတ်နိုင်၊ "သာမဏေငယ်ကိုသတ်လေပြီလော, မသတ်သေးလော"ဟု အကြံအစည်များသဖြင့်လည်း ကမ္မဋ္ဌာန်းရှေးရှုမထင်နိုင်ကုန်၊ ထိုရဟန်းတို့လည်း ရဟန်းငါးရာအခြံအရံရှိလျက် သံကိစ္စသာမဏေ ပြန်လာသည်ကိုမြင်သဖြင့် သက်သာရာ ရခြင်းရှိကုန်၍—

"အို-သူတော်ကောင်း သံကိစ္စသာမဏေ····အသို့နည်း၊ အသက်ကို ရခဲ့ပါ၏လော"ဟု မေးကုန်၏၊ "အရှင် ဘုရားတို့····ဩ-ရခဲ့ပြီ၊ ဤခိုးသူတို့ကား အကျွန်ုပ်ကို သတ်လိုကုန်လျက် မသတ်နိုင် ကုန်ရကား အကျွန်ုပ် ဂုဏ်ကျေးဇူး၌ကြည်ညို၍ တရားနာပြီးအဆုံး၌ ရဟန်းပြုကြကုန်ပြီ၊ အရှင်ဘုရားတို့ကို တွေ့မြင်လို၍ အကျွန်ုပ်တို့ လာခဲ့သတည်း၊ မမွေ့မလျော့ ရဟန်း

တရားကို ပြုကြကုန်၊ မြတ်စွာဘုရား အထံတော်သို့ အကျွန်ုပ်သွားအံ့”—

ဟု ထိုရဟန်းတို့ကို ရှိခိုးပြီးလျှင် ရဟန်း အသွင်ကို ယူသော ခိုးသူငါးရာတို့နှင့် တကွ ကြွတော်မူလေ၏။

[သံကိစ္စ သာမဏေကား ခိုးသူငါးရာတို့ကို ရဟန်း သာမဏေစင်စစ် မပြုဦးဘဲ ရဟန်းအသွင်ကိုသာ ယူစေသတည်း၊ ငါးရာနှင့် တယောက် ဖြစ်လျက်လည်း “အနည်းငယ်သော အယုတ်အလွန်သည် အရေအတွက်သို့ မဝင်” ဟူသော ပရိဘာသာ စကားနှင့် အညီ တယောက် အလွန်ကို အရေအတွက် မသွင်းဘဲ ငါးရာသာ ဟူလေသတည်း။]

မြတ်စွာဘုရား အထံတော်သို့ မဝင်မီ ဥပဇ္ဈာယ်ဖြစ်သော အရှင် သာရိပုတ္တရာ အထံသို့ ရှေးဦးစွာသွားလေ၏၊ အရှင် သာရိပုတ္တရာလည်း အခြံအရံငါးရာနှင့် တကွ လာသော သံကိစ္စသာမဏေကို မြင်၍ “သံကိစ္စ····အသို့နည်း၊ တပည့်များကို သင်ရခဲ့သလော”ဟု မေးတော်မူသော် “ဩ-အရှင်ဘုရား····ရခဲ့ပါသည်”ဟု ယခင်အထက်က အကြောင်းမျိုးကို စေ့စုံစွာလျှောက်၍ “မြတ်စွာဘုရား အထံတော်သို့သွားလေ၊မြတ်စွာဘုရားကို ဖူးမြင်ချေ” ဟု အရှင် သာရိပုတ္တရာ စေတော်မူသဖြင့် “ကောင်းပါပြီ”ဟု အရှင် သာရိပုတ္တရာကို ရှိခိုးပြီးမှ ရဟန်းအသွင်ကို ယူသော ခိုးသူငါးရာနှင့် တကွ မြတ်စွာဘုရား အထံတော်သို့ သွားလေ၏။

---

## အနုသန္ဓေစပ်တရားတော်

မြတ်စွာ ဘုရားလည်း “သံကိစ္စ····အသို့နည်း၊ တပည့်များကို သင်ရခဲ့သလော” ဟု မေးတော်မူ၏၊ သံကိစ္စသာမ-

ဏေလည်း အထက်က အကြောင်းမျိုးကို စေ့စုံစွာလျှောက်၏၊ မြတ်စွာဘုရားလည်း ရဟန်းအသွင် ယူသော ခိုးသူငါးရာတို့ကို "ချစ်သားတို့····သံကိစ္စလျှောက်သော အတိုင်းမှန်ပေသလော"ဟု မေးတော်မူ၏၊ "ဩ-အရှင်ဘုရား····မှန်ပေ၏" ဟု လျှောက်ကုန်သော် "ချစ်သားတို့····ရှေးကသင်တို့ ခိုးမှုပြု၍ သီလမရှိသော အဖြစ်၌ တည်ကုန်လျက် အနှစ်တရာပင် အသက်ရှည် သောထက် ယခုသီလ၌ တည်ကုန်လျက် တနေ့တရက်မျှပင် အသက်ရှည် ခြင်းသာလျှင် မြတ်၏" ဟု မိန့်တော်မူပြီးမှ အနုသန္ဓေစပ်၍ တရားဟောတော် မူလိုသော ကြောင့်—

ယော စ ဝဿသတံ ဇီဝေ၊
ဒုဿီလော အသမာဟိတော။
ဧကာဟံ ဇီဝိတံ သေယျော၊
သီလဝန္တဿ ဈာယိနော။ ။

ဟူသော ဂါထာကို ရွတ်တော်မူ၏။

**အနက်။** ။အသမာဟိတော၊ ဈာန်နှစ်ပါးဖြင့် မတည်ကြည်သော။ ဒုဿီလော၊ သီလမရှိသော။ ယော၊ အကြင်သူသည်ကား။ ဝဿသတံ၊ အနှစ်တရာ ပတ်လုံး။ ဇီဝေ-ဇီဝေယျ၊ အသက်ရှည်ရာ၏။ တဿ၊ ထိုသူ၏။ ဝဿသတံ၊ အနှစ်တရာပတ်လုံး။ ဇီဝနတော၊ အသက်ရှည်ခြင်းထက်။ ဈာယိနော၊ ဈာန်နှစ်ပါးဖြင့် တည်ကြည်သော။ သီလဝန္တဿ၊ သီလရှိသောသူ၏။ ဧကာဟံ၊ တနေ့တရက်မျှ။ ဇီဝိတံ၊ အသက်ရှည်ခြင်းသည်။ သေယျော၊ မြတ်၏။

ဤဂါထာ၌ အဓိပ္ပါယ်ကား- ဈာန်နှစ်ပါးဖြင့် မတည်ကြည်သော သီလမရှိသော အကြင်သူသည်ကား အနှစ်တရာ

ပတ်လုံး အသက်ရှည်ရာ၏၊ ထိုမတည်ကြည်သော သီလမရှိသောသူ၏ အနှစ်တရာပတ်လုံး အသက်ရှည်ခြင်းထက် ဈာန်နှစ်ပါးဖြင့် တည်ကြည်သော သီလရှိသောသူ၏ တရက်မျှ အသက် ရှည်ခြင်းသာလျှင်မြတ်၏ ဟူလိုသည်။

[ဈာန်နှစ်ပါးသည်ကား အရမ္မဏူပနိဇ္ဈာန်, လက္ခဏူပနိဇ္ဈာန်အားဖြင့် နှစ်ပါးသာတည်း၊ ထိုနှစ်ပါးတို့တွင် ရူပါဝစရ,အရူပါဝစရဈာန်ဟူသော သမာပတ် ရှစ်ပါးသည် အာရမ္မဏူပနိဇ္ဈာန် မည်၏၊ အနိစ္စ, ဒုက္ခ အစရှိသည်ဖြင့် ရှုသော ဝိပဿနာ, မဂ်, ဖိုလ်သည် လက္ခဏူပနိဇ္ဈာန် မည်၏။

ဤသို့ ဓမ္မဒေသနာပြုတော်မူသောအဆုံး၌ ထိုခိုးသူငါးရာတို့သည် ပဋိသမ္ဘိဒါ လေးပါးနှင့် တကွ ရဟန္တာ အဖြစ်သို့ ရောက်လေကုန်၏၊ စည်းဝေးလာသော တရားနာ ပရိသတ်များအားလည်း အကျွတ်တတန်သောတာပန်ဖြစ်ခြင်း စသဖြင့် ဓမ္မဒေသနာတော် အကျိုးများစွာ ရှိသလျှင်ကတည်း။

ဤကား ဤအရာ၌လိုရင်းဖြစ်သော သံကိစ္စ
သာမဏေ၏ ဝတ္ထုတည်း။

---

## အဓိမုတ္တက သာမဏေ အကြောင်း

ထိုနောက်ကာလ၌ အရှင်သံကိစ္စသည်ရဟန်းပဉ္စင်းအဖြစ်ကိုရ၍၊ဆယ်ဝါမြောက်လတ်သော် အလုပ်အကျွေးသာမဏေကို ယူ၏၊ ထို သာမဏေကား အရှင်သံကိစ္စ၏ တူတော်ဖြစ်သော အဓိမုတ္တကသာမဏေ မည်သတည်း၊ အရှင် သံကိစ္စလည်း အသက် နှစ်ဆယ် ပြည့်သောအခါ အဓိမုတ္တက သာမဏေကိုခေါ်၍“သင့်အားပဉ္စင်းအဖြစ်ကိုပြုအံ့၊ မိဘဆွေမျိုး

တို့ အထံသို့ သွားချေ၊ အသက်နှစ်ဆယ် အတိုင်းအရှည်ကို မေး၍လာခဲ့''ဟု လွှတ်လိုက်၏။

အဓိမုတ္တက သာမဏေလည်း မိဘဆွေမျိုးတို့ အထံသို့ သွားလေသော် ခရီးအကြား၌ ခိုးသူငါးရာတို့ဘမ်း၍ ဗာလိ နတ်စာ ပသခြင်းငှါ ဆောင်လေလျှင် ခိုးသူ ငါးရာတို့အား တရားဟော၍ ကြည်ညိုသောစိတ်ရှိသဖြင့် လွှတ်လိုက်၏၊ ''ဤ အရပ်၌ ငါတို့ရှိသောအဖြစ်ကို တစုံတယောက်သောသူအား မကြားအပ်ဆိုလျှင် မကြားပါ''ဟူ၍လည်း သစ္စာမူလေ၏။

ထိုသို့ ခိုးသူတို့အား ချိန်းချက်သောသစ္စာကို စောင့်သဖြင့် မိဘတို့ ခရီးခင်ဆိုင် လာသည်ကိုမြင်လျက် ထိုခရီးသို့ သွားကုန်သော မိဘတို့ အားပင်လည်း ခိုးသူရှိသော အဖြစ်ကို မကြားလေ၊ ခိုးသူတို့လည်း အဓိမုတ္တကသာမဏေ၏ မိဘတို့ ကို ဘမ်း၍ ညှဉ်းဆဲကုန်၏၊ မိဘတို့လည်း ''ခိုးသူရှိသော အ ဖြစ်ကို ငါတို့အား သင်မကြားသည်ကား ခိုးသူနှင့်အတူ အ ပေါင်းအဘော် ဖြစ်ယောင် ကကား''ဟုဆို၍ငိုကြွေးကြကုန်၏၊ ထိုသို့ ငိုကြွေးသံကိုခိုးသူတို့ကြားလျှင် ''ဤသာမဏေကား မိဘ တို့အားပင် ခိုးသူရှိသောအဖြစ်ကို မကြားဘဲ သစ္စာ စောင့် နိုင်ပလေ၏'' ဟု အဓိမုတ္တက သာမဏေ၌ ကြည်ညိုကုန်၍ ရဟန်းအဖြစ်ကို တောင်းပန်ကုန်၏။

အဓိမုတ္တကသာမဏေလည်း အထက်ဆိုခဲ့ပြီးသော သံကိစ္စ သာမဏေကဲ့သို့ ခိုးသူငါးရာ တို့ကို ရဟန်းအသွင် ယူစေ၍ ဥပဇ္ဈာယ်ဖြစ်သော ဦးရီးတော် အရှင်သံကိစ္စ၏ အထံသို့ ဆောင်ခဲ့၏၊ အရှင်သံကိစ္စလည်း အဓိမုတ္တက သာမဏေကို မြတ်စွာဘုရား အထံတော်သို့ စေလိုက်၏၊ အဓိမုတ္တက သာ

မဏေလည်း မြတ်စွာဘုရား အထံတော်သို့သွား၍ အလုံးစုံသော အကြောင်းမျိုးကို စေ့စုံစွာလျှောက်၏။

မြတ်စွာဘုရားလည်း "ချစ်သားတို့.... အဓိမုတ္တက သာမဏေ လျှောက်သောအတိုင်း မှန်ပေသလော"ဟု ခိုးသူငါးရာတို့ကို မေး၍ "ဩ-အရှင်ဘုရား....မှန်ပေ၏"ဟု လျှောက်ကုန်သော် ရှေးသံကိစ္စ သာမဏေ၏ဝတ္ထု၌က ဆိုခဲ့ပြီးသော နည်းဖြင့်သာလျှင် အနုသန္ဓေစပ်၍ ဟောတော်မူလိုရကား "ယောစ ဝဿသတံဇီဝေ" အစရှိသော ဃာထာကိုပင် တဘန်ရွတ်တော်မူပြန်၏၊ ထိုဓမ္မဒေသနာကိုကြားနာရ၍ ထိုခိုးသူငါးရာတို့လည်း ပဋိသမ္ဘိဒါ လေးပါးနှင့်တကွ ရဟန္တာ အဖြစ်သို့ရောက်လေကုန်၏ ဟူသော အနက်အဓိပ္ပါယ်ကို ယခင်ရှေးနည်း သိအပ်၏။

[ဤကား အစပ်အလျဉ်း သင့်သဖြင့် တချက်တည်းသော အဓိမုတ္တကသာမဏေ၏ ဝတ္ထုတည်း။]

ဤတွင်ရွေကား သံကိစ္စ သာမဏေကျော်၏ ကျေးဇူး ဝတ္ထု အစွမ်းပွဲတ္တိပြီး၏။

# ၄ – သုမနသာမဏေဝတ္ထု

## အတိတ်အကြောင်း

သုမနသာမဏေ၏ ဂုဏ်ကျေးဇူး ဝတ္ထုအဋ္ဌုပ္ပတ္တိကား ဤသို့တည်း၊ ဤဘဒ္ဒ ကမ္ဘာမှ ပြန်၍ရေသော် တမ္ဘာ တသိန်းထက်၌ ခြေဘဝါးတော် နင်းတိုင်းချတိုင်း အချပ်တရာ ပဒုမာကြာပေါက်၍ခံသော ဂုဏ်ကျေးဇူးအထူးကြောင့်ပဒုမုတ္တရမည်တော်မူသော မြတ်စွာဘုရားသည် လူသုံးပါးတို့စီးပွါးချမ်းသာအကျိုးငှါ ပွင့်တော်မူ၏၊ ထိုအခါ ဟံသာဝတီပြည်၌ တယောက်သောအမျိုးကောင်းသားသည် ပရိသတ်လေးပါးအလယ်၌ ရဟန်းတဦးကို "ဒိဗ္ဗစက္ခုတေဒဂ်အရာ" ထားသည်ကိုမြင်လေ၍ ထိုဒိဗ္ဗစက္ခုတေဒဂ်အရာကို တောင့်တလျက် ပဒုမုတ္တရမြတ်စွာဘုရားကိုပင့်ဘိတ်ပြီးသော် ခုနစ်ရက်ပတ်လုံး ဘုရားအမှူးရှိသော သံဃာတော်အား အလှူကြီးကိုပေးပြီးသောအဆုံး၌–

> "အရှင်ဘုရား····နောင်အခါ တဆူသောဘုရား၏သာသနာတော်တွင်း၌ ဒိဗ္ဗစက္ခုရသော ရဟန်းတို့တွင် မြတ်သော ဒိဗ္ဗစက္ခုတေဒဂ်အရာကို ရပါလိုသော"–

ဟု ပတ္တနာပြုလေ၏။

ပဒုမုတ္တရမြတ်စွာဘုရားလည်း ရှေ့သို့မြော်၍ ကမ္ဘာတသိန်းတိုင်အောင် အနာဂတ်ကိုကြည့်ရှုတော်မူသော် ထိုအမျိုးကောင်းသားအား တောင်းသော ဆုပြည့်လတ္တံ့သော အဖြစ်ကိုမြင်တော်၍–

"ဤကမ္ဘာမှသည်ကမ္ဘာတသိန်းထက်၌ အန္ဓယ်
တော်အားဖြင့်ဂေါတမမည်တော်မူသောဘုရားသည်
လူသုံးပါးတို့၏ စီးပွါးချမ်းသာများစိမ့်သော်ငှါ ပွင့်
လတ္တံ့၊ ထိုဂေါတမဘုရား သာသနာတော်တွင်း၌
သင်သည် ဒိဗ္ဗစက္ခုတေဒဂ်အရာရသော အနုရုဒ္ဓါ
မည်သည်ဖြစ်လတ္တံ့"—
ဟု ဗျာဒိတ်ပေးတော်မူ၏။

ထိုအမျိုးကောင်းသားလည်း ထိုဗျာဒိတ်စကားကိုကြား၍ ယနေ့နက်ဖြန်ပင် ဒိဗ္ဗစက္ခုဧတဒဂ်အရာသို့ရောက်အံ့သကဲ့သို့ ထင်လျက် ဝမ်းမြောက်ဝမ်းသာ ဖြစ်လေသတည်း၊ ထိုအမျိုးကောင်းသားတသန္တာန် ထင်ရှားရှိစဉ်ပင်လျှင် ပဒုမုတ္တရမြတ်စွာဘုရား ပရိနိဗ္ဗာန်လွန်တော်မူသော် ဗဟုဿုတရှိသော ရဟန်းတို့အားဒိဗ္ဗစက္ခုရအံ့သော အကြောင်းဖြစ်သော ကံအထူးကိုမေး၍ "ဒါနဝတ္ထုဆယ်ပါးတွင် ဆီမီးဟူသော ပဒီပဒါနသည်ဒိဗ္ဗစက္ခုရအံ့သောအကြောင်းဖြစ်သော ကံအထူးတည်း"ဟုပြောဆိုကုန်သဖြင့် ခုနစ်ယူဇနာအချင်း, အစောက်မြင့်သောရွှေအတိပြီးသော ပဒုမုတ္တရမြတ်စွာဘုရား၏ ရွှေစေတီကိုထက်ဝန်းကျင်ရံလျက် အထောင်မကသောဆီမီးတိုင်ကိုစိုက်ပြီးလျှင် အကြိမ်များစွာ ဆီမီးအစဉ်ဖြင့် ပူဇော်ခြင်းကို ပြုလေ၏။

ထိုအမျိုးကောင်းသားကား ထိုကိုယ်၏အဖြစ်မှ စုတေလျှင် နတ်ပြည်၌ ဖြစ်လေ၍ နတ်ပြည်ကသည် လူ့ပြည်, လူ့ပြည်ကသည်နတ်ပြည် ကမ္ဘာတသိန်းတိုင်တိုင် စုန်ဆန်လူးလာကျင်လည်သော် ဤဘဒ္ဒကပ်ကမ္ဘာတွင် ကဿပမြတ်

ဇွာဘုရားနှင့် ငါတို့ဂေါတမမြတ်စွာဘုရား၏ အကြားဝယ် ဗာရာဏသီပြည် သူဆင်းရဲအမျိုး၌ဖြစ်လေ၏။

[အဝိဇ္ဇာ, တဏှာဟူသော ဝဋ္ဋမူလမကင်းကြသော သတ္တဝါတို့သည် ကုသိုလ်,အကုသိုလ် ကံနှစ်ပါးအမှီရှိရကား ကောင်းကင်သို့ပစ်လိုက်သော လှင်ကန်သည် အရင်း,အဖျား ပြောင်းပြီး ပြောင်းပြန် အကျမမှန် ရှိလေသကဲ့သို့ ဂတိအလားမမှန်၊ ကောင်း,မကောင်း ဖြစ်ကုန်မြဲတည်း၊ ထိုအမျိုးကောင်းသားလည်း ပဒုမုတ္တရမြတ်စွာဘုရား သာသနာတော်တွင်းက ကောင်းမှုကြီးစွာ ရှိပါလျက်ပင် ထိုအခါ သူဆင်းရဲမျိုး၌ ဖြစ်ပြန်ရသတည်း၊ ဤသို့ သတ္တဝါတို့ဂတိအလားမမြဲသောသဘောကို မပြတ်နှလုံးမူလင့်ကုန်။]

ထိုအခါ ဗာရာဏသီပြည်၌ သုမနမည်သောသူဌေးသည် ရှိသတတ်၊ ထိုသူဆင်းရဲလည်း သုမနသူဌေးကို အမှီပြုလျက်ထိုသူဌေး၏မြက်ရိတ်မြက်ထမ်းဖြစ်၍ အသက်မွေး၏၊ အန္နဘာရဟူသောအမည်ဖြင့်လည်းထင်ရှား၏၊သုမနမည်သော သူဌေးကား ဗာရာဏသီပြည်၌ အခါမပြတ် အလှူကြီးပေးသတည်း၊ ထိုနေ့သ၌ ဥပရိဋ္ဌမည်သော အရှင်ပစ္စေကဗုဒ္ဓါသည် ဂန္ဓမာဒနတောင်၌ နိရောဓသမာပတ် ဝင်စားရာမှထ၍—

"အဘယ်သူအား သင်္ဂြိုဟ် မ စခြင်းကို ယနေ့ ငါ ပြုရအံ့နည်း"ဟု ဆင်ခြင်သဖြင့်"အန္နဘာရမည်သော သူဆင်းရဲအား သင်္ဂြိုဟ် မ စခြင်းကို ယနေ့ငါပြုသော် သင့်၏"ဟုကြံပြီးလျှင် "ယခုအခါ အန္နဘာရသည် တောမှမြက်ထမ်း၍ အိမ်သို့လာလတ္တံ့သတည်း" —

ဟုသိ၍သပိတ်,သင်္ကန်းကိုယူပြီးသော် တန်ခိုးအားဖြင့်ကြွပြီးမှ အန္နဘာရ၏မျက်မှောက် ရှေးရှုရပ်တော်မူလေ၏။

အန္ဓဘာရလည်း ဆွမ်းမရှိ၊ အချည်းစည်းသပိတ်လက်စွဲလျက် ရပ်သောအရှင်ပစ္စေကဗုဒ္ဓါကိုမြင်၍“အရှင်ဘုရား····အသို့နည်း၊ဆွမ်းရပါ၏လော”ဟု မေး၏၊ “ကောင်းမှုကြီးသသူ····မရသေး၊ ရလတ္တံ့”ဟု မိန့်တော်မူသော် “အရှင်ဘုရား····ထိုသို့တပြီးကား အတန်ငယ်ဆိုင်းလင့်တော်မူပါ”ဟု လျှောက်ပြီးမှ မြက်ထမ်းကိုစွန့်၍ရှောင်တခင်အိမ်သို့သွားပြီးလျှင် “အဘယ်အိမ့်ရှင်····ငါ့အဘို့ ထားသော ထမင်းရှိသလော,မရှိသလော”ဟု မယားကိုမေး၏၊ “အရှင်····ရှိ၏”ဟုဆိုသော် ရှောင်တခင်ပြန်သွားလေ၍ အရှင်ပစ္စေကဗုဒ္ဓါ၏သပိတ်ကိုယူပြီးမှ၍သို့ကြံ၏၊“ငါ့အားတပါးသောအခါအလှူကိုအလိုရှိပါသော်လည်း လှူစရာဝတ္ထုမရှိခဲ့၊ လှူစရာဝတ္ထုရှိပါသော်လည်း အလှူခံပုဂ္ဂိုလ်မရှိခဲ့၊ ယနေ့တမူကား—

(၁) လှူလိုသော စေတနာလည်းရှိ၏။
(၂) လှူစရာဝတ္ထုလည်းရှိ၏။
(၃) အလှူခံပုဂ္ဂိုလ်လည်းရှိ၏။

ဤသို့ အင်္ဂါသုံးပါးစုံလင်သောအဖြစ်ကို ငါရတော်လေစွတကား”ဟုကြံပြီးသော် အိမ်သို့တဘန်ပြန်၍ ကိုယ်စားရာဘို့ထမင်းကို သပိတ်၌ထည့်ပြီးလျှင် တဘန်ဆောင်ပြန်၍ အရှင်ပစ္စေကဗုဒ္ဓါ၏လက်တော်၌တည်စေ၍ “အရှင်ဘုရား····ဤသို့သဘောရှိသော ငြိုငြင်စွာအသက်မွေးရသော ဆင်းရဲမှ လွတ်ရလို၏၊မရှိဟူသောစကားကို မကြားရလို”ဟူ၍လည်းပတ္ထနာပြုလေ၏၊ အရှင်ပစ္စေကဗုဒ္ဓလည်း “ကောင်းမှုကြီးသသူ····သင်ပတ္ထနာပြုတိုင်းဖြစ်စေ”ဟု မိန့်တော်မူ၍ “ဣစ္ဆိတံ ပတ္ထိတံ”အစရှိသော ပစ္စေကဗုဒ္ဓါတို့အနုမောဒနာပြုမြဲ နှစ်ဂါထာဖြင့် အနုမောဒနာပြုပြီးမှ ဖဲတော်မူလေ၏။

ထိုအခါ သုမနသူငယ်၏ ထီးချက်စောင့်နတ်သည်"အရှင်ဥပရိဋ္ဌ၌ ကောင်းစွာလှူအပ်သော အလှူကား အံ့ဘွယ်အလှူတည်း၊ လွန်မြတ်သော အလှူတည်း"ဟုဆို၍ သုံးကြိမ်တိုင်အောင် ကောင်းချီးပေးလေ၏၊ သုမနသူငယ်လည်း ထီးချက်စောင့်နတ် ကောင်းချီးပေးသောအသံကို ကြားလျှင် "အသို့နည်း၊ဤမျှလောက်သောကာလပတ်လုံး ငါအလှူပေးသည်ကို မမြင်ပါသလော,မချီးမွမ်းပါသလော"ဟုဆို၏။

[ထိုသို့ဆိုသည့်အလိုကား သို့စင်ကာလရှည်လျားစွာ ငါအလှူပေးပါလျက် ယခုမှမြင်ကောင်းသလော,ချီးမွမ်းကောင်းသလော ဟုလိုသတည်း။]

ထီးချက်စောင့်နတ်လည်း"သင်ပေးသမျှအလှူကို ရည်၍ ငါကောင်းချီးပေးသည် မဟုတ်တကား၊ အရှင် ဥပရိဋ္ဌအား အန္နဘာရဆွမ်းလှူသောအလှူကိုသာရည်၍ ငါကောင်းချီးပေးသည်"ဟုဆို၏၊ ထိုသို့ ထီးချက်စောင့်နတ်ဆိုအပ်သောစကားကို သုမနသူငယ်ကြား၍ "ဩ-အချင်းတို့····အံ့ဘွယ်ရှိစွတကား၊ ဤမျှလောက်သောကာလပတ်လုံး ငါအလှူပေးပါသော်လည်း နတ်တို့ကို ကောင်းချီးပေးစိမ့်သောငှါ မတတ်နိုင်ခဲ့၊ ငါ့ကိုမှီ၍ အသက်မွေးသော အန္နဘာရမှုကား တကြိမ်အလှူပေးကာမျှဖြင့်လည်း နတ်တို့ကိုကောင်းချီးပေးစေနိုင်လေ၏"ဟုဆိုပြီးမှ "အန္နဘာရ၏အလှူ၌ အထိုက်အလိုက်ပြု၍အန္နဘာရလှူသော ဆွမ်းကိုငါ့ဥစ္စာပြုအံ့"ဟုကြံပြီးသော်အန္နဘာရကိုခေါ်စေ၍—

"သင်ကား ယနေ့တစုံတယောက်သောသူအား တစုံတခုကိုပေးသလော, မပေးသလော"ဟုမေး၏၊"ဩ-အရှင်····ဥပရိဋ္ဌအရှင်ပစ္စေကဗုဒ္ဓါအား အကျွန်ုပ်စားဘို့ထမင်းကိုပေး၏" ဟုဆိုလျှင် "အချင်းအန္နဘာရ····တသပြာကို သင်ယခုယူ၍

လှူသောဆွမ်းကို ငါ့အားပေးလော့၊ ငါ့ဥစ္စာဖြစ်ပါစေ''ဟုဆို၏၊ အန္ဓဘာရလည်း သူဌေးဆိုတိုင်းမပေးလေ၊သူဌေးလည်း တသပြာကိုအစမှု၍ အသပြာတထောင်တိုင်အောင် တက်စေလျက် တောင်း၏၊ အန္ဓဘာရလည်း အသပြာတထောင်ဖြင့် မပေးလေ။

သူဌေးလည်း ထိုသို့အပိုင်တောင်း၍ မရသော် ''အချင်းအန္ဓဘာရ....အပိုင်မပေးသည်ပင် ဖြစ်တော့၊ အသပြာ တထောင်ကိုယူ၍ အလှူအဘို့ကိုပင် ပေးပါလော့''ဟု ဆိုပြန်၏၊ အန္ဓဘာရလည်း''ထိုသို့တပြီးကား အကျွန်ုပ်၏အရှင်နှင့်တိုင်ပင်၍ ပေးသင့်,မပေးသင့်ကိုသိရအံ့''ဟု ရှောင်တခင် အရှင်ပစ္စေကဗုဒ္ဓါကို မှီအောင်လိုက်လေ၍ ''အရှင်ဘုရား....သုမနသူဌေးသည် အသပြာတထောင်ပေး၍ အရှင်ဘုရားတို့အားလှူသောအလှူအဘို့ကို တောင်းခဲ့သည်တကား၊ အဘယ်သို့ပြုရအံ့နည်း''ဟု လျှောက်၏။

ထိုရောအခါ အရှင်ပစ္စေကဗုဒ္ဓါလည်း အန္ဓဘာရအား ဤသို့သောဥပမာကို ဆောင်တော်မူ၏။

> ''အိုပညာရှိသသူ....ဥပမာ ဆိုဦးအံ့၊ အမျိုးအိမ်ခြေတရာရှိသောရွာတွင် တခုသောအိမ်၌ ဆီမီးထွန်းလေရာ၏၊ ကြွင်းသောအိမ်တို့ကား မိမိတို့ဆီဖြင့် ဆီမီးစာကို ဆွတ်ကုန်ပြီးသော် ထိုအိမ်သို့လာ၍ ထိုဆီမီး၌မိမိတို့ဆီမီးစာကို အလျှံစွဲစေငြိစေ၍ ယူလေကုန်ရာ၏၊ ထိုသို့ယူလေကုန်သော် ရှေးဦးစွာဆီမီး၏ အရောင်အလျှံသည် ရှိကောင်းတုံအံ့လော, မရှိကောင်းပြီလော၊ အဘယ်သို့ဆိုသင့်သနည်း''—

ဟု ဥပမာဖြင့်မေးတော်မူ၏၊ အန္ဓဘာရလည်း—

"အရှင်ဘုရား.... ရှေးဦးစွာ ဆိမ်း၏အရောင် အလျှံသည် အတိုင်းထက်အလွန်သာနိုကောင်း တုံ၏၊ မရှိရာသည်မဟုတ်၊ ဤသို့ဆိုသင့်ပါ၏"—

ဟု လျှောက်လျှင်—

"အို-ပညာရှိသူ....ဤအတူလည်းကောင်းလျှင် ယာဂု, ထမင်း, ဟင်းချို, ဆွမ်းတယောက်မပင်ဖြစ်စေ မိမိအလှူကအဘို့ကို သူတပါးတို့အား ပေးဝေသော် အကြင်မျှလောက်သောသူတို့အား ပေးဝေ၏၊ ထိုမျှလောက်သောသူ အရေအတွက် အတိုင်းလျှင် ပွါးလေသတည်း၊ ထို့ကြောင့် သင်လှူသော တပါးတည်းသော ဆွမ်းအလှူသည်လည်း သူဌေးအားအဘို့ဝေသော် နှစ်ပါးသောဆွမ်းအလှူပွါးရာ၏၊ နှစ်ပါးသောအလှူဟူသည်ကား လက်ဦးဆွမ်းအလှူကိုစွဲမှတ်၍ အဘို့ပေးဝေသောသင့်အား ပတ္တိဒါန ကုသိုလ်လည်းတပါး, ပေးဝေသောအဘို့ကို ဝမ်းမြောက်ဝမ်းသာ သာဓုနုမော်ခေါ်သောသူဌေးအား ပတ္တာနုမောဒနကုသိုလ်လည်းတပါးတည်း"—

ဟု ဤသို့ ပတ္တိဒါန, ပတ္တာနုမောဒန ကုသိုလ်နှစ်ပါးကိုလည်း မူလရင်းလက်ဦး ဆွမ်းအလှူကိုစွဲ၍ ကာရဏူပစာအားဖြင့် ဆွမ်းအလှူဟု အရှင်ပစ္စေကဗုဒ္ဓါဟောတော်မူလေသတည်း။

[အမိပ္ပါယ်စကားကျကား ဒိန်ပြုသောဒါန အစရှိသောကုသိုလ်ကိုသူတပါးတို့အားအဘို့ပေးဝေသော်မိမိအားလည်း ပတ္တိဒါနကုသိုလ်ပွါး၏၊သူတပါးအားလည်း ပတ္တာနုမောဒနကုသိုလ်ပွါး၏၊သာဓုနုမော် ခေါ်သသူ

အရေအတွက် များတိုင်းလျှင် ပွားများသည် ဟုလို သတည်း။]

အန္ဒဘာရလည်း အရှင်ပစ္စေကဗုဒ္ဓါ ဥပမာဆောင်၍ ဟောတော်မူသော တရားစကားကို ကြားလျှင် "အရှင်ဘုရား....ကောင်းပါပြီ"ဟု လျှောက်၍ အရှင်ပစ္စေကဗုဒ္ဓါကို ရှိခိုးပြီးမှ သုမနသူဌေး၏ အထံသို့သွားပြီးသော် "အရှင်.... အလှူအဘို့ကိုယူလော့"ဟု ဆို၏၊ "ထိုသို့တပြီးကား ဤ အသပြာ တထောင်ကို သင်ယူပါ" ဟု ဆိုသော် ဆွမ်းကို အကျွန်ုပ်မရောင်း၊အသပြာကိုအကျွန်ုပ်မယူ၊ သဒ္ဓါသဖြင့်သာ အရှင့်အား အလှူအဘို့ကိုပေးပါအံ့"ဟုဆို၏။

သုမနသူဌေးလည်း "ငါ့ကိုသဒ္ဓါသဖြင့် အလှူအဘို့ပေး တပြီးကား ငါလည်း သဒ္ဓါသဖြင့်အမောင့် ဂုဏ်ကျေးဇူးကို ပူဇော်ပါအံ့၊ ဤအသပြာတထောင်ကိုယူလော့၊ ဤနေ့မှစ၍ လည်းအမောင့်လက်ဖြင့် အမှုမလုပ်နှင့်၊ ခရီးမဲ့လည်းအိမ် ဆောက်၍နေလေ၊အကြင်ဥစ္စာဖြင့်အမောင်အလိုရှိ၏၊ ထိုဥစ္စာ အားလုံးကို ငါ့ထံမှာယူလှည့်"ဟုဆို၏။

နိရောဓသမာပတ်မှထဦးဖြစ်သော အရှင်ပစ္စေကဗုဒ္ဓါ အား လှူသောအလှူသည် အင်္ဂါလေးပါးနှင့် ပြည့်စုံသော် လှူသနေ့ပင်လျှင် အကျိုးပေးမြဲတည်း၊ထို့ကြောင့်ဟံသာဝတီ ပြည်ကိုအစိုးရသော ပြည့်ရှင်မင်းသည်လည်း ထိုအကြောင်း ကိုကြားသဖြင့် အန္ဒဘာရကိုခေါ်စေပြီးသော် အလှူအဘို့ကိုယူ ပြီးမှ ကြီးစွာသော စည်းစိမ်ကိုပေး၍ သူဌေးအရာကို ဆောက်နှင်းလေ၍ အန္ဒဘာရသူဌေးဟု ထင်ရှားစွာဖြစ်သ တည်း၊ အန္ဒဘာရသူဌေးလည်း သုမနသူဌေးနှင့် အပေါင်း

အဘော်ဖြစ်လျက် အသက်ထက်ဆုံး ကုသိုလ်ကောင်းမှုများ စွာပြုလေ၏။

ဤကား အရှင်အနုရုဒ္ဓါအလောင်းဖြစ်သော အန္နဘာရ သူဌေးနှင့် သုမနသာမဏေအလောင်းဖြစ်သောသုမန သူဌေးတို့၏ အကြောင်းအရာကို ဆိုသော အတိတ်ဝတ္ထုတည်း။

## အရှင်အနုရုဒ္ဓါ၏ ပစ္စုပ္ပန်အကြောင်း

ထိုအန္နဘာရသူဌေး, သုမနသူဌေးနှစ်ဦးတို့တွင် ၎င်းအန္န ဘာရသူဌေးသည် ထိုကိုယ်အဖြစ်မှ စုတေသော အဆုံး၌ နတ်ပြည်မှာဖြစ်လေ၍ နတ်ဖြစ်တုံ, လူဖြစ်တုံ လူးလာစုန် ဆန် ကျင်လည်ဘန် များလတ်သော် ဤငါတို့ဘုရားပွင့်တော် မူသောအခါ ကပိလဝတ် ပြည်တွင် သုဒ္ဓေါဒန မင်းကြီးညီ တော်, ဘုရားရှင် ဘထွေးတော် သက္ကောဒန သာကီဝင် မင်း၏ အိမ်၌ ပဋိသန္ဓေ ယူလာ၏၊ အမည်မှည့် သနေ့၌ အနုရုဒ္ဓါဟူသောအမည်ကို မှည့်စေကုန်၏။

အနုရုဒ္ဓါ မင်းသားကား သီဟဟနု မင်းကြီး၏ သား တော် သုဒ္ဓေါဒန မင်းကြီး၏ တယောက်ခြား ညီတော် ဘုရားရှင် ဘထွေးတော်ဖြစ်သော သက္ကောဒန သာကီဝင် မင်း၏ သားတော်, မဟာနာမ သာကီဝင်မင်း၏ ညီတော် အရင်းတည်း၊ အလွန်လျှင် သိမ်မွေ့နူးညံ့၏၊ ဘုန်းကံကြီး စွာဖြစ်၏။

[''အင်္ဂုတ္တရ, မူလပဏ္ဏာသ, ဓမ္မပဒစသော အဘွင့် ကျမ်းများတွင် ''အရှင်အနုရုဒ္ဓါ, မဟာနာမတို့ကို အချို့စာ၌ အမိတောဒန သာကီဝင် မင်း၏သား၊ အချို့ စာ၌ ဓောတောဒန သာကီဝင် မင်း၏သား၊ အချို့စာ ၌ သက္ကောဒန သာကီဝင် မင်း၏သား'' ဟူ၍ အထွေ

ထွေ အထူးထူး မညီမညွတ်ရှိ၏၊ ဝတ္ထုနိဒါန်း များ၌လည်း မိမိတွေ့မြင်သည့် အတိုင်းသာ ရေးသား ကြ၏၊ ''အရှင် အာနန္ဒာကို ''အမိတောဒန သာကီဝင်မင်း၏သား'' ဟူ၍ အသီးအခြား ဆိုသော ကြောင့်ရင်း, ဓောတောဒန သာကီဝင်မင်းအား သားရှိသောအဖြစ်ကို စူဠဒုက္ခက္ခန္ဓသုတ် အဘွင့်၌ မလာသော ကြောင့်ရင်း ''အရှင် အနုရုဒ္ဓါ, မဟာနာမတို့ကို သက္ကောဒန သာကီဝင်မင်း၏သား''ဟု ရှိသည့်အရာ ရေးသား ကြသည့် အရာသာ အသင့်တည်း။]

အနုရုဒ္ဓါ မင်းသား၏ ဘုန်းတန်းခိုး ကြီးသောအဖြစ်ကို ဆိုဦးအံ့၊ တနေ့သ၌ အနုရုဒ္ဓါ မင်းသားနှင့်တကွ မင်းသား ခြောက်ယောက်တို့သည် မုံ့လောင်းတမ်း ထား၍ ဂုံညင်း, မုရည်းကစားကြကုန်သော် အနုရုဒ္ဓါမင်းသား ရှုံးလေရကား မုံ့အလို့ငှါ မယ်တော်အထံသို့ စေလိုက်၏၊ မယ်တော်လည်း ကြီးစွာသော ရွှေခွက်ကို မုံ့တို့ဖြင့်ပြည့်စေ၍ သလိုက်၏၊ မုံ့တို့ကို စားပြီးမှ တဘန်ကစားကြပြန်သော် အနုရုဒ္ဓါ မင်းသားပင် ရှုံးပြန်လေရကား ယခင်ကနည်း မုံ့အလို့ငှါ မယ်တော်ထံသို့ စေလိုက်ပြန်၏၊ မယ်တော်သည် ကြီးစွာသော ရွှေခွက်ကို မုံ့တို့ဖြင့် ပြည့်စေ၍ သလိုက်ပြန်၏။

ဤနည်းနှင်နှင် သုံးကြိမ်တိုင်အောင် မုံ့တို့ကို ဆောင်လေပြီးသော် လေးကြိမ်မြောက်၌ ''ယခု မုံ့မရှိပြီ'' ဟုမယ်တော်ကစေလိုက်၏၊ အနုရုဒ္ဓါမင်းသားလည်း ''မုံ့မရှိပြီ''ဟု မယ်တော်က စေလိုက်သော စကားကိုကြားလျှင် ''မရှိ''ဟူသော စကားခွန်းကိုပင် မကြားစဘူး သောကြောင့် မရှိ-ဟူသည်ကား မရှိမုံ့ မည်သည် ဖြစ်လတ္တံ့''ဟု အမှတ်ပြု၍ ''သွားချေ၊ မရှိမုံ့ကိုပင် ဆောင်ခဲ့''ဟု စေလိုက်ပြန်၏။

"မရှိမုံ့ကိုပင် ပေးလိုက်ပါ"ဟု စေသောအကြောင်းကို မယ်တော် ကြားလေသော် "ငါ့သားကား မရှိ-ဟူသော စကားခွန်းကိုမျှ မကြားဘူးလေ၊ အသို့လျှင် မရှိသောအဖြစ်ကို သိပါစေရအံ့နည်း"ဟု အကြံပြုပြီးလျှင် ရွှေခွက်တခုကို ဆေးကြော၍ ရွှေခွက်တခုဖြင့် အုပ်ပြီးမှ "ဤရွှေခွက်ကိုယူ၍ ငါ့သားအား ပေးလေ"ဟု သလိုက်၏။

["မရှိ—ဟူသောစကားကို မကြားဘူးရကား မရှိ—ဆို၍ နားမလည်ရာချေ"ဟု နှလုံးပြုလျက် နားလည်စိမ့်သောငှါ ဤသို့ကြံ၍ ပေးလိုက်သတည်း။]

ထိုခဏ၌ မြို့စောင့် နတ်တို့သည် ထိုသို့ အချည်းစည်းသော ရွှေခွက်ကိုသာ သလိုက်သော အဖြစ်ကို သိကုန်၍—

"ငါတို့အရှင် အနုရုဒ္ဓါ မင်းသားကား ရှေးဘဝက အန္နဘာရ သူဆင်းရဲ ဖြစ်သောအခါ ဉပရိဋ္ဌ အရှင် ပစ္စေကဗုဒ္ဓါအား မိမိစားဘို့ ထမင်းကို လှူပြီးလျှင် မရှိ-ဟူသော စကားခွန်းကိုပင် မကြားရလိုပါဟု ပတ္တနာ ပြုပေသည် တကား၊ အကယ်၍ ထိုအကြောင်းကို သိလျက် ငါတို့လျစ်လျူ နေကုန်အံ့၊ ငါတို့အား ဦးခေါင်း သော်လည်း ခုနစ်စိတ် ခုနစ်ဖြာပင်ကွဲလေရာ၏"—

ဟု ကြံပြီးမှ နတ်၌ဖြစ်သော မုံ့တို့ဖြင့် ရွှေခွက်ကိုပြည့်စေကုန်၏၊ ထိုရွှေခွက်ကို ဆောင်၍ အနုရုဒ္ဓါ မင်းသား အထံ၌ ထားပြီးမှဘွင့်လတ်သော် ထိုမုံ့တို့၏အနံ့သည် ခုနစ်ယူဇနာကျယ်သော ကပိလဝတ်ပြည် အလုံး ကြိုင်နှံ့လေ၏၊ ထိုမုံ့တို့ကို ခံတွင်း၌ ထားကာ မျှဖြင့်လည်း အရသာကိုဆောင်သော ရသာကြော ခုနစ်ထောင် စွေအောင် ပျံ့နှံ့တည်လေ

၏၊ အနုရုဒ္ဓါမင်းသားလည်း "ဤမှရှေ့၌ ငါ့ကိုမယ်တော် မချစ်ယောင်တကား၊ ဤမှတပါးသော အခါ၌ မရှိမုံ့မည်သည်ကို ငါ့မယ်တော် မချက်ဘူးပါလေ"ဟု ကြံပြီးသော် အိမ်သို့သွားလေ၍ "အိုအမိ....ငါ့ကို မိခင်မချစ်တကား" ဟုဆို၏။

"အမောင်....အသို့ဆိုသနည်း၊ ငါ့မျက်စိထက်,ငါ့နှလုံးသားထက်ပင်လည်းချစ်သားကိုလွန်၍ချစ်သေး၏"ဟုဆိုသော် "အကယ်၍မိခင်ဆိုတိုင်းချစ်ဘိမူကား အဘယ့်ကြောင့် ရှေးကဤသို့သောမရှိမုံ့မည်သည်ကို မပေးပါသနည်း"ဟု ဆိုပြန်၏၊ မယ်တော်လည်း အနုရုဒ္ဓါမင်းသားဆိုသော စကားကိုကြားလျှင်စေလိုက်သောအချင်းကိုခေါ်၍"အမောင်....အသို့နည်း၊ ရွှေခွက်၌တစုံတခုရှိသလော"ဟု မေး၏။

"အရှင်မ.... ရွှေခွက်အပြည့်ပင်မုံ့ရှိ၏၊ ဤသို့သော မုံ့တို့ကို အကျွန်ုပ်တို့မမြင်စဘူးပါ"ဟုဆိုသော် မယ်တော်လည်း—

"ငါ့သားကား ပြုခဲ့ဘူးသော ဘုန်းတန်ခိုး ရှိသသူတည်း၊ နတ်တို့သည် ငါ့သားအား နတ်၌ဖြစ်သော မုံ့တို့ကို သကုန်သည် ဖြစ်လတ္တံ့သတည်း"—

ဟုကြံ၏၊ အနုရုဒ္ဓါမင်းသားလည်း ဤသို့သောမုံ့တို့ကို ရှေးရှေးက မစားဘူးပါ၊ ယနေ့မှစ၍မရှိမုံ့ကိုသာချက်ပါ"ဟု ဆို၏၊ မယ်တော်လည်း ထိုနေ့ကစ၍ အနုရုဒ္ဓါမင်းသား မုံ့စားလိုသည်ဆိုသောကာလ ရွှေခွက်တခုကို ဆေးကြောပြီးလျှင် ရွှေခွက်တခုအုပ်၍သာ သလေစေ၏၊ မြို့စောင့်နတ်တို့လည်း နေ့တိုင်းပင် သလိုက်သောရွှေခွက်ကို မုံ့အပြည့်ထည့်ရကုန်၏၊ ဤသို့လျှင် အိမ်ရာထောင်သောလူတို့ဘောင်၌

နေလျက် "နတ္ထိ"ဟူသောပုဒ်၏အနက်"မရှိ"ဟူသောစကား ခွန်း၏အရကိုမျှ မသိမူ၍ နတ်တို့သသော နတ်မုံ့တို့ကိုသာ သုံးဆောင်ရ၏။

[ဤကား အနုရုဒ္ဓါမင်းသား၏ ဘုန်းကံကြီးသော အဖြစ်ကို ဆိုသောစကားတည်း။]

သိဒ္ဓတ်မင်းသား ဖွားဦးစကပင် "စကြာမင်းဖြစ်လည်း ဆွေမျိုးမင်းသားအပေါင်းတို့ဖြင့် ခြံရံစေအံ့၊ ဘုရားဖြစ်လည်း မင်းမျိုးရဟန်းအပေါင်းတို့ဖြင့် ခြံရံစေအံ့"ဟူ၍ မယ်တော် အမျိုးရှစ်သောင်း,ခမည်းတော်အမျိုးရှစ်သောင်း၊ ဤတသိန်း ခြောက်သောင်းသော သာကီဝင်မင်းတို့ ဝန်ခံရင်းရှိသည့် အတိုင်း ဘုရားဖြစ်တော်မူလျှင် အခြံအရံဖြစ်စိမ့်သောငှါ သာကီဝင်မင်းသားတို့ ရဟန်းပြုကုန်လတ်သော် မဟာနာမ သာကီဝင်မင်းလည်း "ငါ့ညီအနုရုဒ္ဓါ....ငါတို့အမျိုးအိမ်က ရဟန်းပြုသသူမရှိသေး၊ သင်မူလည်းရဟန်းပြုလေ၊ ငါမူလည်း ရဟန်းပြုအံ့"ဟူ၍ အနုရုဒ္ဓါကိုဆို၏။

"ငါကားအလွန်နူးညံ့ခဲ့၏၊ရဟန်းပြုခြင်းငှါမတတ်နိုင်ချေ" ဟု အနုရုဒ္ဓါမင်းသားဆိုလျှင်"ထိုသို့တပြီးကား လူတို့အမှုကို ငါ့ညီတတ်အောင်သင်လေ၊ ငါရဟန်းပြုလတ္တံ့"ဟု မဟာ နာမမင်းသားဆိုသော်"လူတို့အမှုမည်သည် အဘယ်နည်း" ဟု မေးပြန်၏၊ ထိုစကားသည်လျှင်အမှန်တည်း၊ အနုရုဒ္ဓါ မင်းသားကား ထမင်းဖြစ်ရာဌာနကိုမျှလည်းမသိလေ၊အဘယ် မှာလျှင် လူတို့အမှုကိုသိလတ္တံ့နည်း၊ထို့ကြောင့်"လူတို့အမှု မည်သည် အဘယ်နည်း"ဟု မေးလေသတည်း။

ထမင်းဖြစ်ရာကိုမျှမသိဟူသော စကားကိုချွဲ၍ ဆိုဦးအံ့၊ တနေ့သ၌ အနုရုဒ္ဓါ,ဘဒ္ဒိယ,ကိမိလ၊ဤမင်းသားသုံးယောက်

တို့ တညီတညွတ်နေထိုင်၍ "ထမင်းမည်သည် အဘယ်က ဖြစ်သနည်း"ဟု ပြောဟောကြကုန်သော်—

(၁) "ထမင်းမည်သည် ကျီကြ၌ဖြစ်၏"ဟု ကိမိလမင်းသားဆို၏၊ အခါတပါး ကျီကြ၌ထည့်သွင်းသည်ကိုမြင်လေ၍ ကျီကြ၌ ထမင်းဖြစ်၏ဟူသော အမှတ်သညာဖြင့်ဤသို့ဆိုလေသတတ်။

(၂) ထိုသို့ကိမိလမင်းသားဆိုသောစကားကိုကြားလျှင် "သင်ကားမသိ"ဟု ပယ်၍ "ထမင်းမည်သည် ထမင်းအိုး၌ဖြစ်၏"ဟု ဘဒ္ဒိယမင်းသား ဆို၏၊ အခါတပါး ထမင်းအိုးက ထမင်းခူးသည်ကို မြင်လေ၍ ထမင်းအိုး၌ ထမင်းဖြစ်၏ဟူသော အမှတ်သညာဖြင့် ဤသို့ဆိုလေသတတ်။

(၃) ထိုသို့ဘဒ္ဒိယမင်းသားဆိုသောစကားကိုကြားလျှင် "သင်တို့နှစ်ယောက်ကား မသိလေ"ဟု ပယ်၍ "ထမင်းမည်သည် အစောက်တစောင် အမြင့်ရှိသောရွှေခွက်ကြီး၌ဖြစ်၏"ဟု အနုရုဒ္ဓါမင်းသား ဆို၏၊ ထိုမင်းသားကား စပါးထောင်းသည်ကိုလည်း မမြင်ဘူးလေ၊ ထမင်းချက်သည်ကိုလည်း မမြင်ဘူးလေ၊ ရွှေခွက်၌ခူး၍ ရှေ့ကထားလာသော ထမင်းကိုသာ မြင်ဘူးလေရကား ရွှေခွက်၌ ထမင်းဖြစ်၏ဟူသော အမှတ်သညာဖြင့် ဤသို့ဆို လေသတတ်။

ဤသို့ ထမင်းဖြစ်ရာဌာနကိုမျှလည်းမသိသော ဘုန်းကံကြီးသော အမျိုးကောင်းသားဖြစ်သော အနုရုဒ္ဓါမင်းသားသည် လူတို့အမှုကိုမသိလေ၍မေးလျှင် "ငါ့ညီအနုရုဒ္ဓါ....

အိမ်ရာထောင်သောလူတို့၏ ဝတ်ဟုဆိုအပ်သော လူတို့အမှုကိုကြားပေအံ့''ဟု မဟာနာမ ဆိုပြီးမှ—

(၁) ရှေးဦးစွာလယ်ယာကိုထွန်စေအပ်၏။
(၂) ထို့နောက်မျိုးကြဲအပ်၏။
(၃) ထို့နောက် ကောင်းစွာစောင့်ရှောက်အပ်၏။
(၄) ထို့နောက်ရေသွင်းအပ်၏။
(၅) ထို့နောက် မှည့်သောအခါ ကျမ်းအပ်၏။
(၆) ထို့နောက် ရိတ်အပ်၏။
(၇) ထို့နောက် နယ်အပ်၏။
(၈) ထို့နောက် နေလှမ်းအပ်၏။
(၉) ထို့နောက် ကျီကြသို့သွင်းအပ်၏။

ဤသို့အစရှိသောနည်းဖြင့် အဆုံးမရှိသော တသက်ပန်လုံးလုပ်ဆောင်အပ်သော လူတို့အမှုကိုကြားလေ၏၊ ထိုသို့အဆုံးမရှိသော လူတို့အမှုကိုကြားလျှင် အနုရုဒ္ဓါမင်းသားလည်း ''အိမ်ရာထောင်သော လူတို့ဘောင်၌နေသဖြင့် အဘယ်မှုစအံ့နည်း၊ ရဟန်းပြုအံ့''ဟု ကြံပြီးမှ မယ်တော်ကိုခွင့်တောင်း၍ ဘဒ္ဒိယ,ကိမိလ, ဘဂု,အာနန္ဒာ, ဒေဝဒတ်ဟူသော သာကီဝင်မင်းသားခြောက်ယောက်၊ ဥပါလိ ဆတ္တာသည်နှင့်သော် ခုနစ်ယောက် အတူတကွထွက်သွားကြပြီးမှ မလ္လတိုင်း အနုပိယနိဂုံး မလ္လာမင်းတို့၏သရက်တော၌ နေတော်မူသော မြတ်စွာဘုရားအထံတော်သို့ကပ်၍ ရဟန်းပြုလေ၏။

ကောင်းသောအကျင့်သမ္မာပဋိပတ်ကိုဖြည့်ရကား မကြာမြင့်မီပင် အစဉ်အတိုင်း ဝိဇ္ဇာသုံးပါးကို မျက်မှောက်ပြုလေ၏၊ ဒိဗ္ဗစက္ခုဖြင့် လေ့လာရကား တတိုင်တည်း၌ နေလျက်ပင်

လက်ဝါးပြင်တွင်ထားသော ရှစ်ရှားသီးကိုကဲ့သို့ တသောင်းသော လောကဓာတ်စကြဝဠာတိုက်ကိုလင်းစေခြင်း, မြင်ခြင်းငှါစွမ်းနိုင်လေ၏၊ ထိုသို့သော မဂ်ဂုဏ်ကျေးဇူးကို နှလုံးမူလျက် နှစ်သက်ဝမ်းမြောက်စွာဖြစ်၍—

ပုဗ္ဗေနိဝါသံ ဇာနာမိ၊
ဒိဗ္ဗစက္ခု ဝိသောဓိတံ။

အစရှိသော ဥဒါန်းဂါထာဖြင့် ပုဗ္ဗေနိဝါသ, ဒိဗ္ဗစက္ခု, ဣဒ္ဓိဝိဓအဘိညာဉ်များနှင့် တကွ ဝိဇ္ဇာသုံးပါးသို့ ရောက်ပြီးသော အဖြစ်, ဘုရားအဆုံးအမတော်သို့ လိုက်နာပြီးသော အဖြစ်ကို ဥဒါန်းကျူးတော်မူ၏။

ဤကား သုမနသာမဏေနှင့် ကုသိုလ်ကောင်းမှုပြုဘက် ဥပဇ္ဈာယ်ဆရာဖြစ်သော အရှင်အနုရုဒ္ဓါ၏အကြောင်း အရာကိုဆိုသော ပစ္စုပ္ပန်ဝတ္ထုတည်း။

---

## သုမနသာမဏေ၏ပစ္စုပ္ပန်အကြောင်း

ထိုသို့ ကိုယ်တော် ဂုဏ်ကျေးဇူးကိုဆင်ခြင်၍ အရှင်အနုရုဒ္ဓါဥဒါန်း ကျူးတော်မူပြီးလျှင် "ရှေးဘဝက အဘယ်ကောင်းမှုကိုပြုခဲ့ဘူး၍ ဤသို့သောရဟန်းစည်းစိမ်ကို ငါရသနည်း"ဟုကြည့်ရှုတော်မူသော် ပဒုမုတ္တရမြတ်စွာဘုရား ခြေရင်းတော်ကပြုခဲ့ဘူးသောကုသိုလ်ကောင်းမှု ဆုတောင်းပတ္ထနာကိုလည်း မြင်တော်မူ၏၊ ထိုမှနောက်ကား ဗာရာဏသီပြည်၌ သုမနသူဌေးကိုအမှီပြု၍ အသက်မွေးသော အန္နဘာရမြက်ထမ်းယောကျ်ားအဖြစ်က ပြုခဲ့ဘူးသောကုသိုလ်ကောင်းမှု ဆုတောင်းပတ္ထနာကိုလည်း မြင်တော်မူ၏၊ ထိုသို့မြင်တော်မူ၍ "အန္နဘာရော ပုရေ အာသိံ" အစရှိသောဂါထာဖြင့် အန္န

ဘာဂျအဖြစ်က ဥပရိဋ္ဌအရှင်ပစ္စေကဗုဒ္ဓါအား ဆွမ်းလှူခဲ့ဘူး သောအဖြစ်ကို အပဒါန်တင်တော်မူ၏။

ဤသို့ အပဒါန်တင်တော်မူသည့်အတိုင်း အန္နဘာရအ ဖြစ်ကို မြင်တော်မူသော အရှင်အနုရုဒ္ဓါအား ဤသို့အကြံ ဖြစ်သတည်း။

> "အန္နဘာရဖြစ်သောအခါ ဥပရိဋ္ဌအရှင်ပစ္စေက ဗုဒ္ဓါအား ငါဆွမ်းလှူသောအဘိုကို အသပြာ တ ထောင်ပေး၍ အလှူအဘိုယူသော ငါ့အဆွေခင်ပွန်း သုမနသူဌေးကား ယခုအခါ အဘယ်မှာဖြစ်လေ သနည်း"–

ဟု ကြံတော်မူလျှင် ဝိဥ္ဈာဋဝီတောတောင်ခြေရင်း မုဏ္ဍ မည်သောနိဂုံး၌ မဟာမုဏ္ဍကမည်သော ဥပါသကာ၏မဟာ သုမန,စူဠသုမနဟူသော သားနှစ်ယောက်တို့တွင် စူဠသုမန မည်သော သားဖြစ်ကြောင်းကိုမြင်တော်မူလေ၏၊ "ထိုနိဂုံး သို့ငါသွားသော် စူဠသုမနအားကျေးဇူးရှိအံ့လော,မရှိလော" ဟု ဆင်ခြင်တော်မူပြန်သော် "ထိုအရပ်သို့ငါသွားလျှင် ခုနစ် နှစ်ရွယ်သာဖြစ်သော စူဠသုမနသည် ရဟန်းပြုလတ္တံ့၊ သင် တုန်းဖြင့် ဆံချသောအဆုံး၌ပင်လျှင် ရဟန္တာအဖြစ်သို့လည်း ရောက်လတ္တံ့"ဟုမြင်တော်မူပြန်လေ၏။

အရှင်အနုရုဒ္ဓါလည်း ထိုသို့သော အကြောင်းများကို မြင်တော်မူပြီးလျှင် ရှေးဘဝက ကုသိုလ်ကောင်းမှု ပြုဘက် အဆွေခင်ပွန်း ဖြစ်ခဲ့ဘူးသော စူဠသုမနကို ချီးမြှင့်မစတော် မူအံ့သောငှါ ဝါလနီးလတ်သော် ကောင်းကင်ခရီးဖြင့်ကြွ တော်မူ၍ မုဏ္ဍနိဂုံး ရွာတံခါး၌သာ သက်တော်မူ၏၊ မဟာမုဏ္ဍကကား အရှင်အနုရုဒ္ဓါနှင့် ရှေးအထက်ကပင်

အကျွမ်းဝင်ရင်းတည်း၊ မဟာမုဏ္ဍက ဥပါသကာလည်း ဆွမ်းခံချိန်တန်သော အခါတွင်သာ ရွာတံခါး၌သက်လာ၍ သက်န်းရုံတော်မူသော အရှင်အနုရုဒ္ဓါကို မြင်လေသော် သားကြီးမဟာသုမနကိုခေါ်၍—

"အမောင်···· အရှင်အနုရုဒ္ဓါ ကြွလာသည်တကား၊ သူ့တပါးတို့ သပိတ်ကိုမယူမီ အမောင်သွား၍ သပိတ်ကိုယူချေ၊ ငါမူကား နေရာခင်းလင့်မည်"—

ဟုဆို၏၊ မဟာသုမနလည်း သပိတ်ကိုယူလျက် အရှင်အနုရုဒ္ဓါကိုပင့်၍လာခဲ့၏၊ မဟာမုဏ္ဍက ဥပါသကာလည်း အရှင်အနုရုဒ္ဓါကို အိမ်တွင်းသို့သွင်းပြီးလျှင် ရှိသေစွာလုပ်ကျွေး၍ ထိုအရပ်၌ ဝါတွင်းသုံးလပတ်လုံး နေစိမ့်သောငှါ ပဋိညာဉ်ယူ၍ အရှင်အနုရုဒ္ဓါလည်း ခံမဆိတ် နေသဖြင့် ပဋိညာဉ်ပေးတော်မူ၏၊ မဟာမုဏ္ဍကဥပါသကာကား တနေ့တရက်တွင်သာ လုပ်ကျွေးသကဲ့သို့ ဝါတွင်းသုံးလပတ်လုံး ကောင်းစွာလုပ်ကျွေးသတည်း။

ဝါကျွတ် မဟာပဝါရဏာနေ့၌လည်း သက်န်းသုံးထည်နှင့်တကွ တင်လဲ, ဆန်, ဆီအစရှိသည်တို့ကို ဆောင်ခဲ့၍ ခြေရင်း၌ထားပြီးလျှင် "အလှူခံတော်မူပါ"ဟု လျှောက်၏၊ အရှင်အနုရုဒ္ဓါလည်း စူဠသုမန၏ အကျိုးငှါ စကားသွယ်တော်မူလိုသောကြောင့်"ဥပါသကာ···ဤဝတ္ထုတို့ဖြင့် ငါအလိုမရှိ"ဟု မိန့်တော်မူ၏၊ "အရှင်ဘုရား···· ဤဝတ္ထုများကား ဝါဆိုသောရဟန်းအားလှူသော ဝဿာဝါသိကလာဘ်တည်း၊ ခံတော်မူပါ"ဟု လျှောက်လျှင် "ဥပါသကာ····ငါမခံလို"ဟု မိန့်တော်မူပြန်၏၊

"အရှင်ဘုရား.... အဘယ် အကျိုးငှါ ခံဘတ်မူလို သနည်း"ဟု လျှောက်ပြန်မှ "ငါ့အထံ၌ ရဟန်းတို့အားအပ် သော အမှုကြီးငယ်ကို ပြုတတ်သော ကပ္ပိယကာရက သာမ ဏေမရှိ"ဟု စကားဆိုင်မိအောင် မိန့်တော်မူလေသတည်း၊ "အရှင်ဘုရား.... ထိုသို့တပြီးကား အကျွန်ုပ် သားအကြီး မဟာသုမနသာမဏေဖြစ်ပါလတ္တံ့"ဟု လျှောက်သော်"ဥပါ သကာ....မဟာသုမနဖြင့် ငါ့အလိုမရှိ"ဟု မိန့်တော်မူ၏၊ "အရှင်ဘုရား....ထိုသို့သော် အကျွန်ုပ်သားအငယ် စူဠသုမန ကို သာမဏေပြုတော်မူပါ"ဟု လျှောက်လျှင် "ကောင်းပြီ" ဟုဝန်ခံ၍ တစပဉ္စကကမ္မဋ္ဌာန်းကိုကြားလျက် ခုနစ်နှစ်ရွယ် သာရှိသော စူဠသုမနကို သာမဏေပြုတော်မူ၏၊ သုမနသာမ ဏေလည်း ဆံချပြီးသောအဆုံး၌ပင်လျှင် ရဟန္တာအဖြစ်သို့ ရောက်လေသတည်း။

အရှင်အနုရုဒ္ဓါလည်း သုမနသာမဏေနှင့် တလခွဲအခန့် မျှထိုမုဏ္ဍနိဂုံးရွာ၌နေပြီးမှ "ဘုရားသခင်ကို ဖူးမျှော်အံ့"ဟု သုမနသာမဏေ၏ မိဘ ဆွေမျိုးတို့ကို ပန်ကြားပြီးလျှင် ကောင်းကင်ခရီးဖြင့်ကြွ၍ ဟိမဝန္တာတော အရညကုဋီ၌ သက်တော်မူ၏၊ အရှင်အနုရုဒ္ဓါကား ကြပတေ့အားဖြင့် လည်း လုံ့လအားထုတ်ခြင်းကြီးရကား ထိုဟိမဝန္တာတော အရညကုဋီ၌ ညဦးယံ, မိုးသောက်ယံ စင်္ကြံကြွဘန်များ၍ ဝမ်းတော်၌ လေနာထလေသတည်း၊ ထိုရောအခါလေနာဖြင့် ပင်ပန်းခြင်းသဘောရှိသော အရှင်အနုရုဒ္ဓါကိုမြင်၍ "အရှင် ဘုရား....အဘယ် ကျင်နာသနည်း"ဟု သုမနသာမဏေ လျှောက်၏။

"လေနာ ထကြောင်းကို မိန့်တော်မူသော် "အရှင်ဘုရား.... အခါတပါးလည်း လေနာ ထဘူးသလော"ဟု လျှောက်၏၊ "ဩ–သာမဏေ....ထဘူး၏"ဟု မိန့်တော်မူလျှင် "အရှင်ဘုရား.... ထိုအခါ အဘယ်ဖြင့်ချမ်းသာပါသနည်း"ဟု လျှောက်ပြန်၏၊ "အနဝတတ်ရေကို ရ၍ချမ်းသာ၏"ဟု မိန့်တော်မူမှ "အရှင်ဘုရား....ထိုသို့တပြီးကား အနဝတတ်ရေကို အကျွန်ုပ်ဆောင်ချေအံ့"ဟုလျှောက်၏။

"သုမနသာမဏေ....သင်ဆောင်စွမ်းနိုင်ပါအံ့လော"ဟု မိန့်တော်မူ၏၊ "ဩ–အရှင်ဘုရား....ဆောင်စွမ်းနိုင်ပါ၏" ဟုလျှောက်သော်"ထိုသို့တပြီးကား အနဝတတ်အိုင်၌ ပန္နကမည်သော နဂါးမင်းသည် ငါ့ကိုသိ၏၊ ထိုနဂါးမင်းအား တိုင်ကြားဦး၍ ဆေးအလို့ငှါအနဝတတ်ရေတအိုးမျှကို ဆောင်ချေ" မိန့်တော်မူ၏၊ သုမနသာမဏေလည်း "ကောင်းပြီ" ဟု ဥပဇ္ဈာယ်ဖြစ်သော ဆရာကိုရှိခိုးပြီးမှ ကောင်းကင်သို့ ပျံတက်၍ ယူဇနာငါးရာတိုင်အောင်သောအရပ်သို့ သွားလေ၏။

ထိုသနေ့၌ကား ပန္နကနဂါးမင်းသည် နဂါးကချေသည် အပေါင်းခြံရံလျက် အနဝတတ်အိုင်၌ ရေဖျန်းသဘင်ကစားလို၍ အသင့်အခင်းအကျင်းနှင့် နေသတတ်၊ ထို့ကြောင့် ကောင်းကင်ဖြင့်လာလတ်သော သုမနသာမဏေကို မြင်လေသော် "ဤဦးပြည်းရဟန်းသူငယ်သည် မိမိခြေကမြူမှုန့်ကို ငါ့ဦးခေါင်းထက်ကြဲချလျက် သွားလေသည်တကား"ဟု အမျက်ထွက်၍"အနဝတတ်ရေအလို့ငှါလာသည်ဖြစ်လတ္တံ့၊ ထိုဦးပြည်းရဟန်းသူငယ်အား ငါအနဝတတ်ရေ မပေးအံ့"ဟု ကြံပြီးသော် ယူဇနာငါးဆယ်ရှိသော အနဝတတ်အိုင်ကို ဖုံး

ပွက်ကြီးဖြင့် ထမင်းအိုးကိုပိတ်သကဲ့သို့ ကြီးစွာသောပါးပျဉ်း ဖြင့်ပိတ်လျက် ဝပ်၍နေလေ၏။

သာမဏေလည်း နဂါးမင်း၏အခြင်းအရာကို ကြည့်သော် "ဤနဂါးမင်းကား အမျက်ထွက်သတည်း"ဟု သိ၍—

သုဏောဟိ မေ နာဂရာဇ၊
ဥဂ္ဂတေဇ မဟဗ္ဗလ။
ဒေဟိ မေ ပါနီယဃဋံ၊
ဘေသဇ္ဇတ္ထမှိ အာဂတော။

ဟူသော ဂါထာကိုရွတ်၏။

**အနက်။** ။မဟဗ္ဗလ၊ ခွန်အားကြီးသော။ ဥဂ္ဂတေဇ၊ ထက်သောတန်းခိုးရှိသော။ နာဂရာဇ၊ အို-နဂါးမင်း။ မေ၊ ငါ၏။ ဝစနံ၊ စကားကို။ သုဏောဟိ၊ နာလင့်ဦး။ မေ၊ ငါ့ အား။ ပါနီယဃဋံ၊ အနဝတတ်ရေတအိုးကို။ ဒေဟိ၊ပေးပါ လော့။ ဘေသဇ္ဇတ္ထံ၊ ဆေးအလို့ငှါ။ အာဂတော၊လာခဲ့သည်၊ အမှိ၊ဖြစ်၏။

ဤသို့ သုမနသာမဏေဆိုသော စကားကို ပန္နက နဂါး မင်းကြား၍—

ပုရတ္ထိမသ္မိံ ဒိသာဘာဂေ၊
ဂင်္ဂါနာမ မဟာနဒီ။
မဟာသမုဒ္ဒ မပ္ပေတိ၊
တတော တွံ ပါနီယံ ဟရ။ ။

ဟူသောဂါထာကိုရွတ်၏။

**အနက်။** ။ပုရတ္ထိမသ္မိံ ဒိသာဘာဂေ၊ အရှေ့ အရပ် အဘို့၌။ ဂင်္ဂါနာမ၊ဂင်္ဂါမည်သော။ မဟာနဒီ၊မြစ်ကြီးသည်၊

မဟာသမုဒ္ဒံ၊မဟာသမုဒ္ဒရာသို့။ အပ္ပေတိ၊ စီးဝင်လေ၏။ တတော၊ထိုဂင်္ဂါမြစ်ကြီးမှ။ပါနီယံ၊ရေကို။ တွံ၊သင်သည်။ ဟရ၊ဆောင်ချေ။

ဤသို့ ပန္နကနဂါးမင်းဆိုသောစကားကို သုမနသာမဏေကြားလျှင် "ဤနဂါးမင်းကား မိမိအလိုအလျောက်ပေးဟန်မထင်၊ ငါသည် တစုံတခုသောအကြောင်းကိုပြု၍ ငါ့အာနုဘော်ကိုသိစေလျက် ဤနဂါးမင်းကိုနှိပ်နင်းပြီးမှ အနဝတတ်ရေကိုယူသော် ကောင်း၏"ဟု ကြံပြီးလတ်သော် "မြတ်သောနဂါးမင်း....ငါ၏ဥပဇ္ဈာယ်ဖြစ်သော အနုရုဒ္ဓါမထေရ်သည် အနဝတတ်ရေအိုင်ကသာ အနဝတတ်ရေကိုဆောင်ချေဟု စေတော်မူလိုက်၏၊ ဤအရပ်မှ အရှေ့မျက်နှာ ဂင်္ဂါမြစ်ကြီးက ဂင်္ဂါရေကိုဆောင်ချေဟု စေတော်မမူလိုက်၊ ထို့ကြောင့်ရကား ဤအနဝတတ်အိုင်ကသာ အနဝတတ်ရေကို ငါဆောင်ပေအံ့၊ ဂင်္ဂါမြစ်ကြီးကဂင်္ဂါရေကို ငါမဆောင်ပေ၊ သင်ဖဲလေလော့၊ ပါးပျဉ်းကြီးစွာဖုံးကာ၍ သင်မဆီးမတားလင့်"ဟု ဆိုပြီးမှ—

ဣတောဝ ပါနီယံ ဟရံ၊
ဣမိနာဝမှိ အတ္ထိကော။
ယဒိ တေ ထာမဗလံ အတ္ထိ၊
နာဂရာဇ နိဝါရယ။ ။

**အနက်။** ။နာဂရာဇ၊အို-နဂါးမင်း။ဣတောဝ၊ဤအနဝတတ် အိုင်မှသာလျှင်။ ပါနီယံ၊ အနဝတတ် ရေကို။ ဟရံ-ဟရန္တော၊ဆောင်လို၍။ ဣမိနာဝ၊ ဤအနဝတတ်ရေဖြင့်သာလျှင်။ အတ္ထိကော၊ အလိုရှိသည်။အမှိ၊ဖြစ်၏။ယဒိ၊ အကယ်၍။ တေ၊သင်နဂါးမင်းအား။ထာမဗလံ၊အစွမ်းသည်။ အတ္ထိ၊

ရှိပါပြီးအံ့။ ဧဝံသတိ၊ ဤသို့အစွမ်းရှိပါသော်။ မံ၊ ငါ့ကို။ နိဝါရယ၊ နိုင်အောင်ဆီးတားလေ။

ဤသို့ သုမနသာမဏေ ကြုံးဝါးသော စကားကို ပန္နက နဂါးမင်းကြားလေသော် သည်းမခံနိုင်ရကား—

သာမဏေရ သစေ အတ္ထိ၊
တဝ ဝိက္ကမပေါရိသံ။
အဘိနန္ဒာမိ တေ ဝါစံ၊
ဟရဿု ပါနီယံ မမ။

ဟူသောဂါထာကိုရွတ်၏။

**အနက်**။ ။သာမဏေရ၊ အို—သာမဏေ။ သစေ၊ အကယ်၍။ တဝ၊ သင်သာမဏေအား။ ဝိက္ကမ ပေါရိသံ၊ ယောကျ်ားအစွမ်း ဘုန်းတန်းခိုးကြီးသည်။အတ္ထိ၊ ရှိပါပြီးအံ့။ ဧဝံသတိ၊ ဤသို့ယောကျ်ားအစွမ်း ဘုန်းတန်းခိုး ရှိပါသော်။ တေ၊ သင်သာမဏေ၏။ ဝါစံ၊ ကြုံးဝါးသော စကားကို။ အဘိနန္ဒာမိ၊ အလွန်လျှင် ငါနှစ်သက်လိုစွတကား။ မမ၊ ငါ၏။ ပါနီယံ၊ အနဝတတ်ရေကို။ ဟရဿု၊ ဆောင်နိုင် အောင် ဆောင်ပါလေ။

ဤသို့ ပန္နကနဂါးမင်း မလေးမစား မထီမဲ့မြင်ဆိုသော စကားကို သုမနသာမဏေကြားလေ၍ "မြတ်သော နဂါး မင်း····ကောင်းပြီ၊ ဆောင်နိုင်အောင် ငါဆောင်အံ့"ဟု ဆိုသဖြင့် "အကယ်၍ ဆောင်နိုင်အံ့၊ ဆောင်ပါလေ" ဟု ပန္နက နဂါးမင်းဆိုလတ်သော် "ထိုသို့တပြီးကား သင်ဆို ချက်ကို ကောင်းစွာသိလေ၊ ကောင်းစွာမှတ်လေ"ဟု သုံး ကြိမ်စေ့အောင် ပဋိညာဉ်ယူပြီးမှ "ငါကား သဗ္ဗညုဘုရား သာသနာတော်၏ အာနုဘော်ကို ထင်ရှားပြလျက် အနဝ

တတ်အိုင်ရေကိုဆောင်ခြင်းငှါ သင့်၏''ဟုကြီးဦး၍ ကောင်းကင်အပြင် ထိုထိုဗိမာန်၌တည်သော အာကာသစိုးနတ်တို့အထံသို့ရှေးဦးစွာသွားလေ၏။

အာကာသစိုးနတ်တို့လည်းရှေးရှုလာကုန်ပြီးလျှင်ရှိခိုးကုန်လျက် ''ငါတို့အရှင်သုမန···အဘယ်အကြောင်းရှိသနည်း'' ဟုဆို၍ ထက်ဝန်းကျင် ရပ်ကုန်၏၊ သုမနသာမဏေလည်း ''တခုသောအနဝတတ်အိုင် ရေအပြင်ထက် ပန္နကနဂါးမင်းနှင့်တကွ ငါစစ်ပြိုင်ခြင်းဖြစ်လတ္တံ့၊ ထိုအနဝတတ်အိုင် ရေအပြင်သို့ သင်တို့အာကာသစိုးနတ် အပေါင်းလည်း လာ၍ အောင်ခြင်း,ရှုံးခြင်းကိုရှုလှည့်ပါကုန်''ဟုဆို၏။

(၁) ဤနည်းနှင်နှင်လျှင် စတုမဟာရာဇ်နတ် ပြည်သို့သွား၍စတုလောကပါလာနတ်မင်းလေးယောက်တို့သို့ငင်း။

(၂) တာဝတိံသာနတ်ပြည်သို့ သွား၍ သိကြားမင်းသို့ငင်း။

(၃) ယာမာနတ်ပြည်သို့သွား၍ယာမာနတ်မင်းသို့ငင်း။

(၄) တုသိတာ နတ်ပြည်သို့ သွား၍သန္တုသိတာ နတ်မင်းသို့ငင်း။

(၅) နိမ္မာနရတိနတ်ပြည်သို့ သွား၍ သုနိမ္မိတနတ်မင်းသို့ငင်း။

(၆) ပရနိမ္မိတဝသဝတ္တိနတ်ပြည်သို့သွား၍ ပရနိမ္မိတနတ်မင်းသို့ငင်း။

(၇) ထိုမှအထက်၌လည်း အသညသတ်မှကြွင်းသောရူပါဝစရဗြဟ္မာ့ပြည်တဆဲ့ငါးဘုံလုံးသို့အစဉ်အတိုင်းသွား၍ ထိုထိုဗြဟ္မာကြီးတို့သို့ ငင်း။

ချဉ်းကပ်လေ၏၊ နတ်မင်း,ဗြဟ္မာမင်းတို့လည်း သုမနသာမဏေလာသည်ကိုမြင်၍ "ငါတို့အရှင်သုမန….အဘယ်အကြောင်းရှိသနည်း"ဟု မေးလင့်ကုန်လျက် ထက်ဝန်းကျင် ရပ်လာကြကုန်၏၊ သုမနသာမဏေလည်း တခုသောအနဝတတ်အိုင်ရေအပြင်၌ နဂါးမင်းနှင့်တကွ ငါးစစ်ပြိုင်ခြင်း ဖြစ်လတ္တံ့၊ ထိုအိုင်ရေအပြင်သို့ သင်နတ်မင်း,ဗြဟ္မာမင်း တို့အပေါင်းလည်းလာ၍ အောင်ခြင်း,ရှုံးခြင်းကိုရှုကြပါကုန်"ဟုဆို၏၊ဤသို့သုမနသာမဏေသည် အသညသတ်ဘုံ,အရူပဘုံတို့ကိုထား၍ ကြွင်းသောနတ်ဘုံ,ဗြဟ္မာ့ဘုံသို့ တမုဟုတ်ခြင်းသာ လှည့်၍ ကြားလေသတည်း။

[(၁) ဗုဒ္ဓဝိသယော၊ ဘုရားအရာကို။ အစိန္တေယျော၊ မကြံစည်နိုင်။
(၂) ဈာနဝိသယော၊ တန်းခိုး အရာကို။ အစိန္တေယျော၊မကြံစည်နိုင်။
(၃) လောကဝိသယော၊ လောကအရာကို။ အစိန္တေယျော၊မကြံစည်နိုင်။
(၄) ကမ္မဝိပါကော၊ ကံ၏အကျိုးကို။ အစိန္တေယျော၊ မကြံစည်နိုင်။

ဤသို့အင်္ဂုတ္တရစတုက္ကနိပါတ်၌ လာသော အစိန္တေယျ လေးပါးကို နှလုံးထားလင့်ကုန်။

သုမနသာမဏေဆိုသော စကားတွင် "ကေသ္မိံ အနောတတ္တဒဟပိဋ္ဌေ၊ တခုသော အနဝတတ် အိုင်ရေ အပြင်၌"ဟူ၍ မူအစောင်စောင်လာရကား လေးကျွန်းလုံးမှာပင် အနဝတတ်အိုင်ရှိသောကြောင့် ဤဇမ္ဗူဒီပါကျွန်း၌ အနဝတတ် အိုင်ကိုသာ ရည်၍ တခုသော အနဝတတ်အိုင် ဟု ဆိုလေသတည်း။]

ထိုရောအခါ သုမနသာမဏေ၏ စကားကို ကြားလေ ကုန်၍ ခပ်သိမ်းစုံသော နတ်,ဗြဟ္မာတို့သည် အနဝတတ်ရေ အပြင်ထက် ကျည်တောက်၌ထည့်သော စပါးမုန့်ညက်ကဲ့သို့ ကောင်းကင်အပြည့် တစပ်တည်း အသိပ်အနှက် စည်းဝေး လာကုန်၏၊ ထိုသို့နတ်,ဗြဟ္မာအပေါင်း စည်းဝေးလာကုန်ပြီး သော် သုမနသာမဏေလည်း "သုဏောဟိ မေ နာဂရာဇ" အစရှိသော ယခင်ကဂါထာကို ရွတ်လျက် "အနဝတတ်ရေ တအိုးမျှကို ဆေးအလို့ငှါပေးပါ"ဟု ဆို၏၊ ပန္နကနဂါးမင်း လည်း"သာမဏေရ သစေ အတ္ထိ"အစရှိသော ယခင်က ဂါ ထာကိုရွတ်၍"သင်သာမဏေအား ယောကျ်ားအစွမ်း ဘုန်း တန်းခိုးရှိပါသော် အနဝတတ်ရေကိုဆောင်နိုင်အောင် ဆောင် ပါလေ"ဟု ဆို၏။

သုမနသာမဏေလည်း ဤသို့နှင်နှင် ပန္နကနဂါးမင်းကို သုံးကြိမ်တောင်း၍ သုံးကြိမ်ဆိုစေလျက် သုံးကြိမ် စေ့အောင် ပဋိညာဉ်ယူပြီးမှ ကောင်းကင်ပြင်၌ ရပ်လျက်ပင် တဆယ့်နှစ် ယူဇနာ ပမာဏရှိသော ဗြဟ္မာမင်း၏ကိုယ်ကို ဘန်ဆင်းပြီး သော် ကောင်းကင်က ရုတ်တရက် ဖြုတ်ချည်း ဆင်းတည့်၍ နဂါးမင်း၏ပါးပျဉ်းကို ခြေစုံနင်းတည့်မှ နဂါးမင်း၏ မျက်နှာ ကို အောက်ရေထဲသို့ နစ်လေအောင်နှိပ်၏။

ထိုသို့ခြေစုံနင်းတည့်၍နှိပ်သော် နှိပ်ခြင်းပင်လျှင် အားကြီး စွာသော ယောကျ်ားသည် ကြင်ကြပ်စိစိနင်းသော သားရေစို အိတ်ကဲ့သို့ နဂါးမင်း၏ပါးပျဉ်း၌ နင်းကာမျှဖြင့်တွန့်လျော့၍ ယောက်မဟင်းချိုခန့်မျှသာ များစွာသောပါးပျဉ်းအဖုတို့သည် ဖြစ်လေကုန်ရကား ပါးပျဉ်းအဖုတို့မှ လွတ်ရာလွတ်ရာအကြား အရပ်က ထန်းလုံးခန့်မျှ ပမာဏရှိသော ရေလုံး ရေတံခွန်တို့

သည် ကောင်းကင်သို့တက်လေကုန်၏၊ သုမနသာမဏေလည်း ကောင်းကင်သို့ တက်လာသော ရေလုံးရေတံခွန်ကိုသာ ရေတအိုးကို ပြည့်စေ၍ယူ၏၊ နတ်,ဗြဟ္မာအပေါင်းလည်း—

"ပန္နက နဂါးမင်း ရှုံးခြင်းကြီးရှုံးခဲ့ပြီ၊ ငါတို့အရှင် သုမနကား အထင်အရှားနိုင်ပေသည်တကား"-

ဟု ကောင်းချီးပေးကြ၏၊ သုမနသာမဏေလည်း ရေအိုးကိုပိုက်၍ ကောင်းကင်ခရီးဖြင့် သွားလေ၏၊ ပန္နကနဂါးမင်းကား ရှုံးခြင်းကြီးရှုံးလေသော် အရှိန်အစော်မဲ့ ရှက်အားကြီး၍ သုမနသာမဏေအား အမျက်ထွက်သဖြင့် လယ် ခေါင်ရန်းပန်းကဲ့သို့ နီသော မျက်စိရှိလျက် "ဤသာမဏေသည် နတ်, ဗြဟ္မာအပေါင်းကို စည်းဝေးစေ၍ ငါ့ကို အရှက်ရစေ၏၊ ဤသာမဏေကိုဖမ်း၍ ခံတွင်း၌လက်ကို ထည့်ပြီးသော် နှလုံးသားကိုမူလည်းနယ်အံ့၊ ခြေနှစ်ချောင်းကိုမူလည်းကိုင်၍ ဂင်္ဂါမြစ်တဘက်သို့ ပစ်လိုက်အံ့" ဟု ကြံပြီးလျှင် ရှောင်တခင် နောက်ထပ် ချက်ခြင်းလိုက်လေ၏၊ထိုသို့ လိုက်ပါသော်လည်း မှီအောင် မလိုက်စွမ်းနိုင်လေ။

သုမနသာမဏေလည်း အရှင်အနုရုဒ္ဓါ၏လက်တော်၌ အနဝတတ်ရေအိုးကို ထားပြီးသော် "သောက်တော်မူပါ"ဟု လျှောက်၏၊ ထိုခဏ၌ ပန္နကနဂါးမင်း မှီလာ၍ အရှင် အနုရုဒ္ဓါအား "အရှင်ဘုရား၏ တပည့်တော် သာမဏေသည် အကျွန်ုပ်မပေးဘဲပင် အနဝတတ် ရေကို ယူ၍သွားလေသည် တကား၊ သောက်တော်မမူပါလင့်"ဟု ဆို၏၊ အရှင်အနုရုဒ္ဓါလည်း "သာမဏေ ··· နဂါးမင်း ဆိုသည့်အတိုင်း မှန်ပေသလော"ဟု မေး၏၊"အရှင်ဘုရား····ဤနဂါးမင်း ပေးသော ရေကိုသာ အကျွန်ုပ် ဆောင်ခဲ့၏၊ သောက်တော်မူပါ" ဟု

ပျော်သော် အရှင်အနုရုဒ္ဓါလည်း "အာသဝေါကင်းပြီးသော ရဟန္တာ သာမဏေအား မှုသားဆိုခြင်းမည်သည်မရှိ" ဟု သိတော်မူသဖြင့် သုမနသာမဏေ ဆောင်ခဲ့သော ရေကို သောက်တော်မူ၏၊ သောက်တည့်ခြင်းပင်လျှင် ဝမ်း၌ဖြစ်သော လေအနာသည် ငြိမ်းလေသတည်း။

ပန္နက နဂါးမင်းလည်း "ဤသာမဏေသည် နတ်,ဗြဟ္မာ အလုံးစုံကို စည်းဝေးစေပြီးလျှင် အကျွန်ုပ်ကို အရှက်ကြီးစွာ ရစေဘိ၏၊ ဤသာမဏေ၏ နှလုံးသားကိုမူလည်း အကျွန်ုပ် ခွဲအံ့၊ ခြေနှစ်ချောင်းကိုမူလည်း ဂင်္ဂါမြစ်တဘက်သို့ ပစ်လိုက်အံ့"ဟု ဆို၏။

> "မြတ်သောနဂါးမင်း····ဤသာမဏေကား အာနုဘော်ကြီးစွတကား၊ ဤသာမဏေနှင့် စစ်ပြိုင်ခြင်းငှါ သင်တို့ မတတ်နိုင်ကုန်လတ္တံ့၊ ဤသာမဏေ ငယ်ကို သည်းခံစေ၍ ကန်တော့၍ သွားလေ"–

ဟု အရှင်အနုရုဒ္ဓါမိန့်တော်မူသော် ပန္နကနဂါးမင်းသည် မိမိကိုယ်တိုင် ပင်လည်း သုမန သာမဏေ၏ အာနုဘော်ကို မျက်မှောက်ထင်ထင် သိမြင်ပြီးလျက် ရှက်ကြောက် အားကြီး၍သာနောက်ထပ်လိုက်လာသည်ဖြစ်ရကား သုမနသာမဏေကို သည်းခံစေ၍ ကန်တော့၍ သုမနသာမဏေနှင့် အကျွမ်းတဝင် မိတ္တသန္ထဝပြုပြီးမှ "ယနေ့ကစ၍ အနဝတတ် ရေကို အလိုတော် ရှိသော် အရှင်ဘုရားတို့ လာဘွယ်ကိစ္စ မရှိပြီ၊ အကျွန်ုပ်အားသာ ဆင့်လိုက်တော်မူပါ၊ အကျွန်ုပ်ကိုယ်တိုင် ပင် ဆောင်၍ပေးပါအံ့"ဟုဆို၍ ဖဲလေ၏။

ထိုမှနောက်၌ အရှင်အနုရုဒ္ဓါလည်း သုမနသာမဏေကို ခေါ်၍ ဟိမဝန္တာတော အရညကုဋီမှ သာဝတ္ထိပြည်၏ အရှေ့

ဖြစ်သော အမိအရာ၌မိဂါရသူဌေးထားသည်ဖြစ်၍ မိဂါရမာတာမည်သော ဝိသာခါဆောက်လုပ်သော မိဂါရမာတုပြာသာဒ်သို့ ကြွတော်မူလေ၏၊ မြတ်စွာဘုရားလည်း အရှင်အနုရုဒ္ဓါလာအံ့သည်ကိုသိတော်မူ၍ မိဂါရမာတုပြာသာဒ်၌ မြော်လျက်နေတော်မူလင့်၏၊ ရဟန်းတို့လည်း အရှင်အနုရုဒ္ဓါလာသည်ကိုမြင်ကုန်၍ ခရီးဦးကြိုဆိုကုန်လျက် သပိတ်, သင်္ကန်းကိုလှမ်းယူကြကုန်၏။

ထိုရောအခါ အချို့ ပုထုဇဉ် ရဟန်းတို့သည် "သုမနသာမဏေကို ဦးခေါင်း,နားရင်း,လက်မောင်း,လက်ဖျားတို့၌ဆွဲလှုပ်ရှားကုန်၍ "သာမဏေ ···· အသို့နည်း၊ မဆန့်ကျင်ပါလော"ဟု ပြက်ရယ်ဆိုကုန်၏၊ မြတ်စွာဘုရားလည်း ထိုပုထုဇဉ်ရဟန်းတို့အမူအရာကိုမြင်တော်မူ၍—

"ဤပုထုဇဉ် ရဟန်းတို့ပြုသော အမူသည် ဝန်လေးစွတကား၊ မြွေဟောက်ကို ကိုင်မှားဘိသကဲ့သို့ ရဟန္တာ သာမဏေကို ပြက်ရယ်ပြုမှားကုန်ဘိ၏၊ ဤသာမဏေ၏ အာနုဘော်ကိုမသိကြလေကုန်၊ ယနေ့ပင်လျှင် ဤသာမဏေ၏ဂုဏ်ကျေးဇူးအာနုဘော်ကို ထင်ရှားပြုခြင်းငှါသင့်၏"ဟုကြံတော်မူ၏။

အရှင်အနုရုဒ္ဓါလည်း မြတ်စွာဘုရားအထံတော်သို့ လာပြီးသော် ရှိခိုးလျက်နေ၏၊ မြတ်စွာဘုရားလည်း အရှင်အနုရုဒ္ဓါနှင့်တကွ ပဋိသန္ဓာရပြုတော်မူပြီးသော် အရှင်အာနန္ဒာကိုခေါ်၍ ဤသို့မိန့်တော်မူ၏။

"ချစ်သားအာနန္ဒာ··အနဝတတ်ရေဖြင့် ငါဘုရားခြေဆေးတော်မူလို၏၊ သာမဏေတို့အား အိုးပေး၍ အနဝတတ်ရေကိုဆောင်လေစေ"—

ဟု မိန့်တော်မူလျှင် အရှင်အာနန္ဒာလည်း ပုပ္ဖါရုံကျောင်း၌ရှိသော ငါးရာလောက်သော သာမဏေတို့ကို စည်းဝေးစေ၍၊ ထိုသာမဏေတို့တွင်ကား သုမနသာမဏေသည် အလုံးစုံအောက်အငယ် ခုနစ်နှစ်ရွယ်မျှသာတည်း၊ အရှင်အာနန္ဒာလည်း အလုံးစုံထက်ကြီးသော သာမဏေကို ဤသို့လက်ဦးစွာဆို၏၊ "သာမဏေ....မြတ်စွာဘုရားသည် အနဝတတ်ရေဖြင့်ခြေဆေးတော်မူလို၏၊ ဤအိုးကိုယူ၍သွားလေ၊ အနဝတတ်ရေကိုဆောင်ချေ"ဟုဆိုသော် ထိုအလုံးစုံထက်ကြီးသော သာမဏေလည်း "အရှင်ဘုရား....အကျွန်ုပ်ကား အနတတ်ရေကိုမဆောင်နိုင်ပါ"ဟုဆို၍ငြင်း၏၊ ကြွင်းသောသာမဏေတို့ကို ကြီးစဉ်အတိုင်း ယခင်နည်းစေကုန်သော်လည်း "အနဝတတ်ရေကိုမဆောင်စွမ်းနိုင်ပါ"ဟု ဆို၍သာငြင်းကုန်၏။

(၁) "အသို့နည်း၊ ဤငါးရာမျှလောက်သော သာမဏေတို့တွင် သုမနသာမဏေမှတပါး ရဟန္တာသာမဏေမရှိပြီလော"ဟူငြားအံ့၊ ရှိ၏။

(၂) "ထိုသို့ရှိလျက် အဘယ့်ကြောင့် အနဝတတ်အိုင်ရေကိုမဆောင်လိုဘဲ ငြင်းကုန်သနည်း"ဟူငြားအံ့၊ "တစုံတယောက်သောသူအား ထင်ရှားစေလို၍ ပန်းကုံး,ပန်းဆိုင်းဘွဲ့သကဲ့သို့ သာမဏေတို့ကို အနဝတ်ရေဆောင်လေစေဟူသော ပန်းကုံး,ပန်းဆိုင်းနှင့်တူသော ဤဘုရားစကားတော်ကိုလည်း ငါတို့အား ထင်ရှားစေလို၍မဘွဲ့၊ သုမနသာမဏေအားသာ ထင်ရှားစေလို၍ ဘွဲ့သတည်း"ဟုသိသဖြင့် ရဟန္တာသာမဏေတို့ ငြင်း

ကုန်၏၊ ပုထုဇဉ်သာမဏေတို့ကား မဆောင်စွမ်း
နိုင်သောကြောင့်ပင်လျှင် ငြင်းကုန်သတည်း။

ခပ်သိမ်းသော သာမဏေတို့အဆုံး၌ သုမနသာမဏေ၏ အလှည့် ရောက်လတ်သော် "သာမဏေ····မြတ်စွာဘုရားသည် အနဝတတ်ရေဖြင့် ခြေဆေးတော်မူလို၏၊ ဤအိုးကိုယူ၍ အနဝတတ်ရေကိုဆောင်ချေလော့"ဟုအရှင်အာနန္ဒာဆိုလျှင် "ဘုရားသခင်ဆောင်စေတော်မူလိုသော် ဆောင်ပါအံ့"ဟုဆို၍ မြတ်စွာဘုရားကိုရှိခိုးပြီးမှ "အရှင်ဘုရား····အကျွန်ုပ်ကို အနဝတတ်ရေဆောင်စေတော်မူလိုသလော"ဟု လျှောက်၏။

"ဩ-သုမန···· ဆောင်စေလို၏"ဟု မိန့်တော်မူသော် ဝိသာခါလှူသော တစ်ခဲနက် ရွှေစင်အတိခတ်၍ လုပ်သော ကျောင်း၏အသုံးအဆောင်ဖြစ်သော သေနာသနပရိဘောဂ ရွှေအိုးအများတွင် ရေလောင်းအိုး အလုံးခြောက်ဆယ်ခန့် ဝင်သော တလုံးသောအိုးစရည်းကြီးကို လက်ဖြင့်ကိုင်ပြီးလျှင် "ပခုံးထက်မြှောက်၍ထမ်းသဖြင့် အဘယ်အကျိုးရှိအံ့နည်း၊ လေးလံဘိသကဲ့သို့ ထင်ကြတော့အံ့"ဟု လက်တွင်သာတွဲလွဲကိုင်လျက် ကောင်းကင်ထက်ပျံတက်၍ ဟိမဝန္တာသို့ရှေးရှု သွားလေ၏။

ပန္နကနဂါးမင်းလည်း သုမနသာမဏေ လာသည်ကို အဝေးကပင်မြင်၍ ခရီးဦးကြိုဆိုပြီးသော် သုမနသာမဏေ၏ လက်ကအိုးကိုလှမ်းယူ၍ ပခုံးဖြင့်ထမ်းပြီးမှ "အရှင်ဘုရား···· အကျွန်ုပ်ကဲ့သို့သောကျွန်ရှိလျက် အဘယ့်ကြောင့် ကိုယ်တော်တိုင်ကြွလာဘိသနည်း၊ အနဝတတ်ရေဖြင့် အလိုရှိသော် အဘယ့်ကြောင့် သတင်းမျှသာမဆင့်မဆိုလိုက်ဘိသနည်း"ဟု လျှောက်ပြီးမှ အိုးအပြည့်အနဝတတ်ရေကိုယူ၍ နဂါးမင်း

ကိုယ်တိုင်ချီပြီးလျှင် "ရှေ့ကကြွတော်မူ၊ အကျွန်ုပ်နောက်က ဆောင်၍ လိုက်အံ့"ဟုဆို၏။

သုမနသာမဏေလည်း "မြတ်သောနဂါးမင်း....သင်တို့ ရပ်နေစ်ကုန်၊ ငါ့ကိုသာမြတ်စွာဘုရားစေတော်မူ၏"ဟု နဂါးမင်းကိုပြန်စေ၍အိုးကိုအနားရေး၌လက်ဖြင့်ကိုင်လျက်ကောင်းကင်ခရီးဖြင့်ကြွလာ၏၊ထိုရောအခါမြတ်စွာဘုရားလည်း သုမန သာမဏေလာသည်ကို ရှုတော်မူ၍ ရဟန်းတို့ကို ဤသို့ မိန့်တော်မူ၏။

> "ချစ်သားရဟန်းတို့....သုမနသာမဏေ၏ တင့်တယ်စမွယ်ခြင်းကို ရှုကြကုန်လော့၊ ကောင်းကင်ပြင်၌ ပျံ၍လာသော ဟင်္သာမင်းကဲ့သို့ တင့်တယ်စွတကား"—

ဟုမိန့်တော်မူသတည်း၊ သုမနသာမဏေလည်း ရေအိုးကို ချထားပြီးသော် မြတ်စွာဘုရားကိုရှိခိုးလျက်နေ၏၊ မြတ်စွာဘုရားလည်း "သုမန....သင်ကား အသက်အဘယ်မျှရှိပြီနည်း"ဟု မေးတော်မူ၏၊ "အရှင်ဘုရား....အကျွန်ုပ်ကား ဘွားသည်ကစ၍ခုနစ်နှစ်ရှိပါပြီ"ဟုလျှောက်သော်"သုမန.... ယနေ့ကစ၍ ဥပသမ္ပဒရဟန်းဖြစ်လေလော့"ဟု ဘုရားတို့ အမွေတော်ဖြစ်သော ဥပသမ္ပဒရဟန်းပဋ္ဌင်းအဖြစ်ကို ပေးတော်မူ၏။

ဤငါတို့ဘုရား သာသနာတော်တွင်း၌ ခုနစ်နှစ်ရွယ် သာမဏေသာဖြစ်လျက် ဥတ်ကမ္မဝါမတင်ဘဲ ဥပသမ္ပဒရဟန်းအဖြစ်ကို ရဘူးသောအရှင်ကားနှစ်ပါးတည်း၊ နှစ်ပါးဟူသော်ကား—

(၁) ဤအရှင်သုမနလည်း တပါး။
(၂) အရှင်သောပါကလည်း တပါးတည်း။

ဤနှစ်ပါးတို့တွင်—

(၁) အရှင်သုမနကား ဆိုခဲ့ပြီးသော ဂုဏ်အထူးကိုစွဲ၍ ဘုရားသခင် အရာအထူးပေးတော်မူသောကြောင့် ဥပသမ္ပဒ ရဟန်းအဖြစ်ကိုရ၏။

(၂) အရှင်သောပါကကား အသုဘ ဆယ်ပါးနှင့် စပ်သောပြဿနာဖြင့် ဘုရားမေးတော်မူသည်ကို ဖြေနိုင်လေ၍ ဘုရားအရာအထူး ပေးတော်မူသောကြောင့် ဥပသမ္ပဒရဟန်း အဖြစ်ကို ရလေ၏။

ဤကား သုမနသာမဏေ၏ အကြောင်းအရာကို
ဆိုသော ပစ္စုပ္ပန်ဝတ္ထုတည်း။

---

## အနုသန္ဓေစပ်တရားတော်

ဤသို့ သုမနသာမဏေအား အရာအထူးကို ပေးတော်မူသဖြင့် ပဋ္ဌင်းဖြစ်ပြီးသော် တရားသဘင်၌ စည်းဝေးသော ရဟန်းတို့အား ဤသို့သောစကားသည်ဖြစ်လေ၏။

"ငြဲ-အရှင်တို့…. အံ့ဘွယ်ရှိစွတကား၊ ငယ်နှစ် နှစ်ရွယ်သာမဏေငယ်အားလည်း ဤသို့ သဘော ရှိသောအာနုဘော်သည်ဖြစ်ဘိ၏၊ ဤမှရှေး၌ ဤသို့ သဘောရှိသော အာနုဘော်ကို မမြင်စဘူးပေ"—

ဟု စကားဖြစ်လေသတည်း၊ မြတ်စွာဘုရားလည်း ထို အကြိုက်တွင် တရားသဘင်သို့ကြွတော်မူပြီးမှ "ချစ်သား ရဟန်းတို့….ယခုအခါ အဘယ်စကားဖြင့် စည်းဝေးကြကုန် သနည်း"ဟု မေးတော်မူ၍ ယခင်စကားကိုဘော်ထုတ်လျက်

ဤမည်သောစကားဖြင့် စည်းဝေးပါကုန်သည်''ဟု လျှောက်ကြသော်—

"ချစ်သား ရဟန်းတို့.... ငါ့သာသနာတော်၌ ငယ်ရွယ်သသူပင်လည်း သမ္မာပဋိပတ်နှင့် ပြည့်စုံလျှင် ဤသို့သဘောရှိသော ရဟန်းစည်းစိမ်ကို ရသလျှင်ကတည်း''—

ဟု မိန့်တော်မူဦး၍ တရားဟောတော်မူလိုရကား—

ယော ဟဝေ ဒဟရော ဘိက္ခု၊
ယုဉ္ဇတိ ဗုဒ္ဓသာသနေ။
သော မံ လောကံ ပဘာသေတိ၊
အဗ္ဘာ မုတ္တောဝ စန္ဒိမာ။ ။

ဟူသောဂါထာကိုရွတ်တော်မူ၏။

**အနက်။** ။ဒဟရော၊ ငယ်သော။ ယောဘိက္ခု၊ အကြင်ရဟန်းသည်။ ဗုဒ္ဓသာသနေ၊ ငါဘုရား သာသနာ တော်၌။ ဟဝေ၊ စင်စစ်။ ယုဉ္ဇတိ၊ လုံ့လစေ့ဆော်၏။ သောဘိက္ခု၊ ထိုရဟန်းသည်၊ အဗ္ဘာ၊ တိမ်တိုက်မှ။ မုတ္တော၊ လွတ်သော။ စန္ဒိမာဝ၊ လမင်းကဲ့သို့။ ဣမံလောကံ၊ ဤခန္ဓာစသည်ဖြင့် ပြားသော လောကကို။ ပဘာသေတိ၊ အပြားအားဖြင့် ထွန်းလင်းစေနိုင်၏။

ဤဂါထာ၌ အဓိပ္ပါယ်သော်ကား—ငယ်ရွယ် ပျိုမျစ်သော အကြင်ရဟန်းသည် ငါဘုရား သာသနာတော်၌ စင်စစ်သဖြင့် ဝိပဿနာ ဘာဝနာပွါး၍ လုံ့လစေ့ဆော်၏၊ ထိုငယ်ရွယ်ပျိုမျစ်သော ရဟန်းသည် ပင်လည်း တိမ်တိုက်ကို အမှတ်ပြု၍ ဥပလက္ခဏာနည်းဖြင့် ဆိုအပ်သော တိမ်တိုက်, ဆီးနှင်း, မီးခိုး, မြူ, ရာဟု ဟူသော အညစ်အကြေး ငါးပါးမှ လွတ်

သောလမင်းကဲ့သို့ ခန္ဓာ, အာယတန စသည်ဖြင့် ပြားသော လောကကို အပြားအားဖြင့် တခဲနက် ထွန်းလင်းစေနိုင်၏ ဟူလိုသတည်း။

ဤသို့သော ဓမ္မဒေသနာကို ဟောတော်မူသောအဆုံး၌ များစွာသောသူတို့သည် အကျွတ်တတန် သောတာပန်စသော အဖြစ်သို့ ရောက်ကုန်၏။

ဤတွင်ရွှေကား သုမနသာမဏေကျော်၏ ဂုဏ်ကျေးဇူး ဝတ္ထုအဋ္ဌုပ္ပတ္တိပြီး၏။

# နိဂုံး

ဤသို့ ရေတွက်ခဲ့ပြီးသော သာမဏေကျော် လေးပါးတို့၏ ဂုဏ်ကျေးဇူးအထူးကို အကျဉ်းဆိုသော်—

(၁) ဝနဝါသိက တိဿ သာမဏေသည် တရက်, နှစ်ရက်ခန့်မျှဖြင့် ပုဆိုးတထောင်,ဆွမ်းတထောင်ကို ရစေနိုင်၏၊ တကြိမ် အလှူခံ ဝင်ကာ ပင်လည်း ကမ္ဗလာတထောင် အလိုပြည့်၏၊ ဤသို့ပြန့်ပြော စွာသော လာဘသက္ကာရ ကိုစွန့်၍ သာဝတ္ထိပြည်မှ ယူဇနာ တရာ့နှစ်ဆယ် ကွာသော တောကျောင်း၌ နေလျက် ခုနစ်နှစ် ရှယ်ကပင် ရဟန္တာအဖြစ်သို့ရောက်၏၊ သဗ္ဗညု ဘုရားနှင့်တကွ အသီတိ မဟာသာဝက စသောလေးသောင်း ရှစ်ကိုပ်သော ရဟန္တာအပေါင်းလည်း ထိုတောကျောင်းသို့ကြွ၍ ဝနဝါသိက တိဿသာမဏေကို ရှုမျှော်ကြရ၏၊ ဤသည်လျှင် ဝနဝါသိက တိဿ သာမဏေ၏ ဂုဏ်ကျေးဇူး အထူးတည်း။

(၂) ပဏ္ဍိတ သာမဏေသည် ရေမြောင်းဥပမာ, မြှားသမားဥပမာ, တစည်းသမား ဥပမာတို့ကို အလိုအလျောက် ဆရာမသင်ဘဲ မိမိ ပညာ အမြင်ဖြင့် ကြံစည်ဆင်ခြင်၍ အရဟတ္တဖိုလ် တိုင်အောင် ကျင့်ဆောင်နိုင်၏၊ သဗ္ဗညုဘုရားနှင့်တကွ သိကြား, စတုလောကပါလာ, နေနတ်, လနတ် စသောနတ် အပေါင်းတို့လည်း စောင်မရ၏၊ ခုနစ်နှစ်ရွယ် ကပင်လည်း ရဟန္တာဖြစ်၏၊ ဤသည်လျှင် ပဏ္ဍိတ သာမဏေ၏ ဂုဏ်ကျေးဇူး အထူးတည်း။

(၃) သံကိစ္စ သာမဏေသည် သန္တေ မဟာမိကပင် အမိကို သင်္ဂြိုဟ်ရာ ထင်းပုံသို့ ပါလျက် မီးမျှမ လောင်မချစ်လေ၊ ခုနစ်နှစ် ရွယ်က ပင်လည်း ရဟန္တာဖြစ်၏၊ ကိုယ်,အသက်ကို စွန့်၍ ရဟန်း သုံးကျိပ် တို့အား သေဘေးမှ ကယ်ဆယ်မစ၍ ခိုးသူတို့ မခုတ်မဖြတ်နိုင်၊ ခိုးမှူးနှင့်တကွ ခိုးသူငါး ရာတို့ကိုဆုံးမ၍ရဟန္တာအဖြစ်တိုင်အောင်ဆောင် ၍ ရဟန်းငါးရာ အမြဲမပြတ် အခြံ အရံရှိ၏၊ ဤ သည်လျှင် သံကိစ္စသာမဏေ၏ ဂုဏ်ကျေးဇူး အထူးတည်း။

(၄) သုမနသာမဏေသည်ခုနစ်နှစ်ရွယ်ကသာ ရဟန္တာ ဖြစ်၍ အနဝတတ်အိုင်၌ ပန္နကနဂါး မင်းကိုနိုင်၏၊ နတ်, ဗြဟ္မာ အပေါင်းတွင် ကျော်စော ထင်ရှား ၏၊ ဥပဇ္ဈာယ်ဖြစ်သော အရှင်အနုရုဒ္ဓါတို့ အနဝ တတ်ရေကို ဆောင်စွမ်းနိုင်၏၊ မြတ်စွာ ဘုရားကို လည်း အနဝတတ် ရေဖြင့် ခြေတော် ဆေးစေ၏၊

ဥဂ်ကမ္ဘဝါ မတင်ဘဲပင် ပဋိသင်း ရဟန်း အဖြစ်ကို လည်းရ၏၊ ဤသည်လျှင် သုမန သာမဏေ၏ ဂုဏ်ကျေးဇူး အထူးတည်း။

ဤသို့သော ဂုဏ်ကျေးဇူး အထူးကိုစွဲ၍ ဤသာမဏေ လေးပါးတို့သည် လောကသုံးပါး၌ သာမဏေချင်းတို့တွင် အထူး သဖြင့် ထင်ရှားကျော်စော သောကြောင့် "သာမဏေကျော် လေးပါး" ဟူ၍ အစဉ်ဥဒါန်း ချီးမွမ်းပြောဆိုရာ ဖြစ်သတည်း။

ဤသို့ ဆိုခဲ့ပြီးသော စကားအစဉ်အားဖြင့် "အတုမဲ့သော ဘုန်း, လက်ရုံး, အာဏာ, ပညာ, လုံ့လ အစရှိသော ကြက် သရေ အပေါင်းနှင့် ပြည့်စုံသော၊ သဒ္ဓါ, သီလ, သုတ, စာဂ, ပညာဟူသော အလိုဆန္ဒ ပြီးစီးရာသည့် အင်္ဂါ ငါးပါးလည်း ရှိသော၊ ဥပေါ်ဆဒ္ဒန် အမွန်ဇာတိ အစစ်ဆင်ဖြူ ရတနာတို့ကို ရသည်နှင့် တပြိုင်နက် ကျွန်းငယ်ငါးရာ အရံအကာနှင့်တကွ ဇမ္ဗုဒိပါ တကျွန်းလုံးလက်သို့ ရောက်သည် မည်သော" ဟု ဇာတ်နိပါတ် ကျမ်းဂန်လာသည့်အတိုင်း—

အသမ္ဘိန္နခတ္တိယ အာဒိစ္စဝံသ မုဒ္ဓါဘိသေက ကေရာဇ်, ဒိပရာဇ်မင်းစစ်လည်း မြောက်သော မဟာအမရပုရ မြို့တည် နန်းတည် လက်နက် စကြာ သခင် ဆင်ဖြူများရှင် အသျှင် ဘဝရှင် မဟာဓမ္မရာဇ် တရားမင်းကြီးသည် မင်္ဂဖြင့်လာသော အရိယာတို့၏ သဒ္ဓါခြင်းကဲ့သို့ မတုန်မလှုပ် သက်ဝင်ယုံကြည် သော သဒ္ဓါခြင်းဖြင့် ဘုရား, အရိယာ, ရဟန္တာတို့ကို ဖူးတွေ့ လိုခြင်း အားကြီးရကား မျက်မှောက်ထင်ထင် မမြင်လိုက်ရ သော်လည်း မြင်ရသကဲ့သို့ ဖြစ်အောင် နှလုံးထားတော်မူ၍—

(၁) ပိုလ်အချိန်အသောင်းမက မာခက်လှသောသံစက်

သံတွေကို အရည်ကျိုသဖြင့် သွန်းလုပ်သော စန္ဒာ
မုနိ ဘုရားရုပ်ပွားတော်။

(၂) ရွှေအတိမွှမ်းမံထုလုပ်သော ရှစ်ဆယ်သော အသီ
တိ မဟာသာဝက ရုပ်ပွားတော်-

တို့ကို ကိုယ်တိုင် ကိုယ်ကြပ် မပြတ် ကိုးကွယ်တော်မူ၍၊ သာမဏေကျော် လေးပါးတို့ကို ရုပ်ပွါးဆင်းတု ထုလုပ်ကိုး ကွယ်တော် မူလိုသောကြောင့်လည်း ဂုဏ်ကျေးဇူး အထူးကို ဆွေးနွေး မေးမြန်းတော်မူ၏။

ဤသို့လျှင် ဘုရား,ပစ္စေကဗုဒ္ဓါ, အရိယာ သူတော်ကောင်း တို့၏ ဂုဏ်ကျေးဇူးအထူးကို ဆင်ခြင်ဆွေးနွေးလေ့ ရှိတော်မူ သော လက်နက်စကြာသခင် ဆင်ဖြူများရှင် အသျှင်ဘဝရှင် မဟာဓမ္မရာဇ် တရားမင်းကြီး၏ အမေးတော်ကို တိုင်တည်၍ သာမဏေကျော်လေးပါးတို့ ဂုဏ်ကျေးဇူးဝတ္ထု အဋ္ဌုပ္ပတ္တိများ ကို ဆိုရာဆိုကြောင်း ဖြစ်သော သဒ္ဓါ, ပညာ, သတိ, သမာဓိ ရှိသူတို့၏ မြတ်သောနားတန်းဆာ အရသာနှင့်တူသော ဤ သည့် "စတုသာမဏေရ ဝတ္ထု" ကို မဟာဓမ္မရာဇ် တရား မင်းကြီး၏ နန်းစံစည်းစိမ် ၂၅-နှစ်၊ ဒသာဝိမာသ်ပွားဆဲ သုဒ္ဓ ဒိန် ၅၉၁-ရက်၊ စန္ဒရမာသ ၂၀-အံသာ၊ နတ်တော်လပြည့် ကျော် ခုနစ်ရက်၊ ဓနုရာသီ၊ မူလနက္ခတ်သို့ ပြောင်းသနေ့ နံနက် ပဌမယံ ၈-နာရီ, ၂-ပါဒ်ရောက်သောအခါ ကျမ်းဂန် လာသောအတိုင်း ဉာဏာဘိဝံသ ဓမ္မသေနာပတိ မထေရ် ထုတ်နုတ်စီရင်ပေသတည်း။

ဤတွင်ရွှေ့ကား သာမဏေကျော်လေးပါး
ဝတ္ထု ပြီး၏။

# အက္ခရာစဉ်အညွှန်း


**အ**

အကျွတ်တရားဦးရသူ ၂-ဦး ၂၀
အချင်းချင်းထိထား
ရွှေ့အိုးများ ၈၁
အချစ်တရာ ပဒုမာ ၁၂၃
အခြံအရံသာရ စည်းစိမ်
မရသူ ၆၃
အစိန္တေယျ ၄-ပါး ၁၄၇
အထူးဆုံးရဟန္တာဖြစ်သူ ၅၆
အထူးဆုံးပရိနိဗ္ဗာန်ပြုသူ ၅၆
အဓိမုတ္တက သာမဏေ
အကြောင်း ၁၂၀
အန္ဓဘာရဆွမ်းလှူက နတ်က
ကောင်းချီးပေး ၁၂၇
အနုရုဒ္ဓါတန်းခိုးမရှိမုံ့တိုး ၁၃၃
အနုသန္ဓေစပ် ဂါထာမြတ် ၅၉
၉၇-၁၁၆-၁၅၆
အနုရုဒ္ဓါ၏ ခမည်းတော်
အတွက်ဆုံးဖြတ်ချက် ၁၃၁
အနည်းလှူ အများရသော
သာသနာ ၃၉
အမည်မှည့်မင်္ဂလာ ၃၃
အမေးလေးထွေ အဖြေ
လေးပါး ၉၂-၉၃
အမျှပေးကတထောင်ရ ၁၃၀
အမျှပေးရာဆီမီးဥပမာ ၁၂၈
အရှင်အာနန္ဒာအကြောင်း ၅၄
အလှူပေးသူအင်္ဂါ ၃-ပါး ၁၂၆

**အာ**

အားအင်ကြိုးကုတ်
လွှန်အားထုတ် ၆၀

**ဣ**

အိမ်, ကျောင်း မြင့်တက်
ဒါနတွက် ၇၇

**ဥ**

ဥပသမ္ပဒ ဘွဲ့ထူးရ
သာမဏေ ၂-ပါး ၁၅၅
ဥသျှောင်ထုံးမင်္ဂလာ ၃၃

**ဧ**

ဧတဒဂ်ရကြောင်း ၄-ပါး ၆
ဧတဒဂ်ရ ရဟန်းများ ၇
ဧတဒဂ်ရ ရဟန်းမိန်းမများ ၁၁
ဧတဒဂ်ရယောကျ်ားများ ၁၃
ဧတဒဂ်ရ မိန်းမများ ၁၆

**က**

ကတိကဝတ် ၃-ပါး ၁၀၅
ကမ္ဘူး ဘိဟန်
ထောင်းပြာပြန် ၆၀
ကိုယ်ဝန်မထမီအကြား
မင်္ဂလာ ၃၃
ကောင်းမှု ပွားရာ
ဘိုးခသာ ၇၃

ကျမ်းပြုဆရာ ဆုံးဖြတ်ပါ ၉၆
ကျောက်ကုန်းတော်
မညွတ်ဘဲဝင်ကုန်မြ ၇၇

ခ

ခုဋ္ဌုတ္တရာဟော
ဇာတိဝုတ်ကျမ်း ၁၇
ခိုးသူငါးရာ
ရှင်ပြုနည်း ၁၁၇
ချင်ခြင်းသုံးပါး ၈၃

ဂ

ဂန္ဓကုဋီတိုက်-ဦးခေါင်း
ဆိုက် ၇၅

င

ငါးကြွင်းလေးကောင်
မဟာဒုက်ဆောင် ၇၀
ငါးကြွင်းရသာ-
ဆောင်ခဲ့ပါ ၈၈
ငိုကြွေးသမှု-မဟာဒုက်ပြု ၇၄

စ

စကြာမင်း၏ရတနာ၇ -ပါး ၃
စစ်ထိုးရန်အတွက်
ပန်ကြားချက် ၁၄၆
စန္ဒာမုနိရုပ်ပွားတော် ၁၆၀
စည်းစိမ်သာရ—
အခြံအရံမရသူ ၆၃
စည်းစိမ် အခြံအရံ
နှစ်ပါးမရသူ ၆၄
စည်းစိမ်အခြံအရံ
နှစ်ပါးရသူ ၆၄

စားကြွင်းစားတွက်တာ
ဘေးကြိုလာ ၁၁၀
စိတ်ဖြစ်ပုံ ၅-မျိုး ၅၀

ဆ

ဆွမ်းပေး ရာဝတ် ၁၀၆
ဆွမ်းနှိုးဆော်သူ ၆၅

ဇ

ဇီဝကေသဓာတုစေတီ ၁၄

ဈ

ဈာန်တန်းခိုးပေ-
သန်လျှက်ခွေ ၁၁၃

တ

တကြိမ်မျှကြည်ညိုမှုအကျိုး ၂၅
တစည်းသမား-ဥပမာ ၈၈
တိဿသာမဏေဂုဏ်ထူး ၁၅၇
တိဿမယ်တော်
ချင်ခြင်း၃-ပါး ၃၀-၃၁

ထ

ထမင်းခွံ့မင်္ဂလာ ၃၃

ဒ

ဒါနအကျိုးတထောင်တိုး ၃၉
ဒါနတန်းခိုးမြေနိမ့်လျှိုး ၇၇
ဒါနပြုနည်း ၄-ပါး ၆၄
ဒိဗ္ဗစက္ခု-ပတ္တနာပြု ၁၂၃
ဒိဗ္ဗစက္ခုအခြေ—ဆိမ်ိးပေ ၁၂၄
ဒိဋ္ဌဓမ္မအင်္ဂါလေးပါး ၈၁

ဓ

ဓမ္မကထာနှင့်သရဘဥ်အထူး၄၆
ခုရ ၂—ပါး ၉၉

န
နားထွင်းမင်္ဂလာ ၃၃
နိဗ္ဗာန်ဆော်က—ထက်ဝက်ရဒ်၄
နိဗ္ဗာန်ဆော်အင်္ဂါ ၂-ပါး ၆၆
နေနတ်သား ၀၉

ပ
ပရိဒေဝေါနှင့်ပရိဒေဝသိ
ဆုံးဖြတ်ချက် ၁၁၄
ပဋ္ဌိမဘာဝိက သတ်မရ ၁၀၁
ပဋ္ဌပတိဋ္ဌိတရှိခိုးနည်း ၇၅
ပဏ္ဍိတသာမဏေဂုဏ်ထူး၁၅၀
ပဏ္ဍုကမ္ဗလာကျောက်နေရာ၇၁
ပဏ္ဍုကမ္ဗလာ ကြောင်း
နှစ်ဖြာ ၀၉
ပန္နကနဂါးနှင့် စစ်ထိုး
ခဏ်း ၁၄၀
ပန္နကနှင့်အနဝတတ်အိုင် ၁၄၂
ပုဆိုးဝတ်မင်္ဂလာ ၃၃

ဗ
ဗာရာဏသီပြည်
အလုံးလွှမ်း၍ဖုံး ၇၀
ဗုဒ္ဓစက္ခု ၂—ပါး ၇၁
ဗုဒ္ဓစက္ခုလောကရှု ၇၁
မြဟ္မာအသွင်ဖြင့်စစ်ထိုး
ခြင်း ၁၄၀

ဘ
ဘုရားရှင်ပြုတော်မူမြဲ၃-ပါး၇၁
ဘုရား၏ရတနာ ၇—ပါး ၃
ဘုန်းကံကြီးသူ ၉၅
ဘုန်းကံရှိအံ့ ရလတ္တံ့ ၇၅

မ
မကြောက်တရား ၁၁၄-၁၁၅
မသေဘူးသောအရပ် ၅၄
မဟာအဘိညာဉ်ရသူ၄-ဦး ၁၃
မဟာဒုက် ၆၅
မဟာဒုက်မှာအင်္ဂါသုံးဖြာ ၀၁
မဟာသာဝက ရှစ်ပွါး ၁၆၀
မရှိစကား မကြားရ ၁၂၆
မင်္ဂလာ ၅—ပါး၊ ၇—ပါး ၃၃
မင်းသားသုံးပါးဆွေး
နွေးခဏ်း ၁၃၆
မိုးသောက်ထကျင့်သုံးဖြာ ၇၁
မွေးနေ့မင်္ဂလာ ၃၃
မြတ်စွာဘုရားအကြိလေးပါး၉၁
မြားဥပမာ ကြံဖြစ်လာ ၀၇

ရ
ရတနာမိုးဆီးရွာသွန်းဖြိုး ၇၉
ရတနာမည်ကြောင်း၅—ပါး ၅
ရဟန်း၏ခက်ခဲမှု ၃—ပါး ၃၄
ရေမြောင်းဥပမာ ၀၆
ရှင်တိဿ၏အမည် ၄-မျိုး ၄၁
ရှင်တိဿ၏စကား
၂-ခွန်း ၄၂-၄၅-၄၆
ရှေးကရှင်ပြုနည်း ၃၄-၃၅
(ရှင့်တကာကျင့်ဝတ် ၂
ဥပဇ္ဈာယ်ကျင့်ဝတ်၃။)
ရှေးကလူ့ဘူး ဒါနထူး
ကြောင့်ချင်းခြင်းဖြစ် ၀၃

ရှေးဘဝမလှူ ခုမှုဆင်းရဲ ၆၇
ရှေးစဉ်လာ သုံးဆောင်ရာ ၉၁
ရွှင်လမ်းစေမှု နှစ်သက်ဆု ၆၉

လ

လနတ်သား ၈၉
လာဘသက္ကာရ ၂-မျိုး ၆၀
လူမှုရေးရာ ၁၃၇

ဝ

ဝဿဝါသိက
ဝါကျွတ်မှ ၁၄၀
ဝဋ္ဋမူလ မကင်းကြ ၁၂၅
ဝိဝေကသုံးပါး ၆၁
ဝိဍ္ဎုာဠှဝိတော ၁၃၉

သ

သရဏဂုံဦးတည်သူ ၂–ဦး ၁၄
သစ္စာစောင့်ကျိုး ၁၂၁
သင်္ဂဟတရား ၄-ပါး ၁၄
သာမဏေကျော် ၄–ပါး ၂၃
သာမဏေကျော်လေးပါး
ရုပ်ပွားဆင်းတု ၁၆၀
သီလရှိက မြတ်ပုံ ၁၁၉
သီလမရှိက မမြတ်ပုံ ၁၁၉
သုမနသာမဏေဘွဲ့ထူး ၁၅၄
သုမနသာမဏေဂုဏ်ထူး ၁၅၀
သုမနသာမဏေနှင့်
အနုရုဒ္ဓါ ၁၄၁
သီးခြားဆွမ်းခံဝင်
ကြောင်း ၃-ပါး ၈၅
သံကိစ္စအားနိမိတ်ကြားပုံ ၁၀၁
သံကုဏ္ဍုအမည့်ရှေ့ဦးတည် ၁၀၂
သံကိစ္စသာမဏေဂုဏ်ထူး ၁၅၀

ဟ

ဟသ်ာမင်းဟန်
ကောင်းကင်ပျံ ၁၅၄

သာသနာရေးဦးစီးဌာန
စာကြည့်တိုက်
ကမ္ဘာအေး၊ ရန်ကုန်

H. P. 29-8-62 3000

ဟံသာဝတီစာအုပ်တိုက်
၃၅၇-ဗိုလ်အောင်ကျော်လမ်း၊ရန်ကုန်မြို့။
တအုပ် ၁ ကျပ် ၅၀ ပြား